
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၇၀၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၇၀၀၁၁၂
မျက်နှာဖုံးဒီဇိုင်း - H.L
ထုတ်ဝေသူ - ဒေါ်လေးလေးမိ(တနင်္သာရီစာပေ) အမှတ်-(၅၃)၊ ဖို့မြေလမ်း၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - သီရိမေ
ကွန်ပျူတာစာစီ - (Asia Glory)
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ • ၈၃
ဟော့လိုင်း
ငပွေး/ ဟော့လိုင်း-ရန်ကုန်
တနင်္သာရီ စာပေ၊ ၂၀၁၂၊ ဇူလိုင်လ
၁၆၇ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ
(၁) ငပွေး


www.burmeseclassic.com

www.burmeseclassic.com

# (၁)

BURMESE CLASSIC

ဆရာမဒေါ်ခင်မျိုးဝေ ကျောင်းသားများ၏စာစီစာကုံးစာအုပ်ကို တစ်ယောက်ချင်း စစ်ပေးနေသည်။

မနေ့က မိမိနှစ်သက်ရာ တိရစ္ဆာန်အကြောင်းကို စာစီစာကုံးရေး ပါဟု အိမ်စာ ပေးလိုက်၍ ချစ်တပည့်များက လာထပ်ထားခြင်း ဖြစ် သည်။ အဲဒီစာအုပ်များကို ညဘက် အိမ်မှာ တစ်ယောက်တည်း လက် ဘက်သုပ်စားရင်း စစ်ပေးနေသည်။

ပထမဦးဆုံး စစ်လိုက်သည့်စာအုပ်မှာ အတန်းထဲတွင် စာအံတော် ဆုံးကျောင်းသားလေး နေမင်းကိုကို၏စာအုပ် ဖြစ်သည်။ သူရေးထားသည့် အကြောင်းမှာ ပုရွက်ဆိတ်အကြောင်း ဖြစ်သည်။

မဆိုးလှ။

အရေးအသားလေး ကောင်းပြီး အဓိပ္ပာယ်လည်းရှိသည်။ ပုရွက် ဆိတ်လေးများသည် အကောင်သေးပြီး အားနည်းသော်လည်း ဝီရိယရှိ ခြင်း အစာရှာတတ်ပုံ၊ စည်းလုံးညီညွတ်ပုံ၊ မည်သည့်နေရာတွင် ဖြစ်စေ

www.burmeseclassic.com



သကြားခဲ တစ်ခဲ ချထားပါက ထောက်လှမ်းရေးကောင်းမွန်စွာဖြင့် မိနစ်ပိုင်းအတွင်း အရောက်လာနိုင်ပုံ၊ လူသားတွေအတွက်လည်း ခြင်ကဲ့သို့ဒုက္ခမပေးပုံ၊ ရောဂါအန္တရာယ်မဖြစ်စေနိုင်ပုံတို့ကို ထိထိမိမိရေးဖွဲ့ထားသည်။

နိဂုံးချုပ်မှာဆိုလျှင် သူသာ တစ်နေ့အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်လာပါက မိမိ၏ချစ်ဇနီးကို ပုရွက်ဆိတ်ကဲ့သို့ ခွဲလုံ့လဝီရိယ မလျှော့ဘဲ ရှာဖွေကျွေးမွေးကာ ပြည့်စုံအောင်ထားမည်ဟု အဆုံးသတ်ထားပုံမှာ ဒေါ်ခင်မျိုးဝေ ရင်ထဲ ငြိသည်။

နေမင်းကိုကို၏ စာစီစာကုံးကို သဘောကျပြီး အမှတ်ပြည့်ပေးလိုက်သည်။

ထို့နောက် ဒုတိယစာအုပ်ကို ဆက်လှန်လိုက်သည်။ အဲဒီစာအုပ်က အတန်းထဲမှာ စာအညံ့ဆုံး သူ့နောက်မှာ အုတ်နံရံပဲရှိတော့သည့်ကျောင်းသားလေး ကိုဦး၏ စာအုပ်ဖြစ်သည်။

သူရေးထားသည့်အကြောင်းမှာ ဆင်အကြောင်းဖြစ်သည်။ ဆင်အကြောင်း ဖတ်ပြီးသကာလ ဒေါ်ခင်မျိုးဝေ ကိုဦးကို အနားမှာသာရှိလျှင် ပါးတွေ နားတွေ ရိုက်ချင်စိတ်ပေါက်လာသည်။

အဘယ်ကြောင့်ဆိုသော် သူရေးထားသည့် စာစီစာကုံးမှာ ဤသို့ဖြစ်သည်။

**ဆင်အကြောင်း**

*ဆင်သည် တိရစ္ဆာန်များ ထဲတွင် ခန္ဓာကိုယ်အကြီး ဆုံးဖြစ်သည်။ နား ရွက်လည်း ကြီးပြီး နှာမောင်းလည်း ရှည်သည်။ ကြံကို စား သည်။ မယုံလျှင် တိရစ္ဆာန်ရုံသို့သွား ပြီး ကြည့်နိုင်သည်။*

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com

ပွေး - ၇

သူ့အတန်းထဲမှာ အဲဒီလောက်ညံ့တဲ့ စာစီစာကုံးလည်း ရှိသေးတာကိုး။ ဒါပေမယ့် အမှန်တွေ ရေးထားတာဆိုတော့လည်း အားနာပါးနာနှင့် ၁၀မှတ်တန် စာစီစာကုံးကို ၁မှတ်တော့ ပေးလိုက်ပါသည်။

တတိယမြောက် စာစီစာကုံးကိုဖတ်လိုက်သောအခါ ဒေါ်ခင်မျိုး ဝေ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

BURMESE CLASSIC

## ဖားအကြောင်း

ဖား ဆိုသည်မှာ ခေါင်းနှင့်ကိုယ် တစ်ဆက်တည်း ရှိပြီး လည်ပင်း မပါသော သတ္တဝါ ဖြစ်သည်။ လည်ပင်း မပါရခြင်း အကြောင်းမှာ ဆွဲကြိုးဆွဲရန် ငွေကြေး မတတ်နိုင်၍ မျက်လှည့် ဆရာက ဖျောက်ပေးထားခြင်း ဖြစ်သည်။ လမ်းလျှောက်၍ မသွားဘဲ ခုန်ဆွခုန်ဆွသွားခြင်းမှာ အရင်ဘဝက တရုတ်သရဲ ဝင်စား၍ ဖြစ်သည်။ ဖားအကြောင်းကို အတိအကျသိလိုပါက အင်တာနက်မှ တစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်သည်။ သူတို့ သည် မာနကြီးတတ်၊ ဘဝင်မမြင့်တတ်၊ လော်ရှောတတ်သော အမျိုး ဖြစ်သည်။ ဖား၏ ကိုယ်ရေးရာဇဝင်အချက်အလက် များကို သူတို့၏ သူငယ်ချင်းမြွေများထံတွင် မေးမြန်းနိုင်သည်။ ထိပ်စာမှာ ချောင်ကြိုချောင်ကြား ဖြစ်သည်။

ဆရာမသိထပ်တဲ့ စာစီစာကုံးကို ပြောင်သလိုနောက်သလို ရေး ထား၍ ဒေါ်ခင်မျိုးဝေ အတော် ဒေါသထွက်သွားသည်။ နာမည်ကို လှမ်း ကြည့်လိုက်တော့ နောက်ဆုံးတန်းမှာ ကိုဦးနဲ့အတူတွဲထိုင်တဲ့ ကျော်ကျော် အောင်။

ဆောင်းညပြာသို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးဝေ စိတ်ထဲမှာ တေးထားလိုက်သည်။

'မနက်ဖြန်မှ တွေ့မယ်'

စာစီစာကုံးတွေ အားလုံးဖတ်ပြီးသောအခါ အားလုံး သူ့ဟာနှင့်သူ အဆင်ပြေသဖြင့် ထိုက်သင့်သောအမှတ်တွေ ပေးပြီး အိပ်ရာဝင်ရန် ဟန် ပြင်လိုက်သည်။

အိပ်ရာထဲရောက်တော့ ကျော်ကျော်အောင်၏ စာစီစာကုံးကသာ ခေါင်းထဲရောက်နေ၍ မကျေမနပ်ဖြစ်နေသည်။ ဆရာမကို့ မလေးမစား လုပ်တဲ့ကောင် မနက်ကျမှ ထားဝယ်ကြိမ်နဲ့ မိတ်ဆက်ပေးဦးမယ်။

သူ့အကြောင်းတွေ စဉ်းစားနေတာနဲ့တင် ည ၁၂နာရီထိုးမှ အိပ် ပျော်ခဲ့သည်။ လက်ဖက်စားလို့ မျက်စိကြောင်နေတာလည်း ပါတာပေါ့။

ထို့ကြောင့် မနက်ကျောင်းကိုရောက်တော့ အနည်းငယ်နောက်ကျ နေပြီ။

❒



www.burmeseclassic.com

www.burmeseclassic.com

## (၂)

'ဖြန်း'

စားပွဲကို ကြိမ်လုံးနှင့်ရိုက်လိုက်သည့်အသံကြောင့် ကျောင်းသူ ကျောင်းသားတွေအားလုံး ငြိမ်ကျသွားသည်။

ထို့နောက် အောင်မြင်ခန့်ညားသောအသံဖြင့်....

'ကျော်ကျော်အောင်က လွဲပြီး အားလုံး ကိုယ့်စာစီစာကုံးစာအုပ် တွေ လာယူလို့ ရပြီ'

ဆရာမစကား အဆုံးမှာ တစ်ယောက်ပြီး တစ်ယောက် စာအုပ် တွေလာယူပြီး ကိုယ်ရတဲ့အမှတ် ကိုယ်ကြည့်၍ ဝေဖန်နေချိန် ကျော်ကျော် အောင်ကတော့ ဘာကြောင့်များ သူ့စာအုပ်ကို ချန်ထားလဲ ဆိုတာ တွေးပြီး ခေါင်ငိုဖြစ်နေသည်။

သူ့ဘေးနားမှ ကိုဦးက သူထင်တာကို ပြောသည်။

'ကေနွဲ့..မင်းစာစီစာကုံးက တော်တော်ကောင်းလွန်းလို့ ဆရာမ ကြိုက်ပြီး ချန်ထားတာနဲ့တူတယ်။ ငါ့စာစီစာကုံးကတော့ တစ်မှတ်ပဲ ရ တယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်အောင်က ကိုဦးစကားကြောင့် ပြုံးသွားသည်။

ဒေါ်ခင်မျိုးဝေက ကျော်ကျော်အောင်ကိုတည့်တည့်ကြည့်ပြီး ခေါ်သည်။

'ကျော်ကျော်အောင်..ဒီကို လာခဲ့စမ်း'

ဘေးနားမှ ကိုဦးက လက်တို့လိုက်သည်။

'မင်းကို..ဆရာမခေါ်နေပြီ ဆုချတော့မယ် ထင်တယ်'

'အေး..ဖြစ်နိုင်တယ်'

ကျော်ကျော်အောင်က တက်ကြွသော ခြေလှမ်းများဖြင့် ဆရာမရှိရာစားပွဲဆီ အရောက်လှမ်းခဲ့သည်။

ရောက်ရောက်ချင်း ဆရာမက ဘာမပြော ညာမပြော တင်ပါးကို ကြိမ်နှင့်ဖြင်းတော့သည်။

'ရွမ်း...ရွမ်း...ရွမ်း'

ရုတ်တရက်ကြီး အဆော်ခံလိုက်ရသောအခါ ကျော်ကျော်အောင် နားမလည်နိုင်သော မျက်ဝန်းများနှင့် ဆရာမကို ကြည့်သည်။

'ဆရာမ..ကျွန်..ကျွန်တော် ဘာလုပ်လို့လဲဟင်'

ဒေါ်ခင်မျိုးဝေက

'အေး..ကိုယ့်အပြစ် ကိုယ်မသိတဲ့ကောင် နင်ရေးတဲ့စာစီစာကုံးကို တစ်ခန်းလုံးကြားအောင် ငါဖတ်ပြမယ်'

ဟု ဆိုကာ ကျော်ကျော်အောင်၏စာစီစာကုံးကို ပြန်လည်ဖောက်သည်ချလိုက်တော့သည်။ အတန်းထဲရှိ ကျောင်းသားတွေ ယောက်ျားလေးတွေရော မိန်းကလေးပါမကျန် အကုန်ဝိုင်းရယ်ကြသည်။

ထိုအခါ ကျော်ကျော်အောင်က ကပျာကယာလက်ကာပြပြီး..



www.burmeseclassic.com

www.burmeseclassic.com



'မ··မဟုတ်ဘူး ဆရာမ အဲဒီစာစီစာကုံးက ကျွန်တော်ရေးတာ မဟုတ်ဘူး'

'ဟဲ့··နင့်စာအုပ်မှာ နင် မရေးလို့ ဘယ်အကောင်က လက်ဆော့ပြီး ရေးသွားတာလဲဟင်'

'ဟို··ဟို'

'ဟဲ့···ပြောလေ'

ကျော်ကျော်အောင်က အ,ထစ် အ,ထစ်လုပ်နေ၍ ဒေါ်ခင်မျိုးဝေ အော်လိုက်သည်။

'ဟို··ငမြွေထိုးပါ ဆရာမ'

'ဟဲ့··နင် ငါ့ကို မျက်ခွက်လာပြောင်နေတာလား··ဘာငမြွေထိုးလဲ'

'ငမြွေထိုးဆိုတာ နေမင်းကိုကိုကို ပြောတာပါ ဆရာမ··သူက မြွေတတ်လွန်းလို့ ငမြွေထိုးလို့ နာမည်ပေးထားတာ'

'ဟင်'

ထိုအခါ ဒေါ်ခင်မျိုးဝေ နေမင်းကိုကိုကို လှမ်းကြည့်သည်။ ရှေ့ဆုံးတန်းမှ နေမင်းကိုကိုက မခုတ်တတ်တဲ့ကြောင်လို။

'ငမြွေထိုး··ထစမ်း··အဲလေ၊ နေမင်းကိုကို ထစမ်း··'

နေမင်းကိုကို ဆရာမစကားကြောင့် မျက်နှာငယ်လေးနှင့် မတ်တတ် ထရပ်လိုက်သည်။

'သူပြောတာ အမှန်ပဲလား'

'ဟုတ်ပါတယ်··တီချယ်၊ သူက စာစီစာကုံးမရေးတတ်ဘူး ဆိုပြီး ရေးခိုင်းလို့ ကျွန်တော်ရေးပေးလိုက်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာမရဲ့ဒေါသတွေက မြွေထိုးဘက် အလုံးလိုက် လှည့်သွားသည်။

‘ဘာ…ဒါဆို နင်က ငါ့ကို ပြောင်ချော်ချော်လုပ်တာပေါ့ ကျောင်းအုပ်ဆရာကြီးရုံးခန်းရောက်ချင်ပြီ ထင်တယ်’

ထိုအခါ မြွေထိုးက အေးအေးဆေးဆေးပင် ရှင်းပြလိုက်သည်။

‘မဟုတ်ပါဘူး တီချယ်ရယ်၊ ကျွန်တော် ပြောင်ချော်ချော် မလုပ်ရဲပါဘူး..ဆရာဆိုတာ အနန္တောအနန္တငါးပါးထဲမှာ တစ်ပါး ပါပါတယ်။ အဲဒါကြောင့် ကိုယ့်ရဲ့ကျေးဇူးရှင်ဆိုတာ..တရားတွေနာထားလို့ ကျွန်တော် သဘောပေါက်ပါတယ်။ တကယ်တော့ ကျေးဇူး သိမှ..ကျေးဇူးရှိတာပါ။ ကျွန်တော် ဆရာ ဆရာမတွေရဲ့ကျေးဇူးကိုသိတဲ့အတွက် ဘယ်တုန်းကမှ ပြောင်ချော်ချော်လုပ်ဖို့ စိတ်ကူးမရှိခဲ့ပါဘူး’

‘အမယ်လေးဟဲ့..စကားလုံးတွေက ကြီးလိုက်တာ၊ ဒါဆို ဘာလို့ ဖားအကြောင်းကို မဟုတ်တမ်းတရားတွေ ရေးပေးလိုက်တာလဲ။ ကိုယ့်သူငယ်ချင်းကို ချောက်ချတာလား’

‘အဲဒီလိုလည်း မဟုတ်ပါဘူး တီချယ်…ကျွန်တော့်မှာ အဲဒီလို ကောက်ကျစ်တဲ့စိတ် မရှိပါဘူး’

‘ဒါဆို..ဘာလို့ ပေါက်ကရတွေ ရေးတာလဲ’

‘ဒါက ဒီလိုပါ၊ ကျော်ကျော်အောင်က ကိုယ့်အား ကိုယ်မကိုးဘဲ သူတစ်ပါးကို အားကိုးလို့ ကျွန်တော် ပညာပြလိုက်တာပါ။ ဘုရားရှင်က အတ္တာဟိ အတ္တနော နာထောလို့ ဟောထားတယ် မဟုတ်လား။ လောကမှာ မိမိကိုယ်သာ အားကိုးရာ တဲ့…ကျော်ကျော်အောင်မှာ အချောင်သမား စိတ်ဓာတ် ဝင်သွားမှာစိုးလို့ သူများ အားကိုးရင် ဒီလိုဖြစ်တတ်ပါလားလို့



www.burmeseclassic.com

www.burmeseclassic.com



င်သွားအောင် ကျွန်တော် ဆုံးမလိုက်တာပါ။ စာမေးပွဲဖြေရင် သူ့ ဘယ်သူက စာစီစာကုံးလာရေးပေးမှာလဲ'

ငွေမြထိုး၏ကြီးကျယ်ခမ်းနားလှသောစကားတွေကြောင့် ဒေါ် လေတိုက်ပြီး မလဲအောင် မနည်းထိန်းထားရသည်။

'ကဲ…ကဲ…ဒါဆိုရင် သား ပြန်ထိုင်တော့…သားမှာ ဒ လူတစ်ယောက်ကို လမ်းမှန်ပြပေးနိုင်တဲ့အတွက် လေးစားဂ င်းတယ်'

ဒေါ်ခင်မျိုးဝေ၏ချီးကျူးစကားကြောင့် နေမင်းကို င်လိုက်သည်။

အလျှောက်ကောင်းတော့ အထောင်းသက်သာ

ဒေါ်ခင်မျိုးဝေက တစ်ခန်းလုံးကို ဆုံးမသြဝါ

'သားတို့··သမီးတို့··အားလုံး နေမင်းကိုကိုကို အ ာ လူသာ ငယ်ပေမယ့် အသိပညာရှိတဲ့ ကလေး…ဒ ည်း သူ့လိုအသိပညာတိုးလာအောင် တရားတွေ များများနာ တ်တွန်းပါတယ်'

ထို့နောက် ကျော်ကျော်အောင်ကိုလည်း သူ့စာစီစာကုံး ပေးလိုက်သည်။

'ရော့··သားလည်း နောက်ဆို အချောင်သမားစိတ်ဓာတ်ဖျေ း နေမင်းကိုကိုလို အဘက်ဘက်က တော်အောင် ကြိုးစားရမယ်နော် ျားရေးပေးလို့ရတဲ့အမှတ်ဟာ အမှတ်ပြည့်လည်း ဂုဏ်ယူစရာမရှိဘူး ာန်းထဲမှာ တစ်မှတ်ပဲရတဲ့ ကိုဦးတောင် သူရတဲ့တစ်မှတ်ဟာ ကိုယ်ပိုင် ည်အချင်းဖြစ်လို့ တန်ဖိုးရှိတယ် ကြားလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဆရာမ၊ နောက်ဆို ငမြွေထိုးနဲ့မပတ်သက်မိအောင် သညှိုးစားပါ့မယ်..အဲလေ..ငမြွေထိုးလိုဖြစ်အောင် ကြိုးစားပါ့မယ်'

ကျော်ကျော်အောင်က ဆရာမ ရှေ့မှ ခေါင်းငုံ့ပြီး ပြန်ထွက်သွား အုပ်ဆရာ.

ယုစိတ်ထဲမှာတော့ နေမင်းကိုကိုကို သိပ်မကျေနပ်။

'မဟူ့အကြောင်း မသိသေးလို့ ဆရာမက ရမ်းပြီး ချီးကျူးနေခြင်း ရဲပါဘူး..ဆရာ.

အဲဒါကြောင့် ကိုယ့်သိလျှင် ငမြွေထိုးလို့ ဘာကြောင့်နာမည်တွင်နေတာလဲဆို သဘောပေါက်ပါတက်ပြီး ဆလံသမှာ မြင်ယောင်သေး။

ကျွန်တော် ဆရာ ဆလေ။ ဒီအချိန်က ဆယ်တန်းကျောင်းသားဘဝရဲ့နှစ်စဝဲ ပြောင်ချော်ချော်လုပ်ဖို့

❐



www.burmeseclassic.com

www.burmeseclassic.com



'ကဲ..ကဲ..အဲဒါထား။ ဘာလို့ သူများ စိတ်အနှောင့်အယှက်ဖြစ်အောင် ပုံဆိုးပန်းဆိုးပုံဆွဲပေးရတာလဲ လှလှလေး ဆွဲပေးလိုက်ပါလား'

နေမင်းကိုကိုက မျက်နှာကိုမဲ့၍ ဖြေသည်။

'တီချယ်ရယ်..ကျွန်တော်လည်း အနီးစပ်ဆုံး ဆွဲလိုက်တာပါ။ မကြိုက်ရင်လည်း ဖျက်လိုက်ပေါ့။ အခုတော့..သူက ကြိုက်လို့ ဆရာမလာတဲ့အထိစောင့်ပြီး ထားထားတယ်။ အဲဒါကြောင့်..တစ်ခန်းလုံး သိကုန်ပြီလေ'

'သမီးကရော..ဘာလို့ မဖျက်တာလဲ'

ဒေါ်ခင်မျိုးဝေက ဇာခြည်လင်းကို ကြည့်၍မေးသည်။

'အင်တာနက်ပေါ်တင်ချင်လို့ ဖြစ်မှာပေါ့'

နေမင်းကိုကိုက ကြားဖြတ်ပြောလိုက်ရာ ဇာခြည်လင်း နှုတ်ခမ်းထော်၍ ရန်တွေ့သည်။

'အင်တာနက်ပေါ်တင်ရအောင် ငါက မော်ဒယ်မှ မဟုတ်တာ..ဟဲ့အကောင်ရဲ့'

ထိုနောက် ဆရာမ၏အမေးကို ယဉ်ကျေးစွာဖြေသည်။

'ဆရာမကို ပြချင်လို့ မဖျက်တာပါ ဆရာမ..အဲဒါမှ သက်သေနဲ့တကွ တိုင်လို့ရမှာ'

ဒေါ်ခင်မျိုးဝေ အဲဒီကိစ္စကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲ စဉ်းစားနေစဉ် ရုတ်တရက် သူမဟန်းန်ဖုန်းမှ အသံပြဲကြီးဖြင့် ထအော်သည်။

'ကယ်တော်မူကြပါဗျို့..ဒီမှာ ကျွန်မငါးလေး ရေနစ်နေလို့'

ဟန်းန်ဖုန်းထဲမှာထည့်ထားသည့် အသံက အမိုက်စားမို့ ကျောင်းသားတွေ တခွီခွီရယ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးဝေက လက်ရှိပြဿနာကိုခဏထားပြီး ဖုန်းကိုင်လိုက်သည်။

'ဟဲလို..ဩော်..ဆရာကြီးလား။ ဒီနေ့ ငါးသေတယ် ဆရာရဲ့..အင်း..ဟုတ်တယ် ကျွန်မကိုယ်တိုင် အလေးနဲ့ထုသတ်ထားတာ...ဩော် ဆောင့်ငါးရာဖိုးလား ရမယ်..ရမယ်..ညနေကျရင် အိမ်မှာ လာယူလိုက်နော်'

ဒေါ်ခင်မျိုးဝေ ဖုန်းကိုပိတ်ပြီး အိတ်ထဲ ထည့်လိုက်သည်။

ထို့နောက် ပန်းချီကားပြဿနာကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းလိုက်တော့သည်။

'နေမင်းကိုကို..နောက်တစ်ခါ မိန်းကလေးတွေနဲ့ ထုပ်ဆီးမတိုးနဲ့။ ဓာခြည်လင်းလည်း နောက်တစ်ခါ မြောင်းထဲ ပြုတ်မကျစေနဲ့'

'အမ်'

❒



www.burmeseclassic.com

www.burmeseclassic.com

# (၄)

ပိုက်ဘုတ်ပေါ်မှ ပန်းချီကားကြောင့် နေမင်းကိုကို အခန်းထဲမှာ နာမည်ကြီးသွားသည်။

တစ်ယောက်ပြီး တစ်ယောက် သူ့ကို ရုပ်ပြောင်လာဆွဲခိုင်းကြသည်။

နေမင်းကိုကိုကလည်း အဲဒီလို လက်ဆော့ရမယ်ဆိုတော့ ရက်ရက်ရောရောပင် ဆွဲပေးသည်။

တစ်ယောက်လာ ဆွဲပေးလိုက်··သူဆွဲပေးသော ပုံကို ကြည့်ပြီး သဘောတွေကျလိုက်··ရယ်လိုက်ဖြင့် အလုပ်ဖြစ်နေသည်။

လူသတင်း ,လူချင်းဆောင်ဆိုသလို အဲဒီသတင်းက ကျောင်းအုပ်ဆရာကြီးနားထဲသို့ပေါက်ကာ သူကိုယ်တိုင်ပင် ငမြွေထိုးကို လာရောက်တွေ့ဆုံသည်။

'ဒီအခန်းထဲမှာ နေမင်းကိုကို ဆိုတာ··ဘယ်သူလဲ'

ကျောင်းအုပ်ဆရာကြီးက ဘာမပြောညာမပြော အတန်းထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



သာပြီး မေးချလိုက်သဖြင့် အားလုံးငြိမ်ကျသွားသလို သူကိုယ်တိုင်လည်း ရင်ထိတ်သွားသည်။

ဘာအပြစ်များ လုပ်ထားမိလို့လဲပေါ့။

ထို့ကြောင့် မရဲတရဲပင် ထ၍ဖြေသည်။

'ကျွန်တော်ပါ ဆရာကြီး'

ရုတ်တရက် သူ့ရှေ့မှာ ဘွားကနဲ ပေါ်လာသော ငွေထိုးကြောင့် ဆရာကြီး လန့်ပြီး နောက်ကိုဆုတ်လိုက်သည်။

သူက ငွေထိုးရှေ့တည့်တည့်မှာ ခုံပေါ်ကို လက်ထောက်ပြီး အနောက်ကိုသာကြည့်၍ လှမ်းအော်နေတာကိုး။

'လန့်သွားတာပဲကွာ ငါက အနောက်ကို မဲနေတာ၊ လက်စသတ်တော့ ငါ့ရှေ့တည့်တည့်မှာ ထိုင်နေတာကိုး'

'ဟုတ်ကဲ့'

ဆရာကြီးက လက်ပိုက်ထားသော နေမင်းကိုကိုကိုကြည့်၍ လာရင်းကိစ္စကို နုတ်သံမနှောဘဲ ပြောပြလိုက်သည်။ .

'ဒီလိုကွ သားရ‥ဆရာတို့ကျောင်းမှာ ပန်းချီပြိုင်ပွဲ ရှိတယ်… အဲဒါ‥ဒေါ်ခင်မျိုးဝေက သူတို့ Aခန်းမှာ နေမင်းကိုကို ဆိုတဲ့ကောင်လေး က ပန်းချီဆွဲတတ်တယ်ဆိုလို့‥အဲဒါ‥သားကို ပြိုင်မလားလို့ ဆရာ လာ မေးတာ'

ထိုအခါမှ နေမင်းကိုကို သက်ပြင်းချနိုင်သည်။

ဖင်ပေါ်ရင် စင်တော်က ကောက်တယ်ဆိုတာ…

အဲလေ‥ထင်ပေါ်ရင် စင်တော်က ကောက်တယ်ဆိုတာ‥ဒါပဲ နေမှာ။



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါ့မလား ဆရာ..ကျွန်တော်က ပြောင်ချော်ချော်ပုံတွေပဲ ဆွဲတတ်တာ'

'အေး..ဆရာလဲ ပြောင်ချော်ချော်ပုံပဲ လိုချင်တာ'

'ရှင်...အဲ...ဗျာ'

အဲဒီစကားကြောင့် တစ်ခန်းလုံး ဝိုင်းကြည့်လိုက်ပြီး ဆရာကြီး ပြောင်ချော်ချော်ကြိုက်တာ ဖြစ်နိုင်သည်ဟု မှတ်ချက်ချလိုက်သည်။

ဆရာကြီးခေါင်းမှာ ဆံပင်မှ မရှိဘဲကိုး။

'ဟုတ်တယ်လေ သားရဲ့...ဒီလိုလေကွာ...အခုပြိုင်ပွဲဝင်ရမယ့် ပန်းချီပြိုင်ပွဲက မြန်မာအမျိုးသမီးများနေ့အတွက် ကျင်းပမှာ...။ ဒီတော့ သားက မြန်မာမဆန်တဲ့ မိန်းကလေးတွေကို ပြောင်ချော်ချော် လုပ်ထားတဲ့ ကာတွန်းရုပ်ပြောင်လေးဆွဲပေးရမယ်...ဒီခေတ်ကြီးမှာ မိန်းကလေးတွေက အလန်းစားဒီဇိုင်းတွေ သုံးပြီး...ဘယ်လောက်ပဲ ယောကျ်ားတွေကို မြူဆွယ်ပါစေ..လောကကြီးမှာ သိက္ခာသမာဓိရှိတဲ့ ယောကျ်ားတွေ ရှိတဲ့အကြောင်း...ဥပမာ..ဆရာ့လိုပေါ့'

ကျောင်းအုပ်ကြီးက သူ့ကိုယ်သူ အမွှန်းတင်လိုက်သေးသည်။

'အဲဒီလိုယောကျ်ားမျိုးကိုတော့ သူ့ရဲ့အနောက်တိုင်းယဉ်ကျေးမှုတွေနဲ့ ဘယ်လောက်ပဲ မြူဆွယ်ပါစေ မရတဲ့အကြောင်းကို စာ သို့မဟုတ် ကဗျာလေး ရေးပြီးတော့ ပို့ရမယ်..ခေါင်းစဉ်ကိုတော့ "လူတိုင်းတော့ မရပါ"လို့ ပေးထားတယ်'

'လူတိုင်းတော့ မရပါ'

နေမင်းကိုကိုက ရေရွတ်လိုက်သည်။

'ဟုတ်တယ် သား..ဘယ်လိုလူမျိုးကို သရုပ်ပျက်ယဉ်ကျေးမှုနဲ့


www.burmeseclassic.com

www.burmeseclassic.com



မြူဆွယ်လို့မရဘူးလဲဆိုတာ သားစိတ်ကူး သားအိုင်ဒီယာနဲ့ဆွဲပြီး ရေးပေတော့။ ခေါင်းစဉ်နဲ့လည်း လိုက်ရမယ်နော်၊ ဘယ်လိုလဲ··သားပြိုင်မယ်မဟုတ်လား'

'ဟို··ကဗျာတွေ စာတွေ ဘာတွေပါ ရေးရဦးမယ်ဆိုတော့ နည်းနည်းများ ခက်နေမလား မသိဘူး'

နေမင်းကိုကို၏စကားကြောင့် ဆရာကြီးက ခေါင်းကို ခါယမ်းလိုက်သည်။

'မခက်ပါဘူးကွာ သားက အရေးအသား ကောင်းပါတယ်။ ဟိုဘလောကဆို သားရေးလိုက်တဲ့ ဖားအကြောင်းစာစီစာကုံးကို ဆရာမဒေါ်ခင်မျိုးဝေပြန်ပြောပြတော့ ဆရာရယ်လိုက်တာ သွေးတောင်ထွက်တယ်'

'ဟင်··သေးတောင်ထွက်တယ် မဟုတ်ဘူးလား'

နေမင်းကိုကို၏အမေးကြောင့် ဆရာကြီးမျက်နှာရှုံ့မဲ့သွားသည်။

'ငါက ဘာကိစ္စနဲ့ သေးထွက်ရမှာလဲကွ၊ ရုံးခန်းထဲမှာ ခဲတံချွန်နေရင်း ရယ်စရာပြောလိုက်တော့ လက်ကို ဓားထိပြီး သွေးထွက်သွားတယ် ပြောတာ'

'ဪ··အဲဒီလိုလား'

'အေး··အဲဒီလို။ ဘယ်လိုလဲ··သား ပြိုင်မယ်မဟုတ်လား'

ကျောင်းအုပ်ဆရာကြီးကိုယ်တိုင် လာပင့်တာဆိုတော့လည်း နေမင်းကိုကို အားနာပါးနာဖြင့် လက်ခံလိုက်သည်။

'ဟုတ်··ဟုတ်ကဲ့ပါ··ဆရာကြီး ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားပြီး ပြိုင်ပါ့မယ်'

●



www.burmeseclassic.com

www.burmeseclassic.com

နေမင်းကိုကို ဦးနှောက်စားနေပြီ။ ဒါကြောင့်မို့ လူတွေက စားချင်တာစား‥ဦးနှောက်တော့ မစားနဲ့ဟု ပြောတာ ဖြစ်မည်ထင်သည်။

ခေတ်ပေါ်အဝတ်အစားတွေနဲ့ လျှပ်ပေါ်လော်လီသောမိန်းမပုံဆွဲရတာ သူ့အတွက် ပြဿနာမရှိ။ သို့သော် အဲဒီလိုမိန်းမမျိုးတွေရဲ့အလှအပကို ဂရုမစိုက်ဘဲ နေနိုင်သူနေရာမှာ ဘယ်သူ့ကိုထည့်ရမလဲ···

ခေါင်းစဉ်က 'လူတိုင်းတော့ မရပါ' ဆိုတော့ အဲဒီ မရတဲ့သူက ဘယ်လိုလူစားဖြစ်မလဲ။

တစ်ညလုံးစဉ်းစားသည်။ သူ့အဖေနှင့်တိုင်ပင်သောအခါ အဖေကိုယ်တိုင်က အဲဒီလိုမိန်းမမျိုးကသာ မြှူဆွယ်လာလျှင် ဖွတ်တိုးဝင်မည့်ပုံမို့ အမှန်တရားတစ်ခုကို ခေါင်းခြောက်ခံစဉ်းစားနေရသည်။

သီလ သမာဓိပြည့်စုံသော ဘုန်းကြီး၊ ရဟန္တာမှလွဲ၍ မြန်မာမဆန်သော၊ မလုံမလဲဝတ်တတ်သော အမျိုးသမီးများ၏မာယာအောက်မှာ လှုပ်နိုင်ရိုးမရှိ။

သို့သော် တွေးပါများ ဆံပင်ဖြူဆိုသောစကားအတိုင်း ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်တစ်ချောင်းအဖြူခံပြီး အိုင်ဒီယာရခဲ့ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းတော့ မရပါ



www.burmeseclassic.com

www.burmeseclassic.com

# (၅)

* ကောင်မလေး မင်း ငါ့ကို သရုပ်ပျက်ယဉ်ကျေးမှုနဲ့ ဘယ်လောက်ပဲ မြှူဆွယ်ပါစေ။ ငါ့အတွက်တော့ ခြေမ စုတ်ရတာလောက် အရသာ မရှိပါဘူး။

* မင်းဝတ်ထားတဲ့ အသားကပ်ဘောင်းဘီနဲ့ ဟိုပေါ်ဒီပေါ် အဝတ်အစားတွေဟာ မွေးကတည်းက အဝတ်အစားမပါလာတဲ့ ငါ့အတွက် ပုခက်စီးရတာလောက် ,ရင်ခုန်မှုကို ပေးစွမ်းနိုင်ပါ့မလ...။

* မင်းဆွတ်ထားတဲ့ ကမ္ဘာကျော်ရေမွှေးနံ့ဟာကော ငါ့သေးနံ့လောက် သင်းပျံ့ရဲ့လား။

* ငါ့စိတ်တွေ ယိမ်းယိုင်လာအောင် အရှက်မရှိ ကြိုးပမ်းမယ့်အစားငါပါထားတဲ့ အီးတွေကျုံးပေးဖို့ မြန်မာဆန်ဆန်ထဘီလေး သွားပြန်ဝတ်လိုက်ပါ။

ပြိုင်ပွဲဝင်ပန်းချီကားအားလုံး(သုံးကား)ထဲမှာ နေမင်းကိုကို[illegible]

တ ပထမဆုချိတ်ခဲ့သည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒေါ်ခင်မျိုးဝေ၏ချီးကျူးမှုကော၊ ကျောင်းအုပ်ဆရာ ကြီး၏ဗလာစာအုပ် တစ်ဒါဇင်နှင့် ရွှေရောင်ဘောပင်တစ်ချောင်း ဆု ဆိပ်ပါ ပူးတွဲလက်ဆောင်ရခဲ့သည်။

ဆရာကြီးက ဆုလည်း ပေးရင်း အားမလိုအားမရလည်း ေ ရင်းပေါ့..

'မင်းကွာ..လူတိုင်းတော့ မရပါဆိုပြီး မွေးကင်းစကလေးေ ထည့်ထားတော့ လူကြီးတွေအားလုံးက ဘာဖြစ်ကုန်လဲ၊ မသကာ ဆ ပုံထည့်လိုက် ပြီးရော'

အဲဒီလိုပြောလာတော့..နေမင်းကိုကိုကလည်း စောဒကတ သည်။

'အားနာလို့ပါ ဆရာကြီးရယ်'

'ဘာကို အားနာတာလဲကွ'

'ကလေးလေးက သေးပေါက် ချီးပါလုပ်တဲ့အပြင် ခြေမပါ ရ ထားတယ်ဆိုတော့ အဲဒီနေရာမှာ ဆရာကြီးပုံထည့်လိုက်ရင် ဘာဖြစ်သွ မလဲ'

●



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်ကစပြီး နေမင်းကိုကိုရဲ့ကျော်စောသတင်းက ဆယ်တန်းကျောင်းသားတွေ ပါးစပ်ဖျား ရေပန်းစားခဲ့သည်။

တချို့က သူတို့ကြိုက်နေသည့် ကောင်မလေးကို ပေးဖို့အတွက် ချစ်ရာကာတွန်းလေးများကို လာဆွဲခိုင်းပြီး မုန့်စားဆင်းချိန်ကျလျှင် သူ့ကို ဒကာခံ၍ မုန့်ဝယ်ကျွေးကြသည်။

တချို့က သူတို့နောက်ချင်ပြောင်ချင်သော မိန်းကလေးတွေကို ရုပ်ပြောင်ဆွဲခိုင်းပြီး အပြန်ကျလျှင် လက်ဖက်ရည်ခေါ်တိုက်ကြသည်။

ထိုကဲ့သို့ အူစိုနေသော ငမြွေထိုး တစ်ရက်၌ ထပ်ပြီး အူစိုစရာ ကိစ္စတစ်ခုက ရောက်လာပြန်သည်။

လူမင်း ဘုန်းကြီး၊ နတ်မင်း မနေနိုင်ဆိုတာ ဒါပဲ နေမှာ··

နောက်ဆုံးတန်းမှာထိုင်သော ကိုဦး ဆိုသည့် ကျောင်းသားလေးက နေမင်းကိုကိုကို စာတစ်စောင် လာရေးခိုင်းသည်။

'လုပ်ပါကွ မင်းအရေးအသားနဲ့ဆို ကြွေသွားမှာကွ'

'ဖြစ်ပါ့မလား။ ငါ ရည်းစားစာ တစ်ခါမှ မရေးဖူးဘူး'

'ဖြစ်ပါတယ်ကွာ လုပ်စမ်းပါ အပြန်ကျရင် မင်းကို မန်းမြို့ဘော်ဆါက်စီ ဝယ်ကျွေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ သိပ်ကြိုက်တဲ့ မန်းမြို့တော်မျက်နှာကြောင့်...နေမင်းကိုကို လက်ခံလိုက်သည်။

'မင်းကြိုက်နေတာ ဘယ်သူ'

'ဝတ်ရည်လေ'

'အေး ရပြီ။ ငါရေးပေးမယ် မင်း ကိုယ့်နေရာကိုယ် သွားပြန်ထိုင်တော့'

'OK'

ကိုဦး ဝမ်းသာအားရဖြင့် နောက်တန်းကို ပြန်ပြေးသွားသည်။

နေမင်းကိုကိုက ချက်ချင်း စာရွက်တစ်ရွက် ဖြဲပြီး လုပ်ငန်း စလိုက်တော့သည်။

'ဆရာမ...သမီးကို ကိုဦး ရည်းစားစာ လာပေးတယ်'

ဆရာမ ဒေါ်ခင်မျိုးဝေ MP4 နားထောင်၍ ငြိမ့်နေစဉ် ဝတ်ရည် စာလေးတစ်စောင်ကိုင်ပြီး လာပေးသောကြောင့် နားကြပ်ကို ဖြုတ်လိုက်သည်။

'ဟမ်..ဘာလဲ သမီး။ ဘာပြောလိုက်တာလဲ'

'သမီးကို ကိုဦး ရည်းစားစာ လာပေးတယ်။ အဲဒါ..ဆရာမကို လာတိုင်တာ'

'ဟင်..ဟုတ်လား တွေ့မယ်..ပေး..သမီး အဲဒီစာထားခဲ့။ သွားတော့..ဆရာမ ဆုံးမလိုက်မယ်'

ဝတ်ရည် ခေါင်းငုံ့ပြီး ပြန်ထွက်သွားသည်။

ဒေါ်ခင်မျိုးဝေ ကြိမ်လုံးကိုကိုင်ပြီး စားပွဲခုံကို ရိုက်လိုက်သည်။

'ဖြန်း'



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားများအားလုံး တိတ်ဆိတ်သွားသည်။

'ကိုဦး··ထစမ်း'

ကိုဦးလက်လေးနှစ်ဖက်ပိုက်၍ ကြောက်ကြောက်လန့်လန့်ဖြင့် ဆတ်တတ်ထရပ်သည်။

'နင်က ငါ MP4 နားထောင်နေတယ်ဆိုပြီး လုပ်ချင်ရာလုပ်တာ ပေါ့လေ။ ငါ MP4 နားထောင်တယ် ဆိုတာ သီချင်းနားထောင်နေတယ် ထင်လို့လား'

ကိုဦး ခေါင်းခါလိုက်သည်။

'မထင်ပါဘူး ဆရာမ···ဆရာမ MP4နားထောင်နေတာ ကျွန် တော် မသိပါဘူး။ အတန်းထဲဝင်လာတာတောင် မတွေ့လိုက်ဘူး'

ကိုဦးစကားကြောင့် ဒေါ်ခင်မျိုးဝေမျက်နှာ ရှုံ့မဲ့သွားသည်။

'ဟမ် နင်က ငါ့ကို အဲဒီလောက် ဂရုစိုက်တယ်ပေါ့။ ဆရာမ တစ်ယောက်လုံး အတန်းရှေ့မှာ ထိုင်ပြီး MP4 နားထောင်နေတာ မမြင် ဘူး'

'ဟုတ်ပါတယ် ဆရာမ ကျွန်တော် တကယ်မမြင်တာပါ။ ဆရာမ ဘယ်အပေါက်က ဝင်လာတာလဲ'

'ပြတင်းပေါက်က ခုန်ဝင်လာတာ။ အဲ···ဟုတ်ပါဘူး အရှေ့ အပေါက်က ဝင်လာတာပေါ့ဟဲ့··ငါက ဘယ်အပေါက်က ဝင်ရမှာလဲ'

'ဩော် ကျွန်တော်က အနောက်ပေါက်က ဝင်လာတာမှတ်လို့'

'ကဲ··အဲဒါတွေ အသာထား။ ငါMP4 နားထောင်နေတယ် ဆို တာ နင်တို့ကိုသင်ဖို့ သင်ခန်းစာတွေကို လေ့လာနေတာဟဲ့။ ငါ့ကျောသော အကုန်သွင်းထားပြီးသား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'ငါ အဲဒီလို ကျောင်းသားတွေအတွက် စာလေ့လာနေတဲ့အချိန်မှာ နင်ကတော့ ဝတ်ရည်ကို ရည်းစားစာပေးတယ်ဆို'

'ဟုတ်...ဟုတ်ပါတယ် ဆရာမ'

ကိုဦး ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းညိတ်ဝန်ခံလိုက်သည်။

'အေး...ဟုတ်ရင် နင့်မှာ အပြစ်ရှိလား မရှိဘူးလား'

'မရှိပါဘူး ဆရာမ'

'ဘာ'

ဒေါ်ခင်မျိုးဝေ အော်လိုက်ရာ ကိုဦး လန့်ဖျပ်သွားသည်။

'ဟို..ဒီ..ဒီလိုပါ ဆရာမ လူပျိုက အပျိုကို ရည်းစားစာပေးတာ အပြစ်မရှိဘူးလို့ ကျွန်တော့်အဘိုးက သင်ထားလို့ပါ'

'တိတ်စမ်း။ အခုမှ အသက်လေး တစ်ပဲခြောက်ပြားဖိုးနဲ့..ငါဆိုရင် အပျိုကြီးဖြစ်တဲ့အထိ တစ်ခါမှ ရည်းစားစာ အပေးမခံရဖူးဘူး'

ဆရာမ၏စကားကြောင့် ကျောင်းသားတွေ ပြုံးစိစိ ဖြစ်ကုန်ကြသည်။

'အဲဒီတော့ ရည်းစားစာဟာ ဘာလဲ သိရအောင် နင့်စာကို ငါဖတ်ကြည့်ရတာပေါ့'

ဒေါ်ခင်မျိုးဝေက ပြောပြောဆိုဆို စာကိုဖွင့်၍ တစ်ခန်းလုံးကြားအောင် အော်ဖတ်ပြလိုက်သည်။

'တွေ့မြင်ခဏ တဒင်္ဂမှာ စွဲလမ်းမိတယ် အချစ်လေးရယ် တဲ့'

'ဟာ..မိုက်တယ်ကွာ'

'ဟဲ့..ဘာမိုက်တာလဲ ဒီမှာ ဖတ်နေတယ် နားထောင်'



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ယောက်က ချီးကျူးလိုက်သဖြင့် ဒေါ်ခင်မျိုးဝေ လှမ်းဟန့်လိုက်သည်။

'အလွမ်းဝေဒနာ ရင်မှာ မဖြေသာလို့ ပန်းအကြွေမှာ အကြင်နာ စာလေးပေးလိုက်ပါတယ်...တဲ့ စာသားတွေက တယ်လှပါလား'

'ခံစားချက်အသစ်တွေပါ ဆရာမရယ်'

'တိတ်စမ်း နင့်ကို ချီးကျူးနေတယ် ထင်လို့လား...ရွဲ့ပြောနေတာ ဟဲ့။ တကတဲ...စာစီစာကုံးဖြေတုန်းက တစ်မှတ်ပဲ ရတဲ့ကောင်က ရည်း စားစာကျတော့ ဂုဏ်ထူးထွက်လောက်တယ်'

တစ်ခန်းလုံး ဝိုင်းရယ်ကြသည်။

'ဆင်အကြောင်းရေးသလို တိုတိုတုတ်တုတ်နဲ့ လိုရင်းပဲ ရေးလိုက် ပါလား။ ဝတ်ရည် နင့်ကို ငါချစ်တယ် ငါ့ကို နင်ချစ်မလားပေါ့'

'အဲဒါဆို သူ ဘယ်ကြွေပါ့မလဲ ဆရာမရယ်'

'အံမယ်...အံမယ်..အသုံးမကျတဲ့ကောင်က ဒါကျတော့ တတ် တယ်။ လူက ဘိတ်ချီး၊ တဏှာက ထိပ်သီးဆိုတာ နင်မှအစစ်'

'ဟား ဟား ဟား ဟား'

ကိုဦးကို ဝိုင်းဟားကြရာ ရှက်ပြီး ခေါင်းကြီးငုံ့ထားသည်။

'ဆက်ဖတ်ပြမယ် နားထောင်။ တကယ်တော့ ပွင့်သောပန်းတိုင်း မွှေးသလို မွှေးသောပန်းတိုင်းလည်း မလန်းနိုင်ပါဘူး တဲ့။ ဒါပေမယ့် ကိုယ့်ရဲ့အချစ်ကတော့ အမြဲတမ်း မင်းအတွက် ဖူးပွင့်နေသလို အမြဲတမ်း မွှေးမြနေတယ်ဆိုတာ ကိုယ့်နှလုံးသားရဲ့ ဥယျာဉ်မှူးဖြစ်တဲ့ မျက်လုံးလေး တွေကို မေးကြည့်ရင် သိနိုင်ပါတယ် တဲ့'

ဒေါ်ခင်မျိုးဝေ စာကို ခဏရပ်ပြီး ကိုဦးကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ နည်းနည်း မသက်သာသလိုရှိလာသည်။

ထို့နောက် စာကို ဆက်ဖတ်သည်။

'အဲဒီအခါကျရင် မျက်လုံးတွေက ဘာပြောကြမလဲဆိုတော့ ကိုယ့်ရင်ထဲမှာပွင့်နေတဲ့ အချစ်ပန်းလေးတွေ လန်းဆန်းဖို့ရာ မင်းရဲ့မေတ္တာရေစင်နဲ့သွန်းလောင်းမှဖြစ်မှာမို့ ကိုယ့်ရင်ခွင်ထဲကို ရေတစ်ပုံးဆွဲပြီးဝင်လာခဲ့ပါတဲ့။ ကိုဦး မှန်မှန်ပြောစမ်း။ ဒီစာကို နင်ရေးတာမဟုတ်ဘူး မဟုတ်လား'

ဒေါ်ခင်မျိုးဝေ၏ခန့်မှန်းချက်ကို ကိုဦး အံ့သြသွားသည်။

'ဟာ…ကြည့်စမ်း။ ဆရာမဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိနေပြီထင်တယ်'

'သုံးလ…အဲလေ…ဘာပြောတာလဲ'

'ဪ…ဆရာမ ခန့်မှန်းတာ မှန်နေလို့ပါ'

'အဲဒါဆို အဲဒီစာရေးတာ'

'ငမြွေထိုးပါ'

ပြဿနာက သူ့ဘက်လှည့်လာပြီမို့ နေမင်းကိုကို ကိုဦးကို ကျိတ်ဆဲလိုက်သည်။

'နေမင်းကိုကို…ခဏလောက် မတ်တတ်ရပ်ပါဦး'

'ဟုတ်…ဟုတ်ကဲ့'

နေမင်းကိုကို လက်ပိုက်၍ မတ်တတ် ထ,ရပ်လိုက်သည်။

'ဘာဖြစ်လို့ သူများတကာကို ရည်းစားစာ ရေးပေးရတာလဲ'

'သူက ပေါက်စီကျွေးမယ်ဆိုလို့ပါ တီချယ်'

'ဪ သားရယ် ပေါက်စီအတွက်နဲ့များ ဒီလိုလုပ်ရတယ်လို့…ဆရာမ ကျွေးမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'တီချယ်မှာ ပေါက်စီရှိလို့လား'

'နှစ်လုံးတောင်··အဲလေ ဆရာမမှာတော့ ဘယ်ရှိမလဲ သားရယ် ဆိုင်က ဝယ်ကျွေးမှာပေါ့'

'အဲဒါဆို နောက်နေ့ ဝယ်ခဲ့နော် တီချယ်'

'အေး··ဝယ်ခဲ့မယ်နော် ဝက်သားနဲ့လား ကြက်သားနဲ့လား'

'ဝက်သားနဲ့'

'အေး နှစ်လုံးဝယ်ခဲ့မယ်နော်··နေပါဦး ခုနပြောနေတဲ့ စကား တောင် ဘယ်ရောက်သွားပြီလဲ။ ဩော်···ဘာလို့ ရည်းစားစာ ရေးပေးရ တာလဲ'

'ပေါက်စီ စားချင်လို့ပါ'

'ဒါများ သားရယ်··တီချယ် ဝယ်ခဲ့မှာပေါ့'

'နှစ်လုံးဝယ်ခဲ့နော် တီချယ်'

'ဝက်သားနဲ့လား ကြက်သားနဲ့လား'

'ဝက်သားနဲ့'

'ဩော်··လည်ကုန်ပါပြီ မုန့်လုံးကို စက္ကူကြပ်သလိုပဲ ဒီနားက တောက်တော့ဘူး'

ဒေါ်ခင်မျိုးဝေ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်ပြီး ဆက်ပြောရမည့် စကားကို စဉ်းစားသည်။

'ဩော်··ဟုတ်ပြီ သူ့ကို ဆုရမှာပဲ။ နေမင်းကိုကို နင့်မှာ အပြစ် ရှိတယ်နော်'

'ပေါက်စီစားချင်လို့ ရေးပေးတာပါ တီချယ်ရယ်'

'အဲဒါများ ဆရာမ ဝယ်ပေးမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'နှစ်လုံး ဝယ်ခဲ့နော်'

'ဝက်သားနဲ့လား··ကြက်သားနဲ့လား။ ဩော်···ယောင်ကုန်ပါပြီ အဲဒီပေါက်စီကိစ္စ ဆက်မပြောနဲ့တော့··ဆက်ပြောရင် လက်သဘောတွေ ပါလာလိမ့်မယ်'

ဒေါ်ခင်မျိုးဝေ ခုံကို ကြိမ်လုံးနှင့်ရိုက်ပြီးသတိပေးလိုက်ရာ နေမင်းကိုကို ငြိမ်ကျသွားသည်။

'အဲဒါကြောင့် အရေးအသားတွေ ကောင်းနေတာ။ ကိုဦးဆို ဒီလို စာသားမျိုးတွေ ဖြစ်လာမှာမဟုတ်ဘူး'

'သူက စာရေးဆရာရဲ့သားကိုး ဆရာမရဲ့'

ကိုဦးစကားကြောင့် ဒေါ်ခင်မျိုးဝေ နေမင်းကိုကို ကို လှမ်းကြည့်သည်။

'ဟုတ်လား နေမင်းကိုကို'

'ဟုတ်ပါတယ် တီချယ် ကျွန်တော့်အဖေက စာရေးဆရာ ဟင်းလင်းပြင်ညို့ပါ'

'ဟေ ဟင်းလင်းပြင်ညို့'

အဲဒီအသံ ကြားသောအခါ ဒေါ်ခင်မျိုးဝေမျက်နှာ ချက်ချင်း အရောင်ပြောင်းသွားသည်။

ကျေနပ်ခြင်း၊ အားရခြင်း၊ ပျော်ရွှင်ခြင်းတွေ ပြည့်လို့ပေါ့။

အဲဒီစာရေးဆရာက သူ သိပ်ကြိုက်တဲ့လူကိုး။

အပျိုဖော်ဝင်စကတည်းက နှစ်နှစ်ခြိုက်ခြိုက်အားပေးလာခဲ့တာ။ အဲဒါကြောင့် ဒီကလေးက အဖေ့သွေးတွေ အပြည့်ဝင်နေတာကိုးလို့ တွေးရင်း ဒေါ်ခင်မျိုးဝေ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ချက်ချင်း မျက်နှာကို ဣန္ဒြေပြန်ဆည်ပြီး ညီမျှသော အပြစ်ဒဏ်ကို ချမှတ်ပေးလိုက်သည်။

'ဝတ်ရည်ကို စာပေးတဲ့ ကိုဦးက ခုံပေါ်မှာ ၅မိနစ် ခြေတစ်ပေါင်ကျိုး မတ်တတ်ရပ်။ နေမင်းကိုကိုက မနက်ဖြန် အဖေ ခေါ်လာခဲ့'

အဲဒီစကားကြောင့် နေမင်းကိုကို မျက်လုံးပြူးသွားသည်။ တကယ် အပြစ်လုပ်တဲ့သူက ဒီလောက်ပြစ်ဒဏ်လေးနှင့် ပြီးသွားပြီး သူ့လို အကူအညီပေးတဲ့သူကျတော့ အဖေ ခေါ်လာခဲ့ရမည် ဆိုတော့ တရားမျှတရဲ့လား။

ထို့ကြောင့် စောဒကတက်သည်။

'တီချယ် ကျွန်တော်က ပေါက်စီစားချင်လို့ စာလေးရေးပေးမိတာ အဲဒါကို မိဘ ခေါ်ခိုင်းတယ်။ တကယ်ပေးတဲ့ ကိုဦးကျတော့ ခုံပေါ်မှာပဲ မတ်တတ်ရပ်ခိုင်းတယ်။ အဲဒါ ဘာဖြစ်လို့လဲ'

'နင့်အဖေကို တွေ့ချင်လို့။ အဲလေ…လျှာမရှည်နဲ့ ခေါ်ခဲ့ဆိုခေါ်ခဲ့'

နေမင်းကိုကို ပါးစပ်ပိတ်သွားသည်။

ကိုဦးကလည်း စောဒကတက်သည်။

'ဆရာမ ကျွန်တော် ရိုးရိုးပဲ မတ်တတ်ရပ်လို့ ရ ဘူးလား'

'မရဘူး။ နင်က စာမှာ ဘိတ်ချိုး နှာမှာ ထိပ်သီးဆိုတော့ ခြေတစ်ပေါင်ကျိုးရပ်မှရမယ်'

□



www.burmeseclassic.com

www.burmeseclassic.com

# (၆)

ဒီလိုနှင့်…

အခန်းထဲဝင်လာသော မျက်မှန်နှင့်လူတစ်ယောက်ကြောင့် ဒေါ်ခင်မျိုးဝေ ရင်ခုန်လှုပ်ရှားသွားသည်။

'ဝင်ခွင့်ပြုပါ ဆရာမ'

'အထဲရောက်နေပြီပဲရှင်..လာပါ။ ဟို..စာရေးဆရာဟင်းလင်းပြင် ညို ဆိုတာ ထင်တယ်'

'ဟုတ်ပါတယ်'

'ဪ…ထိုင်ပါဦးရှင်'

ဒေါ်ခင်မျိုးဝေက သူထိုင်နေသောထိုင်ခုံကို တစ်ဝက်စာရွှေ့ပေးပြီး ညှော့ဝတ်ပြုသည်။

'ကျွန်တော်က အဲဒီမှာ ထိုင်ရမှာလား'

'ဟုတ်ပါတယ်ရှင် ခုံက တစ်ခုံပဲရှိတော့ တစ်ယောက်တစ်ဝက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဟင်းလင်းပြင်ညကြီးက ဒေါ်ခင်မျိုးဝေဘေးနားမှာ ပူးပူးကပ်ကပ် ခင်ထိုင်လိုက်သည်။

ဒေါ်ခင်မျိုးဝေရင်တွေ ဒုတ်ဒုတ်ဒုတ်ဒုတ်နှင့်။

'ဟို..ဆရာမ ကျွန်တော့်ကိုခေါ်တယ်ဆို။ ကျွန်တော့်သား ဘာ အပြစ်တွေ လုပ်ထားလို့လဲ'

'သိပ်ကြီးကြီးမားမား မဟုတ်ပါဘူးရှင် ရည်းစားစာ သူများကို ရေးပေးလို့။ နောက် အဲဒီလို မရေးပေးအောင် ဆုံးမခိုင်းဖို့ပါ'

'ဩော်..ဟုတ်ကဲ့ ကျွန်တော် အိမ်ရောက်ရင် ဖင်လှန်ပြီး သမ ထိုက်ပါ့မယ်'

နေမင်းကိုကို မျက်နှာ ရှုံ့မဲ့သွားသည်။

'အဲဒီလောက်ကြီး မလိုပါဘူးရှင်။ ပါးစပ်နဲ့ ပြောရင် ရပါပြီ... ဟို...ဒါနဲ့ ဆရာ့ဝတ္ထုတွေ သိပ်ကောင်းတာပဲနော်'

'ဘယ်ဝတ္ထုလဲဗျ'

'မြောင်းထဲမှာ ပါတဲ့ အီးရယ်...ခတ်တိုင်သေးပန်းတဲ့ ကိုကို ရယ်...သေနာမလေးရဲ့ချစ်သူရယ်တို့ပေါ့...ဆရာက ဟာသဝတ္ထုတွေရေး တာ သိပ်ပြောင်မြောက်တာပဲနော်...ကျွန်မအပျိုဘဝကတည်းက ဆရာ့ ခရေနီ'

'ဩော်..ဟုတ်လား ဒါဆို အခု အအိုဘဝကျရော'

'ရှင်'

ဒေါ်ခင်မျိုးဝေမျက်နှာ ရှုံ့မဲ့သွားသည်။

'ဆရာရယ်...ကျွန်မက အခုချိန်ထိ အပျိုကြီးပါပဲ'

'ဩော်...ဟုတ်လား မသိလို့ ဆောရီးပါ'



www.burmeseclassic.com

www.burmeseclassic.com



ဟင်းလင်းပြင်ညို ပြန်တောင်းပန်လိုက်ရာ ဒေါ်ခင်မျိုးေ
နည်းနည်းစိတ်ကျေနပ်သွားသည်။

'ရပါတယ်ရှင် ဒါနဲ့ အခု ဆရာ ဘာဝတ္ထုတွေ ရေးနေလဲ'

'အဲ...အင်း'

ဟင်းလင်းပြင်ညိုဆိုသူ ဟိုဟိုဒီဒီလျှောက်စဉ်းစားရင်း နေမင်း
ကိုကိုကို လှမ်းကြည့်သည်။

ထိုအခါ နေမင်းကိုကိုက သူ့ပါးစပ်ကို လက်ညှိုးထိုးပြလိုက်ရာ
ဟင်းလင်းပြင်ညိုက

'ဩော်...ဟို ပါးစပ်ထဲလက်ထည့်မယ် တဲ့'

'ဟင်..ဝတ္ထုနာမည်ကြီးကလဲ ပါးစပ်ထဲ လက်ထည့်မယ်..တဲ့။
တစ်မျိုးကြီးပါလား'

အမှန်က ပါးစပ်ထဲရှိရာပြောလို့ သင်္ကေတပြတာကို အဓိပ္ပာယ်
ကောက်လွဲသွားခြင်းဖြစ်သည်။

'ကျွန်တော်လည်း ပါးစပ်ထဲပဲ ထည့်တတ်လို့ပါ။ အဲ..ဟုတ်ပါ
ဘူး...ခေတ်မီအောင်ပေးထားတဲ့နာမည်ပါ'

'ဩော်...အဲဒီလိုလား ဒါဆို ကျွန်မ အားပေးမယ်နော်'

'ဟုတ်ကဲ့...ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်'

ဟင်းလင်းပြင်ညိုက ပြောပြီး ထရန်ဟန်ပြင်လိုက်စဉ်

'ခဏနေပါဦးရှင်...ကျွန်မကို အမှတ်တရ လက်မှတ်လေး ထိုး
ပေးသွားပါဦး'

'ဩော်...ဟုတ်ကဲ့ ဘယ်မှာထိုးပေးရမလဲ'

'နဖူးမှာ အဲလေ...လက်ဝါးမှာ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးဝေက ပြောပြီး သူ့လက်ဝါးကို ဖြန့်လိုက်သည်။

ထိုအခါ ဟင်းလင်းပြင်ညီက အနီးရှိဘောပင်နှင့် ဒေါ်ခင်မျိုးဝေ လက်ဝါးပေါ် ကောက်ခြစ်ပေးလိုက်တော့သည်။

'လက်မှတ်က လှတယ်နော် ကြောင်ခြစ်ထားတဲ့အတိုင်းပဲ'

'ဟုတ်ကဲ့။ ထိုးပြီးပြီဆိုတော့ ကျွန်တော် သွားတော့မယ်နော်'

'သြော်..ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်။ နောက်ထွက်မယ့် စာအုပ်လည်း အားပေးဦးမယ်နော်'

'ဟုတ်ကဲ့'

ဟင်းလင်းပြင်ညီ ဒေါ်ခင်မျိုးဝေဘေးမှ ထ၍ ပြန်ထွက်သွားရာ တစ်ခြမ်းလွတ်သွားသောထိုင်ခုံကို ဒေါ်ခင်မျိုးဝေက အပြည့်ပြန်ထိုင်လိုက်သည်။

ဟင်းလင်းပြင်ညီက ပြန်ခါနီး နေမင်းကိုကိုကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ရာ နေမင်းကိုကိုကလည်း လက်မ ပြန်ထောင်ပြလိုက်သည်။

ဒေါ်ခင်မျိုးဝေက မသိ။ သူ့ဖိုးနှင့်သူ။

ဟင်းလင်းပြင်ညီ လျှောက်ခြစ်သွားသော လက်မှတ်ကို ကြည့်၍ ဖီလင်တက်နေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

# (၇)

ဒေါ်ခင်မျိုးဝေ အတန်းထဲဝင်လာကတည်းက မျက်နှာက ရှစ်ခေါက်ချိုးနှင့်။

ရာသီဥတုအခြေအနေမကောင်းသောကြောင့် ကျောင်းသူကျောင်းသားတွေအားလုံး ငြိမ်နေကြသည်။

ထင်သည့်အတိုင်းပင် မုန်တိုင်းက စလာပြီ။

ဒေါ်ခင်မျိုးဝေ အသံမာမာကြီးနှင့် ထအော်သည်။

'နေမင်းကိုကို ထစမ်း'

မုန်တိုင်းက သူ့ဆီ တည့်တည့်ဝင်လာတာမို့ နေမင်းကိုကို ရင်တထိတ်ထိတ်နှင့် ထရပ်လိုက်သည်။

'နင်..ငါ့ကို ဘာလို့ လိမ်တာလဲ'

'ဗျာ..တီချယ် ကျွန်တော် ဘာလိမ်လို့လဲ'

နေမင်းကိုကိုက နားမလည်သလိုမေးသည်။

'ဟဲ့...ဘာလိမ်ရမလဲ။ မနေ့က နင်ခေါ်လာတာ စာရေးဆရာ ဟင်းလင်းပြင်ညို ဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်··ဟုတ်ပါတယ်'

'ဘာဟုတ်တာလဲ···စာရေးခ ရှာ ဟင်းလင်းပြင်ညျိုက ဆိုက်ကားကော နင်းသလား'

'ဗျာ'

'ဗျာ မလုပ်နဲ့။ ဒီနေ့ ငါ ကျောင်းကိုလာတော့ စီးလာတဲ့ ဆိုက်ကားက ဘယ်သူ့ဆိုက်ကားလဲ'

'ဘယ်သူ့ဆိုက်ကားလဲ ဟင်'

'နင့်အဖေ ဟင်းလင်းပြင်ညျိုရဲ့ဆိုက်ကားပေါ့'

'ဗျာ'

နေမင်းကိုကို ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ငါ သူ့ကို အကုန်မေးပြီးပြီ။ နင်က သူ့ကို နင့်အဖေဟာန်ဆောင်ခိုင်းပြီး ကျောင်းခေါ်လာတာဆို'

'ဟုတ်···ဟုတ်ပါတယ်'

အမှုမှန် ပေါ်သွားပြီမို့··နေမင်းကိုကို ခေါင်းညိတ် ဝန်ခံလိုက်သည်။ ဒေါ်ခင်မျိုးဝေကတော့ ဆွေ့ဆွေ့ခုန်လို့ပေါ့။

'အမလေး ရှက်လိုက်တာနော်။ ငါ့မှာ ဆိုက်ကားသမားကို ဆေးခေါ်ထိုင်ပြီး အော်တိုရေးခိုင်းရတဲ့အဖြစ်··နေမင်းကိုကို နင် ဘာလို့ အဲဒီလိုလုပ်ရတာလဲ ပြောစမ်း'

'ဟို··ဟို တီချယ်က အဖေ့ကိုခေါ်ခိုင်းတော့ တစ်ခုခုတိုင်တော့မှာပဲဆိုပြီး မခေါ်ရဲလို့ပါ။ အဖေက ကျွန်တော့်ကိုမှာထားတယ်။ ကျောင်းမှာ တစ်ခုခုအပြစ်လုပ်လို့ မိဘခေါ်ခံရရင် ကောင်းကောင်း သဘောထားဆိုလို့ပါ'

www.burmeseclassic.com



'ဒါဆိုလဲ တခြားသူ ဟန်ဆောင်နိုင်းပါလား ဘာလို့ ဆိုက်ကားသမားကို ငှားရတာလဲ'

'ပိုက်ဆံပေးပြီး ခိုင်းလို့ရတာ သူပဲ ရှိလို့ပါ တီချယ်'

ဒေါ်ခင်မျိုးဝေ မျက်နှာဘယ်သွားထားရမှန်းမသိတော့။

ဒေါ်သက နေမင်းကိုကိုပေါ် အစလိုက် အပြုံလိုက် ကျရောက်နေပြီဖြစ်သောကြောင့် ထားဝယ်ကြိမ်လုံးနှင့် ပညာပေးရန် ခုံပေါ်မှ လှမ်းယူလိုက်သည်။

'တီချယ်'

'ဘာလဲ'

'ပေါက်စီ ဝယ်လာလားဟင်'

'ပေါက်စီတော့ မရဘူး ဒါပဲ ရမယ်ဟဲ့'

နဂိုကတည်းက ဒေါ်သက အထွတ်အထိတ်ရောက်နေပါတယ်ဆိုမှ ပေါက်စီလာမေးသဖြင့် ဒေါ်ခင်မျိုးဝေ ငမြွေထိုးကို ကြိမ်လုံးနှင့် လှမ်းပစ်လိုက်တော့သည်။

'ဟား ဟား ဟား ဟား'

ကျောင်းသူကျောင်းသားတွေ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com





Fig. External features of the rabbit.

www.burmeseclassic.com

www.burmeseclassic.com

# (၈)

'ဟီ ဟိ'

ဒေါ်ခင်မျိုးဝေ ပို့ကိဘုတ်ပေါ်မှာ ယုန်ပုံ ဆွဲ၍ အညွှန်းတပ်ပြီး ချိန်တွင် ကျောင်းသားများ၏ရယ်သံ တခွိခွိထွက်လာသဖြင့် နောက်လှည့် ကြည့်သည်။ ထိုအခါ သူ၏ချစ်တပည့်များက မျက်နှာတွေ ပြောင်စပ်စပ် လုပ်နေသဖြင့် –

'ဟဲ့..ဘာတွေ သဘောကျနေတာလဲ ငါ့ရုပ်က ငွမ်းပုံနဲ့ အဲလေ သတ်မွန်မြင့်နဲ့ တူနေလို့လား'

ထိုအခါ ချစ်တပည့်ကျော်များက ရယ်ကြပြန်သည်။

'ဟဲ့...ဘာတွေ ရယ်နေတာလဲ ပြောစမ်းပါဦး'

ဒေါ်ခင်မျိုးဝေ၏ အမေးကို ကျောင်းသားတစ်ယောက် ထ,ဖြေ သည်။

'ဆရာမ ဆွဲထားတဲ့ ယုန်ပုံကို သူက ကြွက်လိုလို ရှဉ့်လိုလိုနဲ့ တဲ့ ပြောတယ် ဆရာမ ဟီး ဟီး'

ထိုကျောင်းသားက သူ့ဘေးနားမှသူငယ်ချင်းကို လက်ညှိုးထိုး၍ ပြောသည်။ ဒေါ်ခင်မျိုးဝေ မိမိလက်ရာကိုချီးကျူးခံလိုက်ရသဖြင့် တော် တော်ပျော်သွားသည်။

'နောလေး..ကိုယ့်ဆရာမကိုယ် အဲဒီလောက် မမြှောက်နဲ့'

ကျောင်းသူကျောင်းသားတွေ၏ ပြောင်စပ်စပ်မျက်နှာကို ဒေါ်ခင် မျိုးဝေ မခံနိုင်တော့သဖြင့် နေမင်းကိုကိုကို လှမ်းခေါ်လိုက်သည်။

'ငမြွေထိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ‥တီချယ် ကျွန်တော် ဘာအပြစ်လုပ်လို့လဲ'

'ဟဲ့‥နင့်ကို အပြစ်ပေးမလို့မဟုတ်ဘူး ယုန်ပုံ ဆွဲခိုင်းမလို့'

'ဗျာ'

'အေး‥ဟုတ်တယ်။ ငါဆွဲထားတဲ့ ယုန်ပုံကိုဖျက်ပြီး အသစ်လာပြန်ဆွဲပေး'

ဒေါ်ခင်မျိုးဝေက နေမင်းကိုကိုကို စိတ်ကူတောင်းလေပြီ။

'ဟုတ်ကဲ့ တီချယ်'

နေမင်းကိုကိုက လက်စွမ်းပြရတော့မည် ဖြစ်သဖြင့် တက်ကြွစွာ စင်ပေါ် တက်သွားသည်။ ဒေါ်ခင်မျိုးဝေက နေမင်းကိုကိုကို ဆေးပင်ပေးပြီး ထိုင်ခုံမှာ အေးအေးဆေးဆေးသွားထိုင်နေလိုက်သည်။

နေမင်းကိုကိုက ဒေါ်ခင်မျိုးဝေ၏ ယုန်လိုလို ရှဉ့်လိုလို ကြွက်လိုလိုပုံကိုဖျက်ပြီး ယုန်အသစ်ကို စတင်လိုက်သည်။

'သား‥ဟိုကောင်တွေ ပါးစပ် ပိတ်သွားအောင် အလှဆုံးလေးဆွဲလိုက်နော်'

'ဟုတ်ကဲ့ တီချယ်။ လုံးဝ လန်းနေအောင် ဆွဲလိုက်မယ်'

'ဟား ဟား ဟား ဟား'

နေမင်းကိုကို၏ယုန်ပုံ ပြီးသွားသောအခါ ပြောင်စပ်စပ်လုပ်နေသောကျောင်းသူကျောင်းသားတွေ တဟားဟားရယ်ကုန်သဖြင့် ဒေါ်ခင်မျိုးဝေ ကြောင်ပြီး နောက်လှည့်ကြည့်လိုက်ရာ နေမင်းကိုကို၏ယုန်ကိုပုံပါအတိုင်း တွေ့ရလေသည်။

'ဟဲ့‥ဟဲ့‥ဘယ်လိုလုပ်လိုက်တာလဲ‥ယုန်ကို အဲဒီလိုဆွဲရမယ်လို့ နင့်ကို ဘယ်သူသင်ပေးထားတာလဲ'



www.burmeseclassic.com

www.burmeseclassic.com





Fig. External features of the rabbit

www.burmeseclassic.com

www.burmeseclassic.com



'ဩော်..တီချယ်ရယ်...တီချယ်က အလှဆုံးဖြစ်အောင်ဆွဲ ဆိုတော့လည်း ကျွန်တော်က ကိုယ်ပိုင်စိတ်ကူးနဲ့ လှလှပပလေးဖြစ်အောင် ခြယ်တီးလိုက်တာပါ'

'ဟဲ့ နင့်ယုန်က မျက်မှန်တပ်ပြီး အတွင်းခံဘောင်းဘီဝတ်ထားတဲ့အပြင် မေးထောက်ပြီး ပဲပေးနေတဲ့ပုံဆိုတော့ စာမေးပွဲမှာ အဲဒီအတိုင်းဖြေရင် စာစစ်တဲ့ဆရာက သူ့ကိုပြောင်ချော်ချော်လုပ်တယ်ဆိုပြီး အမှတ်ပေးပါ့မလားဟဲ့'

နေမင်းကိုကို ဘာမှမပြောဘဲ စပ်ဖြဖြလုပ်နေသည်။

'ငမွေထိုး..တော်တော်မျက်နှာပြောင်ချင်တဲ့ကောင် ကိုယ့်အပြစ်ကိုယ် အဲဒီပုံကို ပြန်ဖျက်ပြီး ပုံနှိပ်စာအုပ်ထဲကအတိုင်း ကြည့်ဆွဲ'

'ဟုတ်...ဟုတ်ကဲ့'

ကိုယ့်အတတ်နဲ့ကိုယ်စူးပြီမို့ နေမင်းကိုကို နှစ်ခါပြန်ဆွဲရတော့သည်။ အဲဒါ...ဆယ်ကျောင်းသားတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့တဲ့ ငမွေထိုးရဲ့အတ္ထုပ္ပတ္တိထဲက တချို့တစ်ဝက်ပေါ့။

အဲဒီဘဝတုန်းက...အချစ် ဆိုတဲ့...အရာကို မတွေ့ခဲ့သေးတာအမှန်။

ပျော်ပျော်နေချင်တဲ့ ဗီဇလေးကလွဲပြီး စိတ်ထဲမှာ ဘာအရောင်မှ မရှိခဲ့။

ဒီလိုနှင့် ၁၀တန်းကျောင်းသားဘဝကို ရမှတ် ၃၀၂နှင့် ကျော်ဖြတ်ပြီး နှစ်နှစ်ဆိုသော အချိန်ကာလကိုပင် ရောက်ခဲ့လေပြီ။

❐



www.burmeseclassic.com

www.burmeseclassic.com

# (၉)

နေမင်းကိုကို တစ်ယောက်တည်း ကန်တင်းမှာထိုင်ပြီး မှိုင်နေ
သူငယ်ချင်းတွေ ရောက်ချလာသည်။

'ဟေ့ကောင်…ဘာဖြစ်နေတာလဲ ဆုပ်ပြာသည် လင်ပျောက်
ရုပ်နဲ့'

တင်ကိုက စတင်မေးလိုက်သည်။

'ဘာမှ မဖြစ်ပါဘူးကွာ အဖေ့အကြောင်း စဉ်းစားရင်း ဝမ်းနည်း
လာလို့ပါ'

'ဘာဖြစ်လို့လဲ မင်းအဖေ နောက်မိန်းမယူသွားလို့လား'

အောင်တူးက မေးသည်။

'နောက်မိန်းမ ယူရင် ဖြေသာပါသေးတယ်ကွာ လွန်ခဲ့
ပတ်လောက်ကမှ စာရေးနေရင်း ဦးနှောက်သွေးကြောပြတ်ပြီး ဆုံး
လို့'



www.burmeseclassic.com

www.burmeseclassic.com



'သြော်···အဲဒါကြောင့် မင်း တစ်ပတ်လုံး ကျောင်းမလာတာကိုး ငါတို့လဲ စိတ်မကောင်းပါဘူးကွာ ဘယ်လိုဖြစ်လို့ ဦးနှောက်ကြောပြတ်သွားတာလဲ'

ဝင်းကိုက ကရုဏာသက်စွာ မေးသည်။

'အဲဒီနေ့က အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားကြတယ်လေ··· ငါ့အဖေက သွေးတိုးလည်း ရှိတယ်။ အုန်းနို့ခေါက်ဆွဲ ငါးပွဲ ဆက်တိုက်စားပြီး မှိန်းနေတုန်း··ဘေးအိမ်က ကုလားမကြီးက ကလေးအမြွှာပူးမွေးတဲ့ အထိမ်းအမှတ် ဆိုပြီး ဒန်ပေါက်နဲ့ အုန်းထမင်း တစ်ပွဲစီ လာပို့သွားခဲ့ဒါတယ်···သူ့အကြိုက်တွေပဲဆိုတော့ အဖေလည်း ထပ်တွယ်တာပေါ့။ [ လည်း ပြီးရော···ခေါင်းတွေ လေးလာတယ် ဆိုပြီး··ဖေတစ်လုံးခ္ဂရင်း စာရေးစားပွဲ ဝင်ထိုင်လိုက်တာ စာရွက်နဲ့ဘောပင်လည်း ထိရော···အဖေ့လည်း တစ်ခါတည်း ကိစ္စပြတ်ရောပဲ'

'ကြားရတာ ငတ်လိုက်တာကွာ။ အဲလေ··စိတ်မကောင်းလိုက်တာကွာ။ အဲဒီတုန်းက မင်းက ဘာလို့ မတားတာလဲ'

အောင်တူးက နေမင်းကိုကိုကို အပြစ်တင်သလို မေးသည်။

'အဖေ့ကိုတားဖို့ နေနေသာသာ ငါတောင် ခေါင်းမူးပြီး အိပ်ရာထဲက မထနိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'ခေါက်ပွဲ စားလိုက်လို့'

'မင်းပါ လိုက်သွားရမှာ။ အဲလေ··မင်းဘာမှမဖြစ်တာ ကံကောင်းတယ်'

တင်ကိုက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါက သွေးတိုးမရှိလို့ပေါ့ကွာ။ သွေးတိုးရှိရင် ငါ့ကို အခုလောက်ဆို မင်းတို့ မြင်ရမှာမဟုတ်တော့ဘူး'

'မမြင်ရတော့ မျက်စိနောက်သက်သာတာပေါ့··အဲလေ··မြင်တာ တော်သေးတာပေါ့'

နေမင်းကိုကိုက သူ့အိတ်ထဲမှဖိတ်စာတစ်စောင်ကို ထုတ်လိုက်သည်။

'ရော့···မင်းတို့အတွက် ဖိတ်စာ'

'ဘာ ဖိတ်စာလဲ···မင်း မင်္ဂလာဆောင်တော့မလို့လား'

တင်ကိုက နေမင်းကိုကိုပေးသောဖိတ်စာကို ယူပြီး မေးသည်။

'မင်းကြီးတော် မင်္ဂလာဆောင်ရမှာလား အဖေ့အသုဘ ရက်လည်ဖိတ်စာကွ။ ဖိတ်စာက မလောက်လို့ နှစ်ယောက်ပေါင်း တစ်စောင်ထဲမယ်··လာချင်လာ မလာချင်နေ'

'အဲဒီလို ဖော်ဖော်ရွေရွေဖိတ်တော့လည်း လာရတာပေါ့ကွာ'

အောင်ထူး ဝင်ပြောသည်။

'လာမယ်ဆိုရင် မနက်ဖြန်မှလာခဲ့။ အခု ငါ အိမ်မှာလုပ်စရာတွေရှိသေးလို့ ပြန်တော့မယ်'

'အေး··အေး··ဒါနဲ့ မင်းရက်လည်··အဲလေ··မင်းအဖေ ရက်လည် ဘာကျွေးမှာလဲ'

'အုန်းထမင်းနဲ့ ဝက်သားဟော့ ရှင်းပြီလား'

အောင်ထူး၏အမေးကို နေမင်းကိုကိုက ရှဲ့ပြောပြီး ထထွက်သွားလေသည်။

'ကောင်းလိုက်တာကွာ ငါ့အကြိုက်တွေပဲ ရှယ်လွတ်'



www.burmeseclassic.com

www.burmeseclassic.com



အောင်ထူးက နွတ်ခမ်းကို သပ်၍ ကျန်ခဲ့သည်။

'ဟော့ကောင် မင်းကရော သူ့အဖေနောက်လိုက်ချင်လို့လား မင်းကို ရွဲ့ပြောနေတာကွ'

တင်ကိုက အောင်ထူးပခုံးကို ပုတ်၍ပြောမှ သဘောပေါက်သွားသည်။

'ဖွဟဲ့..လွဲပါစေ ဖယ်ပါစေ'

နေမင်းကိုကို မျက်နှာစူပုတ်ပုတ်နှင့် ကားဂိတ်ကိုထွက်လာသည်။

'ဘယ်လိုကောင်တွေလဲ မသိဘူး ကြောင်တောင်တောင်နဲ့ အဲဒါကြောင့်လည်း ငါနဲ့ပေါင်းလို့ရတာ'

နေမင်းကိုကို ကားစီးရန် အကြွေကို သူ့အိတ်ထဲမှာ နှိုက်ရှာရင်း ဆက်လျှောက်လာသည်။ ခေါင်းငုံ့ပြီးအကြွေရှာရင်း ရှေ့မှာ တည့်တည့်ဝင်လာသော မိန်းကလေးတစ်ယောက်ကို မမြင်။

ဖြစ်ချင်တော့ အဲဒီမိန်းကလေးကလည်း မိုးပေါ်ကို မော့ကြည့်ပြီး လျှောက်လာသည်။

နှစ်ယောက်လုံး မမြင်တော့..မျက်နှာချင်းဆိုင် ဝင်တိုက်မိကြပြီပေါ့။

'ဒုန်း'

'အမလေးတော့'

အော်သံနှင့်အတူ ကောင်မလေးက နောက်ပြန်လန်ပြီး လဲကျမလိုဖြစ်သွားသည်။

'ဟင်..ရှင်..လူတစ်ယောက်လုံး မမြင်ဘူးလား ဘယ်ကြည့်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



မျက်ထောင့်နီကြီးနှင့်ရန်တွေ့လာသဖြင့် နေမင်းကိုကို ပြန်တောင်းပန်ရသည်။

'ဆောရီးပါဗျာ…ကျွန်တော် အောက်ကို ကြည့်နေလို့ပါ'

'ဘာ…ရှင် မိုက်ရိုင်းလှချည်လား'

'ဟာ..မဟုတ်ဘူးလေ အောက်ကိုငုံ့ပြီး ပိုက်ဆံရှာနေလို့လို့ပြောတာ။ ခင်ဗျားကို ကြည့်တာမဟုတ်ဘူး'

တော်သေးတယ် ရှင်းပြလိုက်လို့..။ ဗမာစကားက အတော်ရှုပ်သည်။

'နေစမ်းပါဦး ကျွန်တော့်ကိုသာ ပြောနေ..ခင်ဗျားကရော မမြင်ဘူးလား'

'အဲ…ကျွန်မက အပေါ်ကို မော့ကြည့်နေလို့'

မိုးပေါ်ကို လက်ညှိုးထိုး၍ သူမကပြောသည်။

'နေစမ်းပါဦး…အပေါ်မှာ ဘာရှိလို့လဲ'

နေမင်းကိုကိုက မိုးပေါ်ကို မော့ကြည့်ပြီးမေးသည်။

မေးသာ မေးရသည်။ အပေါ်မှာ ဘာမှမရှိ။ နေပူတာပဲ ရှိသည်။

'အပေါ်မှာတော့ ဘာမှမရှိပါဘူး ကျွန်မက နေပူထဲသွားရင် နှာခေါင်းသွေးလျှံတတ်လို့ ခေါင်းမော့ပြီး လျှောက်နေတာ'

'ဩော်..ဟုတ်လား အဲဒါဆိုလည်း ဆက်သွားပါဗျာ တော်ကြာကျွန်တော့်ကြောင့် ခင်ဗျား သွေးလျှံနေဦးမယ်'

'ဟုတ်..သွားပြီနော် နောက်မှတွေ့မယ်'

ကောင်မလေးက ပြောပြီး..ခေါင်းမော့၍ ဆက်လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကို သူ့ကို ကြည့်ပြီး ရယ်လိုက်သည်။

'ဘယ်လိုလဲဟ နောက်မှတွေ့မယ်ပြောသွားသေးတယ် တစ်ခါ ရှာလဲ မမြင်ဖူးဘဲနဲ့'

နေမင်းကိုကို သူသွားရမည့်လမ်းကြောင်းကို ဆက်လျှောက်မည် ပြုစဉ်..

'ဟဲ့ ငါမြွေထိုး'

နာမည်ပြောင် ခေါ်ခံလိုက်ရသဖြင့် အံ့သြပြီး လှည့်ကြည့်လိုက် ရာ...

'ဟာ..နင်...နင် ဓာခြည်လင်း'

ဟုတ်ပါသည်။

သူ့ဆီတန်းတန်းမတ်မတ်လျှောက်လာသည်က ၁၀တန်းကျောင်း သားဘဝက ပိုက်ဘုတ်ပေါ်မှာ ပန်းချီဆွဲပေးခဲ့သော ဓာခြည်လင်း ဖြစ် သည်။

ဘေးမှာလည်း အဖော်မိန်းကလေးတစ်ယောက်ပါသည်။

'သိပ်ဟုတ်တာပေါ့ မတွေ့ရတာကြာပြီနော်'

အခုလို ငယ်သူငယ်ချင်းတွေ ပြန်ဆုံရသောအခါ နေမင်းကိုကို ဝမ်းသာသွားပါသည်။

ဘေးနားမှာပါလာသည့် အဖော်မိန်းကလေးကလည်း လှတပတ လေးဆိုတော့ ပိုပြီး ဝမ်းသာသွားသည်။

'အေးဟာ...မတွေ့ရတာ နှစ်နှစ်လောက်ကြာပြီ ဆိုတော့ နင် အသားတွေ ပိုမည်းလာတယ်နော်'

'ခွေးကောင် နင်က အရင်လို မျက်နှာပြောင်တုန်းပဲ'



www.burmeseclassic.com

www.burmeseclassic.com

ပါးပေါ်မှာ သနပ်ခါးလေးနဲ့
ကြောက်စရာ ကောင်းလိုက်တာကွာ





www.burmeseclassic.com

www.burmeseclassic.com



သောနားမှ ကောင်မလေးကတော့ ရယ်နေသည်။

ရယ်လိုက်မှ ပိုလှသည်။ ပဲရစ်ဟီလ်တန်လိုလို မိုးယုစံလိုလို။

'နှင်း ငါ့ကို ဘယ်လိုတွေ့တာလဲ'

'ခုန နှင်း ဟိုကောင်မလေးနဲ့စကားပြောနေကတည်းက ဘယ်သူလဲ နှင့်ရည်းစားလား'

'ဟုတ်တယ်..အဲ...ဟုတ်ပါဘူး တစ်ခါမှတောင် မမြင်ဖူးပါဘူးဟာ...ဝင်တိုက်မိသွားလို့ တောင်းပန်နေတာပါ'

'သြော်...အဲဒီလိုလား မသိပါဘူး'

'အေး...ဒါနဲ့ နှင်းဘယ်သွားမလို့လဲ'

'ငါတို့ ကန်တင်းသွားထိုင်မလို့ဟ နှင်းကော'

ပထမရည်ရွယ်ချက်က အိမ်ပြန်ရန် ဖြစ်သော်လည်း မတွေ့ရတာ ကြာပြီဖြစ်သောသူငယ်ချင်းနှင့်တွေ့ချင်တာက တစ်ပိုင်း၊ ကောင်မလေးလှလှလေးနှင့်အတူထိုင်ချင်တာက တစ်လုံး၊ ဖွန်ကြောင်ကြည့်ချင်တာက တစ်စိတ်ကြောင့် ဦးတည်ချက်ပြောင်းလိုက်ရတော့သည်။

'ငါလည်း ကန်တင်းသွားမလို့ဟ'

'ဟင်..ကန်တင်းက ဟိုဘက်မှာမဟုတ်ဘူးလား'

ကန်တင်းကို ကျောပေးပြီး ထွက်လာသည့်သူက ကန်တင်းသွားမလို့ဆိုတော့ ဇာခြည်လင်း ကြောင်သွားသည်။ နဂိုကတည်းက ကြောင်တောင်တောင်ရယ်။

'သြော်...အေး ဘယ်ကန်တင်းထိုင်ရင် ကောင်းမလဲလို့ စဉ်းစားရင်း လျှောက်လာတော့ ကန်တင်းကို ကျော်သွားတာ မသိလိုက်ဘူး'

'ဘယ်ကန်တင်းမှ မထိုင်နဲ့ ငါတို့နဲ့လိုက်ထိုင်'



www.burmeseclassic.com

www.burmeseclassic.com



'OK'

ဒီပွင်စောင့်နေတာမို့ အကြိုက်ဖြစ်သွားသည်။

ဒီလိုနှင့် အမည်မဖော်လိုသော ကန့်တင်းမှာ ထိုင်ကြတယ် ဆိုပါတော့။

'နင် ဘာမေဂျာယူထားတာလဲ ငမြွေထိုး'

'ငါက Law နင်ကော'

'ငါက chemistry'

'ဒါနဲ့ သူကရော'

နေမင်းကိုကိုက ဓာခြည်လင်းရဲ့ ဘေးနားမှ အလှပလေးလေးကို မေးလိုက်ခြင်းဖြစ်သည်။

သူမက ထောပတ်သီးဖျော်ရည်ကိုသာ အာရုံစိုက်ပြီး သောက်နေသည်။

'သူက ငါနဲ့ တစ်ခန်းတည်းပဲလေ…မိတ်ဆက်ပေးရမယ်။ သူ့နာမည်က နေကြာပွင့်…တဲ့။ ငါက သူနဲ့ပဲတွဲတာ'

အလိုက်သိသည့် သူငယ်ချင်းကြောင့် နာမည်လှလှလေးကို သိခွင့်ရသွားသည်။

စိတ်ထဲမှာလည်း ဓာခြည်လင်းကို ကျေးဇူးတင်လိုက်မိသည်။

ထပ်၍ မိတ်ဆက်ပေးမည့်အချိန်ကို မစောင့်နိုင်တော့။

'တွေ့ရတာ ဝမ်းသာပါတယ် ကျွန်တော့်နာမည် နေမင်းကိုကိုပါ နောက် လမ်းတွေ့ရင်လည်း ခေါ်လို့ရပါတယ်'

'ဟုတ်ကဲ့'

နေကြာပွင့်က တစ်လုံးတည်းပြောပြီး ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အေးတိအေးစက်နိုင်တာလေးကပင် သူ့အတွက် နွေးထွေးနေသည်။

'အဟမ်း··အဟမ်း···ဖြေးဖြေးပြောပါ နေမင်းကိုကိုရယ် ငါ့မျက်နှာလည်း တက်နင်းမိပါဦးမယ်'

ဇာခြည်လင်းက နောက်လိုက်သဖြင့် နေမင်းကိုကို ရှက်ရယ်ရယ်လိုက်သည်။

နေကြာပွင့်ကို လှမ်းကြည့်လိုက်တော့ ပါးစပ်မှာ ထောပတ်သီးဖတ် ပေလို့။

'ဟို···တစ်ခုပြောမယ် စိတ်မဆိုးနဲ့နော်'

နေမင်းကိုကိုစကားကြောင့် နေကြာပွင့် ကြောင်သွားသည်။ သူကတော့ နဂိုကြောင်တာ ဟုတ်ပုံမရ။

'ဘာ··ဘာများလဲ မသိဘူး'

'နေကြာရဲ့ပါးစပ်မှာ ထောပတ်သီးဖတ်ကြီး ကပ်နေတယ်'

ထိုအခါမှ နေကြာပွင့် သဘောပေါက်ပြီး တစ်ရှူးယူ၍ နှုတ်ခမ်းကို သုတ်လိုက်သည်။

တစ်ရှူးမှာ ခပ်ဖျော့ဖျော့ပန်းရောင် နှုတ်ခမ်းနီလေးက စွန်းကျန်သည်။ အဲဒီတစ်ရှူးကို လုံး၍ ဘေးနားမှာချထားလိုက်သည်။

'သြော်···ဒါနဲ့ ပြောရဦးမယ်။ သူက ဘယ်သူလဲ နင်သိလား'

'ဟင်··နင်ပဲ မိတ်ဆက်ပေးပြီးတော့ နေကြာပွင့်ဆို ဘာလဲ နင်စိတ်ဖောက်ပြန်သွားတာလား'

'ဟုတ်တယ် မနေ့ကမှ အရှုးထောင်ကဆင်းလာတာ။ အဲ··ဟုတ်ပါဘူး၊ ငါပြောတာက သူက ဘယ်သူ့တူမလဲလို့ နင်သိလား မေးတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သိမှာလဲဟ သူ့ကိုတောင် နင်မိတ်ဆက်ပေးမှသိတာလေ'

ဇာခြည်လင်း ဘာတွေ လာမေးနေလဲ မသိဘူးဟု တွေးလိုက်သည်။ ဒီကုလားမ စိတ်မှမှန်သေးရဲ့လား မသိ။

'အေး··သူက ငါတို့ ဆယ်တန်းပြဆရာမဒေါ်ခင်မျိုးဝေရဲ့တူမလေ'

'ဟင်'

နေမင်းကိုကို အခုမှ တကယ် အံ့သြသွားသည်။ တိုက်ပဲ တိုက်ဆိုင်လွန်းသည်ဟု ဆိုရမလား။ တီချယ်နှင့် ရေစက်မကုန်သေး၍ တီချယ့်တူမနှင့် လာဆုံသည်။

'သြော်··လက်စသတ်တော့ နေကြာက တီချယ့်တူမကိုး။ အဲဒါကြောင့် လှနေတာ'

နေမင်းကိုကိုစကားကြောင့် နှစ်ယောက်လုံးမျက်ခုံးပင့်သွားသည်။ သူကလည်း အလာချည်းပဲကိုး။

'နေကြာ··သူ့ကိုတော့ လျှော့မတွက်နဲ့နော် စာရေးဆရာရဲ့သား'

'ဟုတ်လား'

နေကြာပွင့်က မျက်လုံးလေးဝင့်၍ ကြည့်သည်။

'ပန်းချီလည်း ဆွဲတတ်တယ်ဆိုတာ ထည့်ပြောလိုက်ဦးလေ။ နင့်ခုံတို့ ငါ ပို့က်ဘုတ်ပေါ်မှာ ဆွဲပေးခဲ့တုန်းက ဘယ်လောက်လှလဲ'

'ခွေးကောင် အဲဒီကိစ္စ ထပ်မပြောနဲ့တော့နော် အကျင့်မကောင်းတဲ့ကောင်'

'ဟုတ်ပါပြီ···ဟား ဟား ဟား'

နေမင်းကိုကို ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေကြာပွင့်ကတော့ နားမလည်သည့် မျက်ဝန်းတွေနှင့်။

အင်းပေါ့လေ…သူက အဲဒီပုံမှ မမြင်ဖူးပဲကိုး။

နောက်ကြုံမှ ပြဦးမည်။

'ဩော်..ဒါနဲ့ နှင့်အဖေကော ကျန်းမာရဲ့လား'

စာခြည်လင်းရဲ့အမေးကြောင့် ဖျပ်ခနဲ အဖေ့ကို သတိရပြီး ရင်ထဲမှာ ဆို့နင့်သွားသည်။

'စာခြည်လင်းရယ်…နင်မေးတာ သိပ်ကိုနောက်ကျသွားပြီဟာ'

'ဘာဖြစ်လို့လဲဟင် နှင့်အဖေ ဆုံးသွားလို့လား'

'ဟာ..နင်ကလဲ မဦးမချွတ်'

'မ..မဟုတ်ဘူးလားဟင်'

'မနက်ဖြန်ရက်လည်'

'ဖြစ်မှဖြစ်ရလေဟယ်'

'ဒါနဲ့ ကိုနေမင်းကိုကိုရဲ့အဖေက ဘယ်သူလဲဟင်'

နေကြာက နေမင်းကိုကိုကို စိတ်ဝင်တစားမေးသည်။

'စာရေးဆရာ ဟင်းလင်းပြင်ညို့ပါ'

'ဩော်..ဟာသစာရေးဆရာပဲ တော်တော်ပေါက်တာပဲနော်'

'ဗျာ'

'အဲ..မဟုတ်ပါဘူး အန်တီခင်က ဟာသဝတ္ထုသိပ်ကြိုက်တာ အဲဒါကြောင့်..စာရေးဆရာဟင်းလင်းပြင်ညို့ရဲ့ စာအုပ်တွေ သူ့အိမ်မှာ တော်တော်ပေါတာပဲလို့ ပြောတာပါ'

'ဟုတ်တယ်…တီချယ်က အဖေ့ရဲ့ပရိသတ်လေ။ ဩော်..ဒါနဲ့ မနက်ဖြန် ရက်လည်ကျရင် နေကြာလည်း လာခဲ့ရမယ်နော် စာခြည်လင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတူလာခဲ့ပေါ့…ဖိတ်စာက ကုန်သွားလို့ ကျွန်တော် ပါးစပ်နဲ့ပဲ ဖိတ်လိုက်တော့မယ်…တီချယ်ကိုလည်း ခေါ်ခဲ့လေ'

နေကြာပွင့်က တစ်ချက် စဉ်းစားနေသောကြောင့် နေမင်းကိုကို ဓာခြည်လင်းကို စစ်ကူတောင်းသည်။

'ဟဲ့··ဓာခြည်လင်း မနက်ဖြန် နင်လာခဲ့နော်··ငါ့မှာ ဖိတ်စရာ နင်တို့ပဲရှိတာ ပြီးတော့…သူ့ကိုလည်း ခေါ်ခဲ့။ နင် ဝိုင်းပြောပေးပါဦး'

နေမင်းကိုကို၏တိုက်တွန်းမှုကြောင့် ဓာခြည်လင်းလည်း မနေနိုင်တော့။

'ဟုတ်ပါတယ် နေကြာရယ် လိုက်ခဲ့ပါ··ဟိုရောက်ရင် နင်ကြိုက်တဲ့ မုန့်ဟင်းခါး စားရမှာပေါ့'

'နင်ကလဲ ဘာတွေ လျှောက်ပြောနေတာလဲ သူများအဖေ ရက်လည်မှာ'.

နေကြာပွင့်ကမူ အသိတရားရှိသေးသည်။

ဓာခြည်လင်းက အထူအပါး နားမလည်သည့်ဟာမ။

'အဲဒါသာ ကြည့်တော့ နေကြာရေ··ဓာခြည်လင်းက နေကြာလောက်တောင် စဉ်းစားဉာဏ်မရှိဘူး'

အဲဒီလိုပြောတော့ ဓာခြည်လင်း နှုတ်ခမ်းစူသည်။ သူ့ချက်နှာနှင့် ဘယ်လိုမှ ကြည့်မကောင်း။

'နင်နော် ငါမလာဘဲ နေလိုက်မှာ'

'ဟိုး ဟိုး အဲဒီလို မလုပ်ပါနဲ့ဟာ ငါက အလကားနောက်တာပါ လာခဲ့နော်'

အဲဒီလိုပြန်ချော့လိုက်မှ ဓာခြည်လင်း ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မချော့လို့ မရ…သူ မလာရင်…နေကြာပွင့်လည်း ပါလာမှာ မဟုတ်။

'မြေမြှထိုး…မြေမြှထိုး နှင့်အကြံ ငါသိတယ်နော်'

စာခြည်လင်းက နေကြာပွင့်ကို မျက်ရိပ်ပြ၍ပြောသည်။ နေမင်းကိုကို မသိချင်ယောင်ဆောင်ပြီး မေးသည်။

'ဘာအကြံလဲဟ'

'နင့်ကိုယ်နင် သိမှာပေါ့'

အဲဒီအချိန်မှာ တင်ကိုနဲ့အောင်ထူး ကန်တင်းမှ ထွက်လာပြီး နေမင်းကိုကိုကို တွေ့သွားသည်။

'ဟာ…ဟော့ကောင် ဟိုမှာ နေမင်းကိုကိုကွ'

'အေး ဒီကောင် ငါတို့ကို ပြန်မယ်ပြောပြီး…ကောင်မလေးနှစ်ယောက်နဲ့ လာကြူနေတာကွ သွားမယ် ဟော့ကောင်'

အောင်ထူးနဲ့တင်ကို သူတို့ကန်တင်းထဲ ဝင်ချလာသဖြင့် နေမင်းကိုကို စိတ်ရှုပ်သွားသည်။ အတော်အလိုက်ကန်းဆိုးမသိတဲ့ နှစ်ကောင်။

'ဟော့ကောင် မင်းက ငါတို့နှစ်ယောက်ကို မလိမ့်တပတ်လုပ်ပြီး ပြန်မယ်ပြောတာ ဒီအကြံနဲ့ကိုးကွ'

ရှေ့မကြည့်နောက်မကြည့် ရမ်းသမ်းစွတ်ပြောသော တင်ကို ကိုပါးပိတ်ရိုက်ချင်စိတ်ပေါက်သွားသည်။

'မဟုတ်ပါဘူးကွာ…ငါ သူတို့ကို အဖေ့ရဲ့ရက်လည် ဖိတ်နေတာပါ'

တင်ကိုနဲ့အောင်ထူးက ခုံနှစ်ခုံဆွဲ ဝင်ထိုင်ရာ စားပွဲဝိုင်းလေးက အနားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတို့ ဘာမှာမလဲ'

'မမှာတော့ပါဘူး ညီလေးရာ··အစ်ကိုတို့က အခုလေးတင် စားပြီးထွက်လာတာ'

'ဘာစားတာလဲ ပဲကြီးလှော်လား'

နေမင်းကိုကိုက ဝင်နောက်သည်။

'မဟုတ်ဘူး သကြားလုံး အာ··ယောင်ကုန်ပါပြီ မင်း အသာနေစမ်းပါကွာ'

အောင်ထူးက မမှာဟုဆိုသောကြောင့် စားပွဲထိုးလေး ပြန်ထွက်သွားသည်။

'နေမင်း သူတို့က မင်းသူငယ်ချင်းတွေလား မိတ်ဆက်ပေးလေ'

အောင်ထူးက နေကြာပွင့်ကို မြင်၍ ဒီလိုမိတ်ဆက်ခိုင်းခြင်းဖြစ်သည်။

ဇာခြည်လင်း တစ်ယောက်တည်းဆို ဆိုင်ထဲတောင် ဝင်လာမှာမဟုတ်။

နေမင်းကိုကို မိတ်ဆက်မပေးချင် ပေးချင်နှင့် ဆက်ပေးလိုက်ရသည်။

ဒီလိုနှင့် သူတို့ငါးယောက် ခင်မင်သွားခဲ့သည်။

အောင်ထူးနဲ့တင်ကိုက အတင်း ခင်အောင်လုပ်တာလည်း ပါတာပေါ့။

အမိကကတော့ နေကြာပွင့်လို ဖွံ့ထွား စွင့်ကားနေတဲ့ နေကြာလေးရဲ့အလှမှာ ဝတ်ရည်စုပ်ချင်နေတဲ့ ပိတုန်းနှစ်ကောင်ဆိုတာ သူတို့မျက်လုံးတွေကြည့်တာနှင့် နေမင်းကိုကိုက သိသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာက နေကြာပွင့်က အဲဒီလောက်မဟုတ်ဘဲ အေးတိအေးစက်ဆက်ဆံနေလို့ တော်တော့သည်။

ယောကျ်ားလေး ဆိုတာ ကိုယ်စိတ်ဝင်စားမိတဲ့ မိန်းကလေးကို ဘယ်သူနဲ့မှ ပရောပရီမရှိစေချင်တာ သဘာဝပဲမဟုတ်လား။

မြန်မာစံတော်ချိန် ဖယ်ရီထွက်ခါနီးအချိန်မှာ သူတို့စကားဝိုင်းကို လက်စသတ်ပြီး ဆိုင်ထဲမှ ထွက်ခဲ့သည်။

ထွက်ခါနီးမှ နေကြာပွင့်ရဲ့နှုတ်ခမ်းနီစွန်းပေနေသော တစ်ရှူးလုံးလေးကို ဘယ်သူမှမသိအောင် ကောက်ယူပြီး အိတ်ထဲ ထည့်လိုက်သည်။ အိမ်ရောက်မှ အရှူးထပြီး အဝကြည့်မည်လေ။

❐



www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

တကယ်တော့ အချစ်ဆိုတာ အင်အားပြင်းလျှော့တစ်ခုဟု ဆိုရမည်ထင်သည်။

ကိုယ့်ကို တစ်သက်လုံးရှာဖွေကျွေးမွေးခဲ့သော ဖခင်အရင်း ဆုံးပါးသွားတာကို စိတ်ထဲမှာမေ့နေပြီး ခဏတွေ့လိုက်ရတဲ့ မိန်းကလေးတစ်ယောက်ကို တမ်းတမ်းတတဖြစ်နေမိတဲ့သူကို သားဆိုးသားမိုက်ဟု ဆိုလိုက ဆိုလေတော့။

လျှော့ဒဏ်က ရှန်းမထွက်နိုင်တဲ့ အချစ်ဒုက္ခသည်မို့ မေတ္တာကို ထမင်းထုပ်သလိုထုပ်ပြီးလာပို့လျှင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။

အဖေ့ရဲ့ရက်လည်မှာ လာရောက်စားသုံးတဲ့ ဧည့်သည်ကို ပန်းကန်ထဲ မုန့်ဟင်းရည်ထည့်ပေးရမည့်အစား အင်္ကျီအိတ်ကပ်ထဲ ထည့်ပေးခဲသည်အထိ စိတ်အာရုံကို ညို့စားချက်က ပြင်းထန်သည်။

အဲဒီတော့ အဲဒီဧည့်သည်ကို သူ့အင်္ကျီအစားပြန်ပေးပြီး သောက်လိုက်ရသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဖေမရှိတော့ အဖေ့ကိုယ်စား သူ့ဘဝဆက်လက်အသက်ရှင်ရပ်တည်ဖို့ ခံဝန်ကတိထိုးထားသော အဘွားကတော့ ပြောပါသည်။

'သား နှင့်စိတ်တွေ ဘယ်ရောက်နေလဲတဲ့'

'ဘယ်ရောက်ရမလဲ အဘွားရယ်…နှလုံးသားရဲ့နီးနားရာ အိုအေစစ်လေးတစ်ခုဆီပေါ့'

လို့ ပြောလိုက်ချင်သော်လည်း တကယ်ပြောဖြစ်သည်က

'အပြင်ကို ငေးလိုက်မိလို့ပါ အဘွားရယ်'

ငေးမှာပေါ့….

အပြင်မှာရောက်လာတာက ဒေါ်ခင်မျိုးဝေနှင့်ဇာခြည်လင်းအပြင် သူမျှော်လင့်တောင့်တနေတဲ့ နေကြာပန်းလေး။

အကျိုးကိစ္စပြီးတော့မှ ဒေါ်ခင်မျိုးဝေတို့ ဝိုင်းထဲဝင်ကာ လိုလေသေးမရှိ ညှိခဲ့တော့သည်။

'တီချယ် မတွေ့ရတာကြာပြီနော်…ကျွန်တော်က တီချယ့်ကို အချိန်တိုင်း သတိရနေတာ'

ဒေါ်ခင်မျိုးဝေကတော့ မျက်နှာမကောင်း။

'သားရယ် တီချယ်ဆို သားကို ပိုတောင်သတိရတာပေါ့…ဆယ်တန်းအောင်စာရင်း ထွက်ပြီးကတည်းက…သားက တီချယ့်အိမ်တောင် မလာဘဲကိုး။ အခု သားအဖေသေတယ်ဆိုတာတောင် တူမလေးနေကြာပြောမှ သိရတာ။ တူမလေးက တီချယ်နဲ့အတူ နေနေတာလေ။ သူ့အဖေနဲ့ အမေက နိုင်ငံခြားထွက်ပြီး စီးပွားရှာနေလို့ လောလောဆယ် တီချယ်နဲ့ ခေါ်ထားတာ'

'ဪ…ကျွန်တော့်မှာ အခုဆို အဖေမရှိတော့ အဘွားနဲ့ပဲ နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။အဲဒီတော့ တီချယ့်ကို ကိုယ့်ရဲ့မိဘလို အဒေါ်အရင်းလို သဘော ထားပြီး နောက်ဆို လာလည်မယ်နော် တီချယ်'

'အေး…အေး…ကောင်းတာပေါ့'

သူက သူ့အကြံနှင့်သူ။

ရွှေစွန်ညိုက ဘာကိုလိုလို့ ဝဲချင်တယ် မသိသော ဒေါ်ခင်မျိုးဝေ အတော့ ပြုံးပြီး သဘောတူလိုက်သည်။

နေကြာပွင့်လေးကတော့ မုန့်ဟင်းခါးပန်းကန်ထဲ မျက်နှာဝင်သွား မှာ စိုးရသည်။

ဒါကြောင့် ဇာခြည်လင်းက မုန့်ဟင်းခါး ကြိုက်တယ်လို့ ပြောခဲ့ တာကိုး။

'နေကြာ ဘာမှ အားမနာနဲ့နော် အဝစား၊ ကုန်ရင်ထပ်ထည့်လိုက် မယ် သိလား‥ဒီမုန့်ဟင်းခါးက မြောင်းမြလက်ရာ‥အဘွားက မြောင်းမြ သူလေ'

နေကြာပွင့်က ဘာမှမပြော။ ခေါင်းလေးသာ ညိတ်ပြလိုက်တော့ သည်။ အဲဒီအချိန်မှာ အဘွားက သူတို့ဝိုင်းနားရောက်လာ၍ အဘွားနှင့် မိတ်ဆက်ပေးလိုက်သည်။

အဘွားက နေကြာပွင့်လေးကို မြင်မြင်ချင်း မြေးတော်ချင်စိတ် ပေါက်သွားမည်ထင်သည်။ (ဖြစ်ချင်တာ ပြောရတာလေ)

အဲဒီအချိန်မှာ အဖျက်သမားနှစ်ကောင် ရောက်လာသည်။

'နေမင်း အပြင်မှာ ဧည့်သည်တွေ ထပ်ရောက်လာတယ်‥ငါ့ ညီ မသိဘူး။ မင်း သွားဧည့်ခံလိုက်‥ငါတို့ ဒီဝိုင်းကို ဆက်ပြီး တာဝန်ယူ ထားလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



အရေးကောင်းတုန်း ဒိန်းဒေါင်းလာဖျက်သောကြောင့် တင်ကိုကို အမြင်ကတ်ကတ်နှင့် ခြေထောက် တက်နင်းရင်း ထွက်သွားလိုက်သည်။

အကုသိုလ်များ ဝင်ချင်တော့ ခြေထောက်အနင်းခံလိုက်ရသော တင်ကို…နေမင်းကိုကို့ကို ဆောင့်တွန်းလိုက်ရာ ဟန်ချက်ပျက်ပြီး တစ်ဖက်ဝိုင်းမှာစားနေသော အဘိုးကြီးကိုဝင်တိုက်မိသဖြင့်‥ပါးစပ်ထဲထည့်ရန်ပြင်နေသော မုန့်ဟင်းခါးဖွန်း အဘိုးကြီးအာခေါင်ကို ထိုးမိသွားသည်။

'အား'

နေမင်းကိုကိုလည်း အရှိန်မထိန်းနိုင်တော့ဘဲ စားပွဲဝိုင်းပေါ် လဲကျမလိုဖြစ်သွားသောကြောင့် ထောက်မိထောက်ရာ လက်ထောက်လိုက်ရာ အဘိုးကြီးနှင့်အတူ မုန့်ဟင်းခါးငုံ့စားနေသော အဘွားကြီးခေါင်းပေါ် ဘက်မိသဖြင့် အဘွားကြီး ဟင်းရည်ပန်းကန်ထဲ မျက်နှာရောက်သွားသေးသည်။

'ဟာ…ဟာ…မင်း ဘယ်လိုလုပ်လိုက်တာလဲ'

အချို နေမင်းကိုကို လူးလဲထရင်း လက်အုပ်ချီ တောင်းပန်သည်။

'ကန်တော့…ကန်တော့ပါ‥‥အဘရယ် မမြင်လို့ပါ'

'ဘာကွ‥ဘာအဘလဲ။ နေ့ခင်းကြောင်တောင်ကြီး မမြင်ဘူးဆို တော့ ငါ့ကို အသားမည်းတယ်လို့ ပြောတာလား'

အဘိုးကြီးက ဒေါသမထိန်းနိုင်ဘဲ နေမင်းကိုကိုကို ဆွဲထိုးလိုက် ရာ နေမင်းကိုကိုက ငုံ့အရှောင် အနောက်မှ ဟင်းရည်ပန်းကန်ထဲမျက်နှာ ရောက်သွားသော အဘွားကြီးက အထနှင့် အဘွားကြီးမျက်နှာပေါ် အဘိုး ကြီး လက်သီးရောက်သွားတော့သည်။

'ခွပ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ...သွားပြီ'

နေမင်းကိုကို ဘုရားတ,လိုက်သည်။

အဘွားကြီးကလည်း မခံ။

'ဟင်...ရှင်က ကျွန်မကို ထိုးတယ်ပေါ့'

'ဟာ...မဟုတ်ဘူး မဟုတ်ဘူး'

'ဘာ မဟုတ်ရမှာလဲ..ရှင် ကျွန်မကို မကျေနပ်နေတာ ကြာပြီ မဟုတ်လား...ကဲဟယ်'

အဘွားကြီးက အဘိုးကြီးကို ဂျပန်ပါးရိုက်နည်းနှင့်ဆုံးမလိုက်တော့သည်။

'ဖြန်း'

အဲဒီလိုနှင့် စာရေးဆရာဟင်းလင်းပြင်ညီရဲ့ရက်လည်က အဘိုးကြီးနှင့်အဘွားကြီး နပန်းလုံးသည့်ပွဲ ဖြစ်သွားသည်။ နေမင်းကိုကိုလည်း ရှင်း၍မနိုင်တော့သဖြင့် ပုဆိုးမပြီး ပြေးလေသည်။

အောင်ထူးနှင့်တင်ကိုက အဘိုးကြီးနှင့်အဘွားကြီးကို တစ်ဖက်စီ ဝင်ဆွဲရင် ဖျန်ဖြေလိုက်မှ ရန်ပွဲက ပြီးတော့၏။

ဧည့်သည်တွေလည်း အခြေအနေမကောင်းသဖြင့် ထပြန်ကုန်ကြလေရာ နေကြာပွင့်တို့ဝိုင်းပဲ ကျန်ခဲ့တော့သည်။

ဒေါ်ခင်မျိုးဝေကတော့ မသက်မသာညည်းသည်။

'ငမြွေထိုး ငမြွေထိုး နင်က ခုထိ မွေနေတုန်းပါလား'

အဲဒီနေ့က ငမြွေထိုးကြောင့် ပျင်းစရာရက်လည် မဟုတ်တော့ဘဲ ညည်ကားသိုက်မြိုက်ခဲ့တာ အမှန်။

□



www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

'ဟား ဟား ဟား ဟား'

'မရယ်နဲ့ တင်ကို။ အဲဒါ မင်းကြောင့်ကွ။ မင်း ငါ့ကို တွန်းလိုက်လို့ အဲဒီလိုဖြစ်သွားတာ'

'မင်းက ငါ့ခြေထောက်ကို တက်နင်းတာကိုးကွ ငါလည်း နာပြီး တွန်းလိုက်တာပေါ့'

အောင်ထူးက ကြားထဲဝင်၍ ဖျန်ဖြေပေးသည်။

'ကဲ…ကဲ…မကိုက်ကြပါနဲ့ကွာ တစ်ယောက်ကို ထန်းလျက်ခဲ တစ်လုံးစီကျွေးမယ် ဟုတ်ပြီလား'

'ခွေးကောင်'

နေမင်းကိုကိုက မေတ္တာပို့သည်။

'ဒါပေမယ့် ငါတို့နှစ်ယောက်သာ မဆွဲရင် အဘိုးကြီးနဲ့အသွား ကြီးရန်ပွဲက ခါးထဲက ပုဆိုးတွေ ထဘီတွေတောင် ရှိတော့မှာ မဟုတ်ဘူး နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် နေမင်း မင်းကလည်း ပြေးတာ တန်းနေတာပဲ'

'မဟုတ်ပါဘူး။ ငါ..ငါရုတ်တရက် ဗိုက်နာလာလို့ အိမ်သာပြေးတာပါ'

အောင်ထူးက တစ်ချက်ရယ်ပြီး ပြောသည်။

'မင်းအသွားကတော့ နောက်ဆို မင်းမွေသမျှ ခံရတော့မှာပဲ'

'တော်စမ်းပါကွာ ငါက မွေတာ မဟုတ်ဘူး။ သူ့ဘာသာသူဖြစ်ချင်လို့ဖြစ်သွားတာ'

'နေစမ်းပါဦးကွ မင်းက ဘာလို့ တင်ကို့ခြေထောက်ကို တက်နင်းရတာလဲ'

အောင်ထူး၏အမေးကို တင်ကိုက ဝင်ဖြေသည်။

'ငါထင်တာတော့ ဒီကောင် ဓာခြည်လင်းနားက မခွာနိုင်ဖြစ်နေတုန်း ငါ လာပ,ထုတ်လိုက်လို့ တင်းပြီး နင်းတာဖြစ်မှာပေါ့'

'မင်းကြီးတော် ဓာခြည်လင်းနားက မခွာနိုင်ဖြစ်စရာလား..ငါမခွာနိုင်တာ နေကြာပွင့်နားကကွ'

ရုတ်တရက်လွှတ်ကနဲထွက်သွားသော စကားကြောင့် ကိုယ့်ကိုယ်ကိုတောင် အံ့သြမိသည်။

နေကြာပွင့်က အဲဒီလောက်တောင် ကြီးလား။ (ဆွဲအား)

'ဟေ့ကောင်..ဟေ့ကောင်..ဒါတော့ ငါခွင့်မပြုနိုင်ဘူး နေကြာပွင့်က ငါ့ချစ်သူကွ'

အောင်ထူးက ပါးစပ်အရသာခံပြီး ဝင်ပြောသည်။

'အောင်မာ ရာရာစစ။ ဟမ်ဘာဂါကို ခွေးလျက်ရတယ်ဆိုတာ မင်းသိပ်လိုချင်တယ်ဆိုရင် ငါကွာပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကို ဒီနှစ်ကောင်ကို သည်းမခံနိုင်တော့။

'တဏှာရူးတွေ...လျှာအရသာ ခံပြီး ချိုချဉ်စုပ်မနေနဲ့။ မင်းတို့နဲ့ သိပ်လိုက်တဲ့ကောင်မလေးတစ်ယောက် ငါတွေ့ထားတယ်'

'ဘယ်သူလဲ'

နှစ်ယောက်လုံး စိတ်ဝင်စားသွားသည်။

'ဇာခြည်လင်း'

နေမင်းကိုကိုပါးစပ်က ဇာခြည်လင်းဟု ခေါ်လိုက်သည်မှာ ဇာခြည်လင်း သူတို့ဆိုင်ထဲ ဝင်လာ၍ဖြစ်သည်။

ဒါကို ကျောပေးထားသော နှစ်ကောင်က မမြင်။

'အဲဒီကုလားမ မင်းပဲ ယူ။ နာမည်ကသာ လှနေတာ ဇာခြည်လင်း..တဲ့။ လူကတော့ ကတ္တရာပုံးထဲက ထွက်လာတဲ့အတိုင်းပဲ'

အောင်ထူးက မမြင်ဘဲ စွတ်ပြောနေရာ နေမင်းကိုကိုက လှမ်းဟန့်သည်။

'ဟေ့ကောင်...မှားနေပြီနော်'

တင်ကိုကလည်း

'ဒီကောင်ပြောတာ ဘာမှားလို့လဲကွ။ ဘာလဲ...မင်းမိန်းမထိလို့နာနေတာလား။ မနာပါနဲ့ကွာ...နာချင်းနာ ဇာခြည်လင်းက နာရမှာ'

'ဟဲ့ သေနာတွေ'

နှစ်ကောင်လုံး နောက်လှည့်ကြည့်လိုက်ရာ ဇာခြည်လင်း၏ မယ်ကုဝဏ်လိုမျက်နှာကို ရင်ဆိုင်လိုက်ကြရသည်။

'ဟိုက်...သေပြီ'

အဲဒါကြောင့် ရှေ့ပြောနောက်ကြည့်လို့ ရှေးလူကြီးတွေက စကား



www.burmeseclassic.com

www.burmeseclassic.com



ပုံထားခဲ့တာကို···နှစ်ကောင်လုံး ဇာခြည်လင်းကို ခြေသလုံးဖက်တောတ်
တောင်းပန်တော့သည်။

'ငါတို့က နင် အနောက်မှာ ရောက်နေမှန်း သိလို့ သက်သတ်
နောက်တာပါဟာ စိတ်မဆိုးပါနဲ့နော်'

'ဟုတ်ပါတယ်ဟာ တကယ်တော့ နင်က ညီျချောလေးပါ'

နေမင်းကိုကိုလည်း အဲဒီနှစ်ကောင်ဘက်မှဝင်ပြီး ပြောပေးသည်။
သူငယ်ချင်းတွေ စိတ်ဝမ်းကွဲတာမျိုး မဖြစ်စေချင်။

'ခွင့်လွှတ်လိုက်ပါ ဇာခြည်လင်းရယ်···သူတို့က နင့်ကို ဝန်ချ
တောင်းပန်နေပြီပဲ···နင် အချခံလိုက်ပါ။ အဲလေ··တောင်းပန်တာ ခံလိုက်
ပါ'

'ငမြွေထိုး··စကားကို ရှင်းရှင်းလင်းလင်း ပြောနော်။ နင် ငါ့တို
မျက်ခွက်ပြောင်လာတာ ဆယ်တန်းကတည်းက၊ အခုလည်း···သူတို့နှစ်
ယောက်ကို နင်ပြောခိုင်းတာ မဟုတ်လား'

'မဟုတ်ပါဘူးဟာ···သူတို့နှစ်ယောက်က နင့်ကို အတင်းချနေ
လို့'

'ဘာ··နင်··မိုက်ရိုင်းလှချည်လား'

'မဟုတ်ဘူးလေ အတင်းပြောနေတာ ပြောတာ'

သူပြောမှပိုရှုပ်ကုန်သဖြင့် တင်ကိုနှင့်အောင်ထူး စကားစ အတင်
ဖြတ်လိုက်ရတော့သည်။

'ဟော့ကောင် မင်းပြောမှ ပိုရှုပ်ကုန်ပြီ'

'အေးလေ··ထိုင်ပါဦး ဇာခြည်လင်းရယ် နေကြာပွင့်တော မ
ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'မထိုင်တော့ဘူး နင်တို့ကို လာဖိတ်တာ'

'ဘာလဲ…နင် မင်္ဂလာဆောင်တော့မလို့လား'

အောင်ထူးက ထင်ရာပြောသည်။

'အေး..ကုလားကြီးနဲ့။ အာ…ယောင်ကုန်ပါပြီ။ ဘယ်က မင်္ဂလာဆောင်ရမှာလဲ..နေကြာပွင့်က ဒီည ၇နာရီ သူ့မွေးနေ့ပါတီပွဲကို ခြံမှာ ကျင်းပမှာမို့လို့ နင်တို့သုံးယောက်ကို ဖိတ်ခိုင်းလိုက်တာ'

'ဟာ…တကယ်'

'ဟင့်အင်း…နောက်တာ'

ဇာခြည်လင်းက ပြောပြီး ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြန်ထွက်သွားသည်။ သူလည်း အနောက်သန့်တာကိုး။

နေမင်းကိုကိုကတော့ ကြိတ်၍ အောင်ပွဲခံလိုက်သည်။

'ရက်စ်…ဒီညတော့ ရင်ခုန်သံတွေ ခမ်းနားပြီ'

❐



www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

ဒေါ်ခင်မျိုးဝေရဲ့ ခြံကျယ်ကြီးထဲမှာ ပါတီပွဲလေးက စည်ကား သိုက်မြိုက်နေသည်။

စားသောက်စရာတွေကလည်း အစုံအလင်။

အမိကကတော့...ယိုးဒယားကင်နှင့် မုန့်လင်မယား အပါအဝင် ယောက်ျားလေးတွေအတွက် ဘီယာ၊ ဝိုင်နှင့် ဝီစကီပါ အဆင်သင့်။

အထူးသဖြင့် အဲဒီညမှာ ထင်ပေါ်နေသည်က နေကြာပွင့်။

ဂါဝန်ဖြူလေးဝတ်ပြီး ဧည့်သည်တွေကို ဧည့်ခံနေသည်။

ဖွင့်ထားသည့် သီချင်းသံကလည်း ကိုကိုက ရွှေမင်းသား ကျွန်မက စင်သရဲလား။ အဲလေ...စင်ဒရဲလား ဆိုတော့ မသိလျှင် စင်ဒရဲလား မလေးလိုပင်။

ရွှေမင်းသားကတော့ အထူးပြောနေစရာ မလို..င်ပြာရည်ပေါ့။ အဲလေ....ကျွန်ုပ်တို့၏ ဓာတ်လိုက်ကျော်ကြီး နေမင်းကိုကိုပေါ့။

နေကြာပွင့်က သူတို့ဝိုင်းသို့ ရောက်လာသည်။

'ကိုနေမင်းတို့ စားကြနော် ဘာမှ အားမနာနဲ့ မုန့်လင်မယားက အန်တီခင်ကိုယ်တိုင်လုပ်တာ ယိုးဒယားကင် လိုချင်ရင် ထပ်ယူပေးမယ်'

'ရပါတယ် နေကြာရယ် လုံလောက်ပါပြီ နေကြာအတွက် ကိုယ်ထိ လက်ဆောင်ယူလာတယ်'

'ဟုတ်လား အားနာစရာကြီးရှင် ဘာလက်ဆောင်လဲဟင်'

'ရော့'

နေမင်းကိုကိုက အဆင်သင့်ယူဆောင်လာသော နှင်းဆီပန်းစည်း ကြီးကို နေကြာပွင့်ရှေ့ကို ထိုးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၃)

ဒေါ်ခင်မျိုးဝေ အတန်းထဲ ဝင်ဝင်ချင်း ပို့က်ဘုတ်ပေါ်မှာရေးဆွဲထားသောပုံကြောင့် ပြုံးစိစိဖြစ်သွားသည်။

ဘယ်သူဆွဲထားမှန်း မသိပေမယ့် ပုံလေးရဲ့အောက်မှာ 'ဇာခြည်လင်း မြောင်းထဲမှာ ရေချိုးပြီး သနပ်ခါးသွေးလိမ်းနေပုံ' ဟု စာတန်းထိုးထားသဖြင့် ရယ်ချင်သွားသည်။

ဇာခြည်လင်းဆိုတာ မျက်စိစွေစွေနှင့်ကုလားမလေး။

ဘယ်သူကများ လက်ဆော့ပြီး ဆွဲထားလဲဟု တွေးလိုက်စဉ် ဇာခြည်လင်းဆိုသော ကုလေးမလေးက မတ်တတ်ထရပ်၍ တိုင်သည်။

'ဆရာမ··သမီးပုံကို မြွေထိုး ပို့က်ဘုတ်ပေါ်မှာ ရုပ်ပြောင်ဆွဲထားတယ်။ အဲဒါ··ဆရာမ သူ့ကို ဆုံးမပေးပါ'

ဇာခြည်လင်း၏တိုင်ကြားချက်ကြောင့် တရားခံကို ဒေါ်ခင်မျိုးဝေ သဘောပေါက်သွားသည်။

ထို့ကြောင့် နေမင်းကိုကိုကို လှမ်းကြည့်ရာ သူအပေါ်အခင် ဘေး



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်…လှလိုက်တာ'

နေကြာပွင့်နှင်းဆီပန်းတွေကို ခိုက်သွားပြီး နေမင်းကိုကို လက်ထဲမှ လှမ်းယူသည်။

'ကျေးဇူးတင်ပါတယ် ကိုနေမင်း…ကျွန်မက နှင်းဆီပန်း သိပ်ကြိုက်တာ'

'ဟုတ်လား တစ်နေ့ ဘယ်နှပွင့်စားလဲ'

'သုံးပွင့်…အဲလေ'

'သြော်…ဒါဆို ပန်းစားဘီလူးမပေါ့'

'ရှင်'

'သြော်…ယောင်ကုန်ပါပြီ။ မုန့်ဟင်းခါးနဲ့ရောသွားလို့ ဆောရီး ဆောရီး…တစ်နေ့ ဘယ်နှပွင့်ပန်လဲ မေးတာ'

'ဟင်း…ဟင်း…ကိုမြွေထိုးက သိပ်နောက်တာပဲ'

သူ့နာမည်ပြောင်ကို ခေါ်ပြီး နေကြာပွင့် အနားမှ ထွက်သွားရာ နေမင်းကိုကို ဟတ်ကော့ကြီး ကျန်ခဲ့သည်။

'ဟား…ဟား…ဟား မင်းရဲ့ငယ်နာမည်ကို နေကြာပွင့်တောင် အလွတ်ရနေပြီကွ'

အောင်ထူးက သဘောကျစွာရယ်နေသည်။

နေမင်းကိုကိုက သူ့ကို ကျောခိုင်းထွက်သွားသော နေကြာပွင့်ကို ကြည့်၍ အကြံတစ်ခုရပြီး လွယ်အိတ်ထဲမှ စာရွက်တစ်ရွက်နှင့် ခဲတံတစ်ချောင်းကို ထုတ်လိုက်သည်။

တင်ကိုက အဲဒါကိုကြည့်ပြီး မေးသည်။

'ဒါတွေက ဘာလုပ်ဖို့လဲကွ'

'စောင့်ကြည့်လေ'


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'ဆိုးတော့ မဆိုးဘူးကွ အဲဒီပုံက နေကြာပွင့်ကို ပေးမလို့လား'

'ဒါပေါ့ကွ‥မင်း မဆိုးဘူး…တော်တယ်။ ဘယ်လိုလဲ သူနဲ့တူရဲ့လား'

အောင်ထူးက ဝင်ပြောသည်။

'လှတော့ လှပါတယ်။ ဒါပေမယ့် မင်းပုံထဲက ကောင်မလေးက တစ်ခုခုကို ဆွေးပြီး မှိုင်နေသလိုပဲ‥သူက အခု သူ့မွေးနေ့မှာ ပျော်နေရမှာလေ ပြုံးနေတဲ့ပုံဖြစ်ရမှာ'

အောင်ထူးစကားကြောင့် နေမင်းကိုကို သူ့ကိုကို သေချာပြန်ကြည့်သည်။

ဟုတ်ပ။ ကောင်မလေးက လင်ပျောက်လို့ မှိုင်နေတဲ့ဒီဇိုင်းနှင့်။

'ခက်တော့နေပြီကွ‥ငါလည်း ခဲဖျက်က ပါမလာတော့ ပြင်လို့မရဘူး…မင်းတို့မှာ ပါလား'

'ဘယ်ပါမှာလဲကွ။ ငါတို့က မွေးနေ့ပွဲလာတာ‥စာလာသင်တာမှ မဟုတ်တာ။ မင်းသာ အရူးထပြီး သွားလေရာ လွယ်အိတ်တစ်လုံးနဲ့ စာရွက်တွေ ခဲတံတွေပါတာ'

တင်ကိုက ဝင်ပြောသည်။

'မထူးတော့ဘူးကွာ ဒီအတိုင်းပဲ ပေးလိုက်မယ် အဲဒါက အရေးကြီးပါဘူး အရေးကြီးတာက သူကြိုက်ဖို့ပဲ'

'အေပေးကွာ'

'ဟော့ကောင် စကားကို ရှင်းအောင်ပြော'

'အေး‥ပေးကွာလို့'

နေမင်းကိုကို ထိုင်ရာမှထ၍ နေကြာပွင့်လေးရှိရာသို့ တစ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း လျှောက်သွားတော့သည်။

နေကြာပွင့်က ယိုးဒယားကင်တစ်ချောင်းကို ယူ၍ ကင်နေချိန် နေမင်းကိုကို အနောက်ရောက်လာသည်။

'နေကြာ'

'ရှင်'

နေကြာပွင့် နောက်လှည့်ကြည့်၍ ထူးသည်။

'ကိုနေမင်းပါလား ဘာလိုလို့လဲ'

'ဘာမှမလိုပါဘူး နေကြာ့ကို လက်ဆောင်တစ်ခု ပေးချင်လို့'

'ဟင်.. ခုန ပေးပြီးပြီ မဟုတ်လား ဘာလဲ ဒီတစ်ခါ ဟိုနှစ်ယောက် ပေးခိုင်းလိုက်တာလား'

ဟိုနှစ်ယောက်ဆိုသည်မှာ အောင်ထူးနှင့် တင်ကိုကို ပြောခြင်း ဖြစ်သည်။

'အလကားပါ သူတို့က ပေးဖို့ နေနေသာသာ တစ်ဖြဲနှစ်ဖြဲ မျိုး ဆို့နေတာ မြင်တဲ့အတိုင်းပဲလေ'

နေမင်းကိုကိုက သူ့သူငယ်ချင်းနှစ်ယောက်ကို မေးငေါ့၍ ပြော သည်။

ထိုနှစ်ယောက်ကလည်း နေကြာပွင့်လှမ်းကြည့်သောအခါ မာန် တက်ပြီး ရင်ကို ကော့ထားလိုက်သည်။

'ကိုနေမင်းရယ်..ကိုယ့်သူငယ်ချင်းတွေကို အဲဒီလောက် အရှုံး တင်ရသလား။ ကဲ..အခု ဘာပေးမှာလဲ ပြော'

'အာဘွား'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'အဲ...ဟုတ်ပါဘူး ယောင်သွားလို့ ဒီမှာ'

နေမင်းကိုကိုက နေကြာပွင့်ကို သူ့ပုံလေးထိုးပြလိုက်ရာ နေကြာပွင့် အပြတ်ခိုက်သွားသည်။

'ဟင်...ပုံကလဲ ခေါင်းကြီးကိုယ်သေး ကလေးရုပ်လေးနဲ့'

နေမင်းကိုကို အားတောင်မရှိတော့သလို ဖြစ်သွားသည်။

'နေကြာရယ်..ကိုယ်က ကာတွန်းဆန်ဆန် ချစ်စရာလေး ဆွဲထားတာပါ။ ဘာလဲ...မကြိုက်လို့လား'

နေကြာပွင့်က နေမင်းကိုကိုကိုကြည့်၍ ရယ်သည်။

'ဟင်း..ဟင်း အလကားနောက်တာပါရှင် ရုပ်ကြီးက ဖြစ်သွားလိုက်တာ...ပုံလေးကို ကြိုက်တာပေါ့။ ယူမယ်...ပေး'

ထိုအခါမှ နေမင်းကိုကို ဝမ်းသာနိုင်တော့သည်။

'ရော့...ဒါနဲ့ တီချယ်ကိုရော မမြင်ပါလား ဘယ်ရောက်နေလဲ'

'အန်တီခင်နဲ့ ဓာခြည်လင်းက ညှော်သည်တွေကို သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေဖို့ အဝတ်အစား လဲနေကြတယ်..ခဏနေ ထွက်လာလိမ့်မယ်'

'ဟင်...တီချယ် သီချင်းဆိုမယ်'

'ဟုတ်တယ် နေကြာ့မွေးနေ့မှာ ညှော်သည်တွေကို ဖျော်ဖြေချင်လို့ စိန်ခြူးကြာညောင်သီချင်းနဲ့ စင်ပေါ်တက်ဆိုမှာလေ ဓာခြည်လင်းက ဟာမိုနီလိုက်မှာ'

'ဪ..တော်တော်ပျင်းဖို့ကောင်းမှာပဲနော်..အဲလေ တော်တော်ပျော်ဖို့ ကောင်းမှာပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ အန်တီခင်က အဆိုသိပ်ကောင်းတာ သူ့ အိမ်မှာ ကာရာ
အိုကေဆိုပြီဆိုရင် ဘေးအိမ်တွေ မနေနိုင်ကြဘူး'

'ခဲနဲ့ ပိုင်းထုတာလားဟင်'

'မဟုတ်ပါဘူး..လာနားထောင်ကြတာ'

'ဪ'

နေကြာပွင့်က ကျက်သွားသောယိုးဒယားကင်ကို မီးဖိုပေါ်မှချ
ထုတ်လိုက်ပြီး

'နေကြာ တခြားဝိုင်းတွေကို သွားညှော်ခဲလိုက်ဦးမယ်နော် ကိုမေ
မင်း လိုတာရှိရင် လှမ်းပြောလိုက်'

'အင်း..ဒါဆို သွားပြီနော်'

နေကြာပွင့်က ခေါင်းညိတ်ပြလိုက်သည်။

နေမင်းကိုကို နေကြာပွင့်ကို နှုတ်ဆက်ပြီး သူ့ဝိုင်း သူပြန်သွား
ထိုင်သည်။

အောင်ထူးနှင့်တင်ကိုက ဘယ်လိုလဲ ဆိုသည့်သဘောဖြင့် မေး
ငေါ့ရာ နေမင်းကိုကိုက ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။

အောင်ထူးက သူ့ရှေ့မှ ဝီစကီကို အချိုရည်ခွက်ထဲ ရောထည့်
လိုက်သည်။

'ဟေ့ကောင် ဘာလို့ ရောတာလဲ အရသာပျက်ကုန်ဦးမယ်'

တင်ကို၏အမေးကို အောင်ထူးက ပြန်မေးသည်။

'ဘာအရသာပျက်တာလဲ အချိုရည်လား ဝီစကီလား'

'ဟဲ...ဟဲ...အချိုရည်ကို ပြောတာပါ'

'နေစမ်းပါ တင်ကိုရာ။ မင်းအကြောင်း မသိရင်ခက်မယ် ဒီမေ



www.burmeseclassic.com

www.burmeseclassic.com



ဘူမှာ ဘယ်သူမှ အားနာဖို့မလိုဘူး အဝသာသောက်။ ကုန်သွားရင် ထပ်မှာလို့ ရတယ်'

နေမင်းကိုကို အားပေးလိုက်သဖြင့် တင်ကို အားတက်သွားပြီး သူတို့ရှေ့မှခွက်တွေအားလုံးကို အချိုရည်နှင့်ဝီစကီ ရောသမမွှေလိုက်သည်။

'ဟုတ်ပြီ...ကဲ..မင်းတို့လည်း သောက်ကြ။ ငါလည်း သောက်မယ်။ ဒီည မမူးရင် အိမ်မပြန်ဘူးကွာ'

နေမင်းကိုကိုက သတိပေးသည်။

'ကြည့်လဲ လုပ်ဦးနော်။ မင်းကိုတွဲပို့မယ့်လူဆိုလို့ ဇာခြည်လင်းပဲ ရှိတယ်။ ငါမူးရင်တော့ နေကြာပွင့် တွဲပို့လိမ့်မယ်'

'ခွေးကောင်'

'ဟား ဟား ဟား ဟား'

အဲဒီအချိန်မှာ နေမင်းကိုကိုတို့ဝိုင်းနားသို့ ဒေါ်ခင်မျိုးဝေနှင့် ဇာခြည်လင်း ရောက်ချလာသည်။

'ဟယ်...သားတို့ရောက်နေပြီလား'

'ဩော်..ဟုတ်ကဲ့ တီချယ် ထိုင်လေ'

နေမင်းကိုကို ညွှန့်ဝတ်ပြုလိုက်ရာ ဒေါ်ခင်မျိုးဝေနှင့်ဇာခြည်လင်းတို့သားအမိ တစ်ယောက်တစ်ခုံစီ ဝင်ထိုင်လိုက်သည်။

'ဒါနဲ့...တီချယ် သီချင်းဆိုမလို့ဆို'

'ဟုတ်တယ်..သားရဲ့။ စိန်ခြူးကြာညောင်လေ'

ဒေါ်ခင်မျိုးဝေရော ဇာခြည်လင်းရော စိန်ခြူးကြာညောင်သီချင်းလိုက်ဖက်စေရန် လွန်ခဲ့သောနှစ်၃၀က အသွားကြီးပုံစံတွေ ဝတ်ဆင်ထားကြသည်။ ရင်ဖုံးအင်္ကျီနဲ့ ချိတ်ထဘီနဲ့။



www.burmeseclassic.com

www.burmeseclassic.com



'အင်္ကျီလဲရတာ မောလိုက်တာ။ ဒီအချိုရည်က သားခွက်လား'

ဒေါ်ခင်မျိုးဝေက နေမင်းကိုကို ရှေ့မှ ဝီစကီနှင့်ရောထားသော အချိုရည်ခွက်ကို လက်ညှိုးထိုး၍ မေးသည်။

နေမင်းကိုကို ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ် တီချယ်'

'ဟုတ်တယ်ဆို သောက်ပြီ'

'ဟာ...တီချယ် မလုပ်နဲ့'

ဒေါ်ခင်မျိုးဝေက အချိုရည်နှင့်ဝီစကီအရောခွက်ကို ကောက်ပြီး ဆတ်ကနဲမော့ချလိုက်ရာ နေမင်းကိုကိုတားချိန်ပင် မရလိုက်။

သွားပြီ...

တစ်ဝက်လောက် ပါးစပ်ထဲရောက်သွားပြီးမှ လက်ကျန်တစ်ဝက်ကို ဒေါ်ခင်မျိုးဝေ ခုံပေါ်ပြန်ချထားလိုက်သည်။

'ဟဲ့..ငမြွေထိုး ကိုယ့်ဆရာမ ဒီအအေးလေးသောက်တာကို ငြို ငြင်ရသလား ဒီလောက်တောင်ဖြစ်လှတာ ငါလည်း သောက်တယ် ကဲ'

'ဟဲ့ ဟဲ့'

ဓာခြည်လင်းကလည်း နေမင်းကိုကိုကို အမြင်ကတ်ကတ်နှင့် ဒေါ်ခင်မျိုးဝေ ချထားသောလက်ကျန်ခွက်ကို တစ်ဝက်မကျန်အောင် မော့ လိုက်တော့သည်။

သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်နှာတွေ မဲ့သွားကြသည်။

'ဟဲ့...နင့်အချိုရည်က ဘယ်လိုလဲ ပြင်းရှရှကြီး'

ဓာခြည်လင်းက မှတ်ချက်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်နော် တီချယ်လည်း အဲဒီလိုပဲ ခံစားရတယ်။ ပါးစပ်ထဲမှာ စွဲသွားသလိုပဲ'

ဇာခြည်လင်းက တင်ကို့ရှေ့မှ ခွက်အပြည့်ကို မျက်စောင်းထိုးလိုက်သည်။

'ငါ..နင့်ခွက်ကို ထပ်ပြီးသောက်မယ် ကျေနပ်လား'

တင်ကိုက အမြင်ကတ်ကတ်နှင့် မြှောက်ပေးသည်။ သာ

'သိပ်ကျေနပ်တာပေါ့...တစ်ခွက်လုံး ကုန်အောင်သောက်ရမှာ်ဘဲနော်'

'စိတ်ချ အချိုရည်တွေထဲမှာတော့ ဒီအချိုရည်ကို ငါသိပ်ကြိုက်သွားပြီ...ဘာတံဆိပ်လဲ'

"ပစ်တိုင်းထောင် တင်တင်အေး..အဲလေ မူးအချိုရည် တဲ့'

'ဩော်...မက်(စ်)အချိုရည်ရဲ့ကုမ္ပဏီခွဲ ဖြစ်မယ်ထင်တယ်'

ဇာခြည်လင်းက ပြောပြောဆိုဆို တင်ကိုရှေ့က အရောခွက်ကို ယူ၍ မော့လိုက်တော့သည်။

ဒေါ်ခင်မျိုးဝေကလည်း အောင်ထူး ရှေ့မှ ခွက်ကို ကောက်ကိုင်လိုက်ပြီး

'ဒီတစ်ခွက် သောက်ပြီးရင်..တီချယ် သီချင်းတက်ဆိုတော့မယ်နော်...သား'

'ဟာ...တီ..တီချယ်'

အကုန်လုံးဝိုင်းတားနေသည့်ကြားမှ ဒေါ်ခင်မျိုးဝေ အောင်ထူး၏ အရောခွက်ကို ယူမော့လိုက်ပြန်သည်။

'ဟာ...သွားပြီ ဒုက္ခပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



နားမှ သူငယ်ချင်းများကပါ ပြုံးစိစိနှင့် တစ်ခန်းလုံး ဗိုက်ဘုတ်ပေါ်မှပုံကို ကြည့်ပြီး ရယ်နေကြသည်။

'နေမင်းကိုကို..ထ'

ငွေမြထိုး မတ်တတ်ထရပ်လိုက်သည်။

'အဲဒီပုံ...သား ဆွဲတာလား'

'ဟုတ်ပါတယ် တီချယ်၊ လှတယ်မို့လား'

'မဆိုးဘူး..အမ်၊ မဟုတ်ပါဘူး ဘာလို့ သူများတကာပုံကို ရုပ်ဖျက်ပြီး ဆွဲရတာလဲဆိုတာ ဆရာမကို ရီစင်ပေးပါဦး'

'ရီစင်ဆိုတာ ဘာလဲ..တီချယ်'

ငွေမြထိုးက နားမလည်သလို့မေးသည်။

'သား တကယ်ပဲ မသိဘူးလား'

'တကယ် မသိတာပါ..တီချယ်'

'အေး..အဲဒါဆို မှတ်ထား၊ ရီစင် ဆိုတာ..အာ အီး အေ အက်စ် အို အန်(reason)ရီစင် အကြောင်းပြချက်လို့ ခေါ်တယ်ကွယ့်..သားက ဆရာမကိုတောင် သူများတွေလို ဆရာမလို့ မခေါ်ဘဲ ဘိုလို တီချယ်လို့ခေါ် လို့ ဘိုလိုကျွမ်းမယ်ထင်ပြီး ဆရာမလည်း ဘိုလိုမှတ်လိုက်တာ'

'ဩော်..ကျွန်တော်လည်း အဲဒီတစ်လုံးတည်း ကျွမ်းလို့ပါ'

'ကဲ..ကဲ..အဲဒါထားတော့ ဘာလို့ သူများပုံကို ဖျက်ဆွဲရတာလဲ ဆိုတာပြောပါဦး'

နေမင်းကိုကိုက ဓာခြည်လင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ဓာခြည်လင်းကတော့ မျက်စိစွေနေတာ ဆိုတော့ ဆရာမကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကို ငြီးတွားလိုက်သည်။

ဒေါ်ခင်မျိုးဝေနှင့် ဓာခြည်လင်းကတော့ စိမ်ပြေနပြေမော့ရင်း အရှိန်တက်လို့။

'မထူးတော့ဘူး ဟော့ကောင်ရေ…ငါတို့လည်း ဘာမှ မရှောဘဲ ဒိုင်လိုက်တော့မယ်'

အောင်ထူး၏အကြံကို နှစ်ယောက်လုံး…

'ချကွာ'

'ချကွာ'

ဒီလိုနှင့်။

'ဘယ်လိုလေးလဲ မသိဘူး တီချယ်ရယ် ခေါင်းထဲမှာ ရီဝေဝေ နဲ့ သိပ်ကောင်းတာပဲ'

ဓာခြည်လင်း၏အဆိုပြုချက်ကို ဒေါ်ခင်မျိုးဝေက အာလေးလျှာ လေးနှင့် ထောက်ခံသည်။

'ဟုတ်တယ်နော်…တီချယ်လည်း စိတ်ထဲမှာ မြူးလာသလိုပဲ တစ်ကောင် ကချင်လာပြီ'

'ဒါဆိုလည်း ကပေါ့ တီချယ်ရဲ့…တီချယ်ရဲ့စိန်ခြူးကြာညောင် သီချင်းကြီးက ရှိုးပါတယ်။ အဲဒီတော့ မြူးမြူးကြွကြွလေးဖြစ်သွားအောင် သီချင်းပြောင်းဆိုပေါ့'

နေမင်းကိုကိုက မူးပြီး မြှောက်ပေးသည်ကို ဒေါ်ခင်မျိုးဝေက ကြွပြီး လက်ခံသည်။

'ဟုတ်ဒယ်…ဟုတ်ဒယ်…သီချင်းပြောင်းဆိုမယ် စိန်ခြူးကြာ ညောင်က ကလို့မရဘူး ကလို့ရအောင် စန္ဒီမြင့်လွင်သီချင်းဆိုမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းဒယ်··ချယ်··ကောင်းဒယ်··သမီးလည်း အဝီဆွဲမယ် Jenny လိုမျိုး ကဲလိုက်မယ်'

ဓာခြည်လင်းကလည်း ပြုံပြီးဝင်အားပေးသည်။

အဲဒီလို မူးရူးကွဲပြဲနေသောသူတွေ ပေါင်းမိသောအခါ အရူးဘုံ မြောက် ဟိုဟာကောက်စားဆိုသလို ဖြစ်ကုန်တော့သည်။

နေကြာပွင့်ကတော့ မသိရှာ။ သူမကို အင်တာဗျူးလုပ်နေသော ရှေ့ပွဲလာဧည့်ပရိသတ်များ၏မေးမြန်းစူးစမ်းခြင်းကဏ္ဍကို မာယာမပါဘဲ တစ်ဘာသာချင်း ဖြေကြားနေရသောကြောင့်ဖြစ်သည်။

'သမီးရဲ့အသက် ဘယ်လောက်ရှိပြီလဲ'

'၁၈ နှစ်ပါ အန်ကယ်'

'ရည်းစားတွေ ဘာတွေကော ထားနေပြီလားကွယ့်'

'မထားသေးပါဘူး အဘ'

'ဘွဲ့ရပြီးရင် ဘာလုပ်မယ်စိတ်ကူးလဲကွယ့်'

'သမီးအဒေါ် အန်တီခင်လိုမျိုး အများက လေးစားတဲ့ ဆရာမ လုပ်ဖို့ စိတ်ကူးရှိပါတယ် အဘိုး'

'သိပ်ကောင်းတာပေါ့ကွယ်။ ဒါနဲ့ အများက လေးစားရတဲ့ သမီး အဒေါ် ဒေါ်ခင်မျိုးဝေကော ဘယ်ရောက်နေလဲ··မတွေ့ပါလား'

'လာပါလိမ့်မယ် အန်ကယ်။ ပရိသတ်တွေကို စိန်ခြူးကြာညောင် သီချင်းနဲ့ဖျော်ဖြေဖို့ အဝတ်အစားလဲပြီး သီချင်းတိုက်နေလို့ပါ'

'အိုး သိပ်ကောင်းတာပေါ့ကွယ် အန်ကယ်လည်း အဲဒီလို ရှေးဟူ တဲ့သီချင်းမျိုး နားထောင်ချင်နေတာ၊ အခု အများကလေးစားရတဲ့ဆရာမ ကိုယ်တိုင် ဆိုပြမယ်ဆိုတော့ အတိုင်းထက်အလွန်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အများမျှော်လင့်စောင့်စားနေကြသော ဇာခြည်လင်းနှင့် ဒေါ်ခင်မျိုးဝေအတွဲ ထွက်လာတော့သည်။

သို့သော်…အထင်နှင့် အမြင် တခြားစီဖြစ်သွားသောကြောင့် အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်တော့သည်။

♫ လမ်းတွေ ပြိုးပြိုးနှတ်ဆက် ဒီထက် ဘာမှပိုမလာဘူး
မင်းအကြောင်း ညစဉ်အိပ်မက်
ဖုန်းဆက်ပြောလည်း ဘာမှမထူး…မင်းမသိသလိုပဲလား
ရင်ထဲအချစ်များ တကယ်ရှိလား
ကဲ…ကြာပါတယ်ကွာ
မြန်မြန်လာ သိပ်စိတ်ညစ်တယ်
ကြာပါတယ်ကွာ
တော်တော်ကြာ မုန်းမိတော့မယ် ကြာပါတယ်ကွာ
မင်းရဲ့အချစ်ကို ညာနေတာ အာဟား ♫

BURMESE CLASSIC

ဇာခြည်လင်း အဲဒီလိုအသံဆိုးကြီးနှင့် စင်ပေါ်တက်ပြီး ဆိုသောအခါ အနောက်က ဒေါ်ခင်မျိုးဝေကလည်း ရက်ပ်စာသားတွေကို စန္ဒီမြင့်လွင်လို ဟဲတော့သည်။

♫ အရေးကြီးတာပြောမယ် သေချာတွေးပြီး ငါပြောတယ်
မင်းအတွက်ဘေးမရှိ လူတွေကိုသာ မေးကြည့်ပါတော့မယ်
ကဲ…ဘာသဘောလဲ လူတွေလစ်မှ ခိုးပြီးရှိုး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှမကယ်နိုင်ပါ မင်းအခြေအနေက ဆိုးပြီးရင်းဆိုး
ငါ့အလှမှာမျော ချစ်တာလည်း ဖွင့်မပြော
ထားလိုက်ပါတော့ နား··နားလိုက်ပါ
ဘော်ဒါတွေနဲ့တွေ့ရင်လည်း ငါ့အကြောင်းပဲ ပြောနေတယ်
အသိသာကြီးပါ ကြည့်လာရှိုး
နောက်တော့မှ ဟာတ်ထိလာပြီး ငါ့ရှေ့မှာ လာငိုမနေနဲ့
အပိုတွေပဲ ဟန်ဆောင်နေရင် ကြာတယ် သားရယ်
နောက်တစ်ယောက်နဲ့ပါသွားမယ် ငိုင်နေဖို့ မစဉ်းစားနဲ့
မင်းအကြောင်းကို နောက်ကြောင်းတောင် ရှင်းထားခဲ့
တဖြည်းဖြည်းနဲ့တောင် ပျင်းလာတယ်
ဘယ်လိုလုပ်မှာလဲ ချစ်တယ်ဆိုရင်တော့
ငါ့ကို ဖွင့်ပြောပါကွယ် ကမ်းမှန် ♫

BURMESE CLASSIC

ဒေါ်ခင်မျိုးဝေ သူ ဝတ်ထားသည့် ရင်ဖုံးအင်္ကျီနှင့် ချိတ်ထဘီကို မှအားမနာ။ ရက်ပ်စာသားကို တီကောင်ဆားနှင့်ပက်ခံရသလို တွန့်တွန့်တွန့်တွန့်နှင့် ကပြီးဆိုနေပုံမှာ စန္ဒီမြင့်လွင်တောင် အရှုံးပေးရမည်။

'ဟဲ့··ဟဲ့··သမီး။ နင့်အဒေါ် ဘယ်လိုဖြစ်သွားတာလဲ···ပြောတော့ စိန်ခြူးကြာညောင်ဆို'

'ဟုတ်ပါရဲ့ အဘိုးရယ် သမီးလည်း နားမလည်တော့ဘူး ဘယ်လိုဖြစ်သွားပါလိမ့်'

နေမင်းကိုကိုတို့သုံးယောက်ကတော့ လက်ခုပ်တီး၍အ[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



♫ လမ်းလျှောက်ရင် အနောက်လိုက်ကြည့်
ပါးစပ်ဟလို့ ကျန်ခဲ့မယ် မင်း အချက်ပြလို့ မသိ
စာမေးပွဲပြီးရင် ဆုံဖို့က မလွယ် တွေ့ဖို့လမ်း မရှိ
ကြုံဖို့ကလည်း မေ့လို့ကျန်ပြီး
သူငယ်ချင်းတွေရှေ့ ရောက်ရင်လည်း
ငါကပဲ မင်းကိုလိုက်ကြိုက်သလို ပြောခဲ့တဲ့စကား
သေချာစဉ်းစားကြည့်ရင် မိုက်လို့ပေါ့
မင်း ငယ်ပါသေးတယ် ဖွင့်ပြောဖို့ သတ္တိရှိရင်
မင်းကို အနမ်းဆယ်ခါပေးမယ်
ခြေလှမ်းတွေလည်း တကယ်ပါမနေးနဲ့
မနေးကွေးဘဲ ကြိုက်ရာလမ်းကို ရွေးလှည့်
ကျန်တဲ့ကိစ္စတွေကိုဘေးဖယ် ငါ့ကိုချစ်လားလို့ ငါလေမေးမယ်
ချစ်တယ်ဆိုရင် ဝင်လာခဲ့ ငါ့ရဲ့ဘဝထဲ
ရေးစပ်ပေးပါ လှပတဲ့ သဘာဝစာသားများနဲ့ ♫

ဒေါ်ခင်မျိုးဝေ ဘာဆို ဘာမှမသိတော့ ယစ်ရွှေရည်တန်ခိုးဖြင့် ဒိုးဒိုးဒန့်ဒန့်ကနေသည်။

ဓာခြည်လင်းကလည်း အတွဲညီစွာဖြင့်။

ဤသို့ ဤနှယ် ရွှေမန်းတင်မောင်အဝတ်အစားနှင့် မျောက်ဖိုးစိန် အကကို မြိုင်မြိုင်ဆိုင်ဆိုင်ကနေသောအခါ အောက်ကပရိသတ်တွေ ဟားတိုက်ကုန်ကြသည်။

နေကြာပွင့် သူမမျက်နှာ ဘယ်သွားထားရမှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကိုရင်ခွင်ထဲထားရန် လှည့်ကြည့်လိုက်ချိန်တွင် သတောင့်သားက ဝိုင်းပေါ်မှာ မှောက်နေပြီ။

နေကြာပွင့် အမှုသွားအမှုလာကို တစ်ချက် စဉ်းစားပြီး တရားခံကို ရိပ်မိသောအခါ မူးပြီးသောင်းကျန်းနေသော စင်ပေါ်မှအတွဲကို ထိန်းသိမ်းရန် လက်ထိပ်မပါဘဲ ထွက်သွားလေသည်။

*♫ ကြာပါတယ်ကွာ မြန်မြန်လာ သိပ်စိတ်ညစ်တယ်*
*ကြာပါတယ်ကွာ တော်တော်ကြာ မှုန်းမိလိမ့်မယ်*
*ကြာပါတယ်ကွာ မင်းရဲ့အချစ်ကို ညာနေတာ*
*အောင်မယ်လေး ♫*

ဓာခြည်လင်း အကကောင်းပြီး စင်ပေါ်မှာ ကိုယ့်ခြေထောက်ကိုယ်နင်းမိသဖြင့် မှောက်လျက်လဲကျလေသည်။

'ဟား ဟား ဟား ဟား'

ပရိသတ်ရဲ့ရယ်သံက အဝီစိမှာ အကြော်ခံရသော အဇာတသတ်မင်း ခေါင်းမွေးထောင်သွားလောက်သည်။ နေကြာပွင့် ဟမ်းဘားကနေသော သူမအဒေါ်ကို စင်ပေါ်မှမနည်း ဆွဲချရသည်။

'လာပါ အန်တီခင်ရယ်··တစ်ခါမှ မသောက်ဖူးတဲ့ အရက်တွေသောက်ပြီး ဖြစ်နေလိုက်တာ ကိုယ့်ကိုယ်ကို ဘယ်တန်းပြ ဆရာမဆိုတာ သတိထားပါဦး'

ဒေါ်ခင်မျိုးဝေ စင်အောက်ရောက်တာတောင် ပိုးက မသေသေးဘဲ လက်တွေခြေတွေကို ချိုး၍ ကနေသေးသည်။

'ငမြွေထိုး ငမြွေထိုး နင့်လက်ချက်ပဲ နေမှာ အဲဒါကြောင့်သည်းခံရမည်ဖြစ်လာတာကို'



www.burmeseclassic.com

www.burmeseclassic.com



နေကြာပွင့်က အံ့ကြိတ်ပြီး‥နေမင်းကိုကိုကို ကောင်းကောင်း မေတ္တာပို့နေသည်။

'ဟဲ့‥နင် ငါ့သားလေးကို မပြောနဲ့ ငါ့သားလေးက ငါ့ကို ကမ္ဘာ့ အကောင်းဆုံးအချိုရည်တိုက်လိုက်တာ သိလား'

ဒေါ်ခင်မျိုးဝေက နေကြာပွင့်ကို အာလေးလျှာလေးနှင့် မာန်မဲ တော့သည်။ နေကြာပွင့် စိတ်ထဲမှာတော့ နေမင်းကိုကိုကို လုံးဝ မကျေ နပ်။ အဲဒီချိန်မှာ စင်ပေါ်မှောက်လျက်လဲကျနေသော ဇာခြည်လင်းလည်း လုံးဝပြန်မထနိုင်ဘဲ သူ့အရှိန်နှင့်သူ အိပ်ပျော်သွားသည်။

အဲဒီတော့မှ မမူးသောပရိသတ်တွေရဲ့ အသံတွေ ထွက်လာသည်။

'စင်ပေါ်မှမှောက်လျက်လဲနေတဲ့ ကလေးမလေးကိုလည်း သွား ကြည့်ကြပါဦး။ မတော်တဆ ထဘီတွေဘာတွေ ကျွတ်နေမှ ဒုက္ခ'

'ဟာ‥‥မကြည့်ချင်ပါဘူး ကုလားမ ဆိုတော့'

'ဟော့ကောင် မင်းကို ထဘီကျွတ်တာ ကြည့်ခိုင်းတာ မဟုတ်ဘူး သွားတွေဘာတွေကျွတ်ပြီး သတိလစ်နေမှာစိုးလို့ ကြည့်ခိုင်းတာ'

'သြော်‥‥ဟုတ်ကဲ့‥‥ဟုတ်ကဲ့'

အဲဒီလိုနှင့် အမြင်မတော်သူတွေက စင်ပေါ်မှ ဇာခြည်လင်းကို ဖင်မပေါ်စေရန် ယာဉ်ပေါ်ပွေ့ချီ၍ တင်ပေးလိုက်ကြသည်။

တက္ကစီတစ်စီး ငှားပြီး မူးပြီးမှောက်နေသော ဇာခြည်လင်းနှင့် နေမင်းကိုကိုကို အနောက်မှာထား။ မမှောက်သေးသော တင်ကိုနှင့်အောင် ထူးက ရှေ့မှာထိုင်ပြီး ဇာခြည်လင်းနှင့်နေမင်းကိုကိုကို အိမ်ပြန်ပို့ပေးရန် ပါတီပွဲလေးမှ ထွက်ခွာလိုက်ကြတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

အမှောင်လွှမ်းနေသောအာရုံများ တဖြည်းဖြည်း ကြည်လင်လာပြီး မျက်လုံးတွေကို ဖြည်းညင်းစွာ ဖွင့်လိုက်မိသည်။

'အို'

ဓာခြည်လင်း သူမရင်တွေ လျှောင်လှုပ်ကုန်ပြီလားဟု ထင်လိုက်သည်။

ကားနောက်ခန်းထဲမှာ နေမင်းကိုကိုနှင့်အတူ မှေးပြီး အိပ်ပျော်နေသည်မှာ သူမက နေမင်းကိုကိုရင်ခွင်ထဲမှာ။

နေမင်းကိုကိုက သူမကို ဖက်လျက်သား။

ဘာတွေဖြစ်ကုန်မှန်းမသိ။

တစ်သက်နဲ့ တစ်ကိုယ် ကြိုက်မယ့်သူ မရှိ၍ ရည်းစားမထားခဲ့သည်မှာ ယခုလို ယောကျ်ားလေးတစ်ယောက် ရင်ခွင်ထဲရောက်နေခြင်းမှာ ပထမဆုံးအကြိမ်မို့ သူမ ရုန်းထွက်ဖို့မေ့နေခဲ့သည်။

ကားရှေ့ခန်းကိုကြည့်လိုက်တော့ တက္ကစီဒရိုင်ဘာနှင့်အတူ အောင်...နှင့် တင်ကို တစ်ယောက်နှင့် တစ်ယောက် အမှီသဟဲပြုရင်း အိပ်...တ်ဆဲ။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဓာခြည်လင်း နေမင်းကိုကိုကို အနီးကပ် သေချာကြည့်လိုက်သည်။

ငယ်သူငယ်ချင်းပေမယ့် ခုလို နီးနီးကပ်ကပ်မနေခဲ့ရ၍ သေချာကပ်ကြည့်လိုက်မိမှ မေးစေ့အောက်က အမွေးနုလေးတွေက စိမ်းလို့။

ဒီလောက် ညကြီးမိုးချုပ် ကားထဲက မီးရောင်မှိန်မှိန်လေးအောက်မှာ နေမင်းကိုကိုမျက်နှာက ကြည့်ကောင်းနေသည်။

ဓာခြည်လင်း နေမင်းကိုကိုကို ပြန်၍ တင်းကျပ်စွာဖက်ထားလိုက်သည်။ သူမနှလုံးသားတွေ ဆောက်တည်ရာမရတော့။

'ငမြွေထိုးရယ် နင်သိပ်ဆိုးတယ် သိလား ငါ့ကို အရက်တွေကို အချိုရည်ဆိုပြီး လိမ်တိုက်တယ် အခုတော့ နင်တိုက်တဲ့အရက်ထက် ငါ့နှလုံးသားက နင့်ရဲ့အထိအတွေ့မှာ ပိုမူးသွားပြီဟာ'

ဓာခြည်လင်း နေမင်းကိုကိုကို ဘယ်သူမှမသိအောင် ခိုးပြီး နမ်းလိုက်သည်။

'ရွတ်'

ပြီးတော့ ရှက်သလိုရွံ့သလိုနှင့် နားနားကပ်ပြီး တိုးတိုးလေးပြောသည်။

'ငါ နင့်ကို သိပ်ချစ်သွားပြီသိလား ဒီနေ့ကစပြီး နင့်ရဲ့အချစ်ကို ရဖို့ ငါကြိုးစားမယ် နင်နဲ့ ဘယ်တော့မှ ဆန့်ကျင်ဘက်မလုပ်တော့ဘူး'

အဲဒီအချိန်မှာ ရှေ့ခန်းမှ တင်ကိုက နောက်လှည့်၍ကြည့်ရာ ဓာခြည်လင်း ဆတ်ကနဲ နေမင်းကိုကိုပခုံးပေါ် ခေါင်းမှီပြီး အိပ်ချင်ယောင်ဆောင်လိုက်သည်။

တင်ကိုက အောင်ထူးဘက် လှည့်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'အောင်ထူး မင်း ကြားလား ငါ့နားထဲမှာ အသံတွေကြားသလို ပဲ စကားပြောသံလိုလို ဘာလိုလို'

'အေး ငါလည်း ကြားမိတယ် အသံကတော့ မယားငယ် တုံးပိ တဲ့အသံနဲ့ ခပ်ဆင်ဆင်ပဲကွ ဘယ်က လာတာပါလိမ့်'

'ဟာ မဖြစ်နိုင်ပါဘူး'

အခုလိုငြင်းလိုက်သည်မှာ ဒရိုင်ဘာ ဖြစ်သောကြောင့် တင်ကို နှင့် အောင်ထူး ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

'ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ အစ်ကိုကြီးရ'

အောင်ထူး၏အမေးကို ဒရိုင်ဘာက ဤသို့ပြောသည်။

'ကျုပ်မယားငယ်က မနေ့က စဥ္စနီတုံး ခြေမပေါ် ပိလို့ ဖျားပြီး အိပ်ရာထဲမှာ လဲနေတယ် ဒီနေ့ သူကားပေါ်မှာမှ ပါမလာတာ'

ဒီလိုနှင့် ဓာခြည်လင်းတို့ အိမ်ရှေ့ ရောက်သောအခါ အိပ်ချင် ယောင်ဆောင်နေသော သူမကို နှိုးပြီး အိမ်ထဲထိ ပို့ပေးလိုက်ကြသည်။

ထိုနောက် နေမင်းကိုကို ကိုလည်း အရောက်ပို့ပေးရန် တက္ကစီ သမားကို ဆက်၍ တာဝန်ပေးရတော့သည်။

ဘာပဲပြောပြော အဲဒီနေ့က ဓာခြည်လင်း ရင်ထဲမှာ ဝင်ရောက် စီးမိုးခဲ့တာက နေမင်းကိုကိုရဲ့ ချွေးနံ့နဲ့အရက်နံ့ရောနေသော ပါးပြင်လေး ပင် ဖြစ်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာလား··သူ့ကို ကြည့်နေတာလား ဝေခွဲမရ။ ဒါတောင် သူ့ကို မျက်စောင်းထိုးလိုက်သေးသည်။

နေမင်းကိုကိုက ပြန်၍လျှာထုတ်ပြပြီးနောက် ဒေါ်ခင်မျိုးဝေ မျက်နှာကိုကြည့်၍ ဖြေသည်။

'သူက ကျွန်တော့်ကို အားတဲ့တစ်နေ့ သူ့ပုံဆွဲပေးပါလို့ပြောတော့ ကျွန်တော်လည်း ဒီနေ့ စောစောရောက်တော့ အားလုံးမြင်ရအောင် ပို့က်ဘုတ်ပေါ်မှာ ဆွဲပေးလိုက်တာပါ'

'ဆရာမ··အဲဒါ သူ သမီးကို သက်သက်စော်ကားတာ။ မနေ့က သမီးသူငယ်ချင်းတွေနဲ့ထုပ်ဆီးတိုးတမ်းကစားရင်း မြောင်းထဲပြုတ်ကျလို့ ရေချိုးလိုက်ရတယ်။ ပြီးတော့ အိမ်ရှေ့မှာ သနပ်ခါးလိမ်းနေတာကို သူ တွေ့ပြီး အဲဒီပုံဆွဲလိုက်တာ'

ဓာခြည်လင်းက ဤသို့ စောဒကတက်လိုက်သောအခါ တစ်ခန်းလုံး ဝိုင်းရယ်ကြသည်။

'နေ··နေပါဦး သမီးရဲ့··သူက ဘယ်လိုတွေ့သွားတာလဲ သမီးနဲ့ အိမ်ချင်းကပ်လျက်မို့လို့လား'

'မဟုတ်ဘူး ဆရာမ···ထုပ်ဆီးတိုးတမ်းကစားတော့ သူလည်းပါတယ်။ သူက တခြားလမ်းကနေ လာဆော့တာ'

ဒေါ်ခင်မျိုးဝေက နေမင်းကိုကိုကို ရယ်ပြီး လှမ်းကြည့်သည်။

'သားရယ်··မကြီးမငယ်နဲ့ မိန်းကလေးတွေနဲ့ ထုပ်ဆီးတိုးတမ်းကစားရလား'

'ဟို··အဲဒါက သူ့မှာ အဖော်မရှိလို့ ဆော့ပေးပါ ဆိုလို့··ကျွန်တော် ဝင်ဆော့ပေးတာပါ တီချယ်'



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

ဒီကနေ့ နေကြာပွင့်အမှုအရာက နေမင်းကိုကို ကို ရှောင်ဖယ် ရှောင်ဖယ်ဖြစ်နေသော်လည်း ဇာခြည်လင်းကတော့ မယုံနိုင်စရာ ကောင်း လောက်အောင် ပြောင်းလဲနေလေပြီ။

'ကိုကို ဒီနေ့ ထူးထူးခြားခြား ဇာခြည်တို့အဆောင်ကို ဘာလာ လုပ်တာလဲ ဟင်'

'ဟင်…နင်…နင် ငါ့ကို ဘယ်လိုခေါ်လိုက်တယ်'

'ဩော်..အရင်လို ငမြွေထိုး လို့ ခေါ်ရင် တိရိစ္ဆာန်နဲ့နှိုင်းရာ လို့ နေမင်းကိုကိုကို အရင်းဆွတ်ပြီး ကိုကိုလို့ ခေါ်တာပေါ့'

'လူကြားလို့ မကောင်းပါဘူးဟာ အရင်လို ငမြွေထိုးလို့ မခေါ် ချင်ရင် သူများတွေခေါ်သလို နေမင်း လို့ပဲခေါ် မသိရင် နင်နဲ့ငါ သမီး ရည်းစားတွေလို့ ထင်နေဦးမယ်'

'အဟိ'

'ဟဲ့…ဘာရယ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခြောက် ဘာမှ မဟုတ်ပါဘူး ဒါဆိုရင်လည်း နေမင်းလို့ပဲ ခေါ်ပါမယ်။ ဘာပဲပြောပြော နင် ငါတို့အဆောင်ကိုလာလည်တဲ့အတွက် ငါဝမ်းသာပါတယ် နောက်လည်း အမြဲလာခဲ့နော်'

'နောက်လာဖို့ အသာထားဦး အခုလောလောဆယ် နေကြာပွင့်ဘာ ဘာလို့ ငါ့ကို ခပ်စိမ်းစိမ်းဖြစ်နေတာလဲ။ ငါ့ကို ဒီမှာ ခေည့်တောင်ခံဘဲ ရှေ့အဖန်းမှာ သွားထိုင်နေတယ်'

နေကြာပွင့်က နေမင်းကိုကို သူတို့အဆောင်လာလည်သည်နှင့်တစ်ချက်သာ ပြုံးပြပြီး ဘာသိဘာသာ ရှေ့ဆုံးတန်းမှာ သွားထိုင်နေခြင်းဖြစ်သည်။

'နေကြာပွင့်က နင့်ကို စိတ်ဆိုးနေတာဟဲ့'

'ဟာ ဘာဖြစ်လို့လဲ ငါသူ့ကို ဘာလုပ်မိလို့လဲ'

'သူမွေးနေ့ပါတီညကလေ နင်တိုက်လိုက်တဲ့အရက်တွေကြောင့်ဆရာမ မူးပြီး စင်ပေါ်မှာတက်ကလို့ အဲဒါ အရှက်ဖြန်းဖြန်းကွဲပြီး နင့်ကိုတင်းနေတယ် အခုဆိုရင် ဆရာမက အိမ်ထဲက အိမ်ပြင်တောင် မထွက်ဘူး။ တစ်နေကုန် အခန်းထဲမှာပဲ ဝတ္ထုဖတ်နေတယ်'

'ဟာ အဲဒီတုန်းက နင်လည်း ပါတာပဲလေ ကိုယ့်ဘာသာတို့အချိုရည်နဲ့ရောထားတဲ့ ဝီစကီခွက်ကို လာပြီး အတင်းယူသောက်တာကိုနင် မပြောဘူးလား'

'ပြောပါတယ် ဒါပေမယ့် နင် တမင်လုပ်ကြံတယ်လို့ သူထင်နေတယ်'

'ဟာ ဒုက္ခပါပဲ'

နေမင်းကိုကို စိတ်ပျက်လက်ပျက် ငြီးတွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သူတို့အခန်းထဲသို့ chemistry ဆရာမ ဝင်လာသည်။

အားလုံးထ၍ နှုတ်ဆက်လိုက်ကြသည်။

'မင်္ဂလာပါ ဆရာမ ညီညီညာညာ နှုတ်ဆက်ကြ'

နေမင်းကိုကိုလည်း ရောယောင်ပြီး မတ်တတ်ရပ်လိုက်သည်။

'မင်္ဂလာဆောင်ပါ ဆရာမ အဲလေ…မင်္ဂလာပါ ဆရာမ'

'ကဲ…သားတို့သမီးတို့ရေ ဆရာမနဲ့အတူ အားလုံး practical ခန်းထဲကို လိုက်ခဲ့ပါ'

နေမင်းကိုကို ဘာလုပ်ရမှန်းမသိ။ သူပါရော၍ practical ဆင်းရမည်လား မသိ။

ထို့ကြောင့် ဓာခြည်လင်းနားကပ်၍ မေးသည်။

'ဟဲ့…ဘယ်လိုလုပ်မလဲ ငါ အခုနေ ထပြန်သွားလို့ ကောင်းပါ့မလား'

'မထူးတော့ပါဘူးဟယ် နင်ပါလိုက်ခဲ့တော့ အခုချိန်က practical ချိန်ကြီး နင် ထပြန်သွားရင် ဆရာမက မေးမြန်းစူးစမ်းလုပ်နေလိမ့်မယ်။ အဲဒါဆို ဒီအတန်းက မဟုတ်ဘူးဆိုပြီး ကောလိမ့်မယ်'

'အေးဟာ မထူးဘူး လိုက်ခဲ့မယ်'

ဆရာမ ဆူမှာကြောက်တာကတစ်ကြောင်း၊ practical ခန်းထဲ ရောက်မှ နေကြာပွင့် စိတ်ဆိုးပြေအောင်ချော့မည်ဟု တွေးမိတာက တစ်ကြောင်းကြောင့် နေမင်းကိုကို chemistry ကျောင်းသားများနှင့် ရောယောင်ပြီး ပါသွားတော့သည်။

practical အခန်းထဲတွင်…



www.burmeseclassic.com

www.burmeseclassic.com



'နေကြာ..ငါ တကယ်ပြောတာပါဟာ တီချယ်က သူ့ဘာသာ သူ အအေးခွက်နဲ့ မှားပြီး ယူသောက်တာပါ...ငါ တားချိန်တောင် မရ လိုက်ဘူး'

'နင် လိမ်နေတာ မဟုတ်ပါဘူးနော် ငမြွေထိုး'

နေကြာပွင့်က ရက်စက်သည်။

ကိုနေမင်းလို့တောင် မခေါ်တော့ ငမြွေထိုး တဲ့။ ညားပြီးကာမှ အသေထိုးဦးမည်။ (မျက်စောင်းနှင့်)

'မလိမ်ပါဘူး နေကြာရယ် ကိုယ့်ရဲ့ဆရာမကို အရက်တိုက်လွှတ် တဲ့အထိ ငါ ဂါရဝတရား မမဲ့သေးပါဘူးဟာ'

နေကြာပွင့်က ဖန်ချောင်းထဲသို့ နီပျစ်ပျစ်အရည်များကို ထည့် လိုက်သည်။

'တကယ်တော့ ငါတို့သူငယ်ချင်းတွေ အချိုရည်တစ်ဝက် ဝီစကီ တစ်ဝက်ရောပြီးသောက်ဖို့ တင်ထားတုန်း တီချယ်က မှားပြီး ယူသောက် လိုက်တာပါ'

နေမင်းကိုကိုက ပြောလည်း ပြော၊ နေကြာပွင့် ထည့်ထားသည့် ဇန်ပေါင်းချောင်ထဲသို့ နောက်ထပ် နီပျစ်ပျစ်အရည်များ ထပ်ထည့်လိုက် သည်။

'အို..ဘာလုပ်တာလဲ ဒီအရည်တွေက သတ်မှတ်ထားတဲ့ပမာဏ ပဲ ထည့်ရတာ အခု များကုန်ပြီ ကာလာတွေ ရင့်ကုန်ပြီ'

သူက ဒီဓာတ်သဘောတွေ ဘာမှနားမလည်သည့်အပြင် စိတ် ကလည်း တခြားရောက်နေသဖြင့် ဘာလုပ်မိမှန်းမသိ။

'ဪ...ဒါဆို ကာလာဖျော့သွားအောင် ဟောဒီ အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



ချည်တွေ ရောလိုက်မယ်လေ။ အနီနဲ့အဝါ ရောရင် လိမ္မော်ရောင်ဖြစ်
ဖြစ်တယ် ကိုယ်က ပန်းချီဆရာပဲ ဒီလောက်တော့ သိတာပေါ့'

'ဟာ..မလုပ်နဲ့ မလုပ်နဲ့'

နေကြာပွင့် တားချိန်ပင် မရလိုက်။ ဆရာသမားက လက်မြန်သည်။ chemistryရဲ့ဓာတ်သဘောကို ဘာမှမသိဘဲ သူ့ကျွမ်းကျင်သည့် အရောင်ရောစပ်မှုနှင့် ချထည့်လိုက်ရာ ဖန်ပေါင်းချောင်ကြီး ပွက်ပွက်ဆူလာသည်။

'ဟာ...သွားပြီ ဒုက္ခပဲ ဘာတွေဖြစ်ကုန်ပြီလဲ'

နေကြာပွင့် ဘုရားတ,လိုက်သည်။

နေမင်းကိုကိုလည်း သူရောစပ်ခဲ့သော ဖန်ပေါင်းချောင်ကို ကြည့်ပြီး တဖြည်းဖြည်း မျက်လုံးပြူးလာသည်။

ထိုနောက် အလန့်တကြား နေကြာပွင့်ကို ဆွဲဖက်လိုက်သည်။

'နေကြာရေ ဝပ်'

သူတို့နှစ်ယောက် သံမံတလင်းပေါ် မှောက်ချလိုက်သည်နှင့် တပြိုင်နက်။

'ဗုန်း'

'အောင်မယ်လေးတော့'

practicalခန်းတစ်ခုလုံး ပေါက်ကွဲခဲ့သောကြောင့် ယောက်ယက်ခတ်ပြီး အလုအယက်ထွက်ပြေးကြသည်။ ဆရာမက ရှေ့ဆုံးက။

ကြောက်အားလန့်အားနှင့် ဘယ်တွေပြေးမိမှန်း မသိကြတော့။ တချို့ယောက်ျားလေးတွေက နီးစပ်ရာ မိန်းကလေးအိမ်သာထဲ ဝင်ပုန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့မိန်းကလေးတွေက ရှိုးရှိုးတန်းတန်းပြေးရတာ ထဘီတုပ်နေ၍ လိုရာခရီးမရောက်သဖြင့် ခါးတောင်းကျိုက်ပြီး ပြေးသည်။

တချို့က practicalခန်းထဲမှ လွှတ်အောင် ရည်းစားကိုလက်ဆွဲပြီး ပြေးမိပြေးရာပြေးရင်း ချစ်သူလမ်းကြားထဲကို ရောက်သွားတော့သည်။ (ခြေထောက်က အသားကျနေတာကိုး)

အဲဒီလို အခြေအနေတွေပြောင်းဆန်ကုန်ပြီး သုံးမိနစ်အကြာမှာ နေမင်းကိုကိုနှင့်နေကြာပွင့် ဓာတ်ခွဲခန်းထဲက မီးခိုးလုံးတွေကြားမှ လက်ဆွဲ၍ ထွက်လာသည်။ မျက်နှာတွေကတော့ မည်းလို့။

အပြင်မှာ ပါမောက္ခနှင့် ဆရာ ဆရာမများ အပါအဝင် လုံခြုံရေးများက စိုးရိမ်တကြီး စောင့်နေကြသည်။

'သားတို့ သမီးတို့ ဘာမှ မဖြစ်ကြဘူးနော် တော်သေးတာပေါ့'

'ဟုတ်ကဲ့ ပို့သတဲ့မေတ္တာကြောင့် ကျန်းမာစွာရှိဆဲပါ ဆရာမ'

❒



www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

-'ဟား ဟား ဟား ဟား'

အောင်ထူးနဲ့တင်ကိုရဲ့ရယ်သံကြားမှာ နေမင်းကိုကိုပါ ရောယောင်ပြီး ရှက်ရယ်ရယ်နေသည်။

'ငမြွေထိုး ငမြွေထိုး အဲဒါကြောင့်လည်း မင်းကို အဲဒီနာမည်ပေးထားတာကိုး အခု မင်းမွေလိုက်တာ ကံကောင်းလို့ practical ခန်းတစ်ခုလုံး မပေါက်ကွဲတယ်'

'အေးကွာ ငါလည်း ရင်တွေခုန်ပြီး ပေါက်ကရအရည်တွေ သွားစပ်မိလိုက်တယ်...တော်သေးတာပေါ့ ပေါက်ကွဲမှုက အသေးစားမို့လို့။ မဟုတ်ရင် အကုန် ဒုက္ခရောက်ပြီ။ အခုလည်း ငါ့ကို ပါမောက္ခကြီးက ခေါ်ဆူပြီး တခြားအဆောင်သွားလည်ခွင့် ပါမစ်ပိတ်လိုက်ပြီ'

'ဟာ...ဒါဆို မင်း နေကြာပွင့်ကို သွားကြောင်လို့ မရတော့ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



တင်ကိုက စိုးရိမ်တကြီးမေးသည်။

'အေး'

'ကောင်းလိုက်တာကွာ'

'ဘာကွ ဘာကောင်းတာလဲ'

'နောက်ဆို နေကြာပွင့် ငမြွေထိုးရဲ့ရန်က လွတ်သွားတာပေါ့.. အခု ခဏလေးပတ်သက်မိတာတောင် ခတ်ခွဲခန်းတစ်ခုလုံးကို ဖောက်ခွဲပစ်ခဲ့တယ်။ ဒီထက်ပိုပြီး တစ်ဆင့်တက်ရင် ကျောင်းတောင် ပြာကျမယ့်တောင် မင်းက'

နေမင်းကိုကိုက စိတ်ပျက်လက်ပျက် ငြီးတွားသည်။

'တော်ပါတော့ကွာ အဲဒီနာမည်ကို ငါ့ကိုယ်ငါတောင် တော်တော်သန့်နေပါပြီ ငါတမင်လုပ်တာ မဟုတ်ပေမယ့် သူနဲ့ တွေ့တိုင်း ငါ ကံကောင်းခဲ့ဘူး ပထမတစ်ခါ ငါ့အဖေရက်လည်တုန်းကကိစ္စ၊ ဒုတိယ နေကြာပွင့်ရဲ့မွေးနေ့ပွဲတုန်းက ကိစ္စ။ အခုနောက်ဆုံး practical ခန်းထဲမှာဖြစ်တဲ့ ကိစ္စတွေကို ဆက်စပ်လိုက်ရင် ငါ့ကိုယ်ငါ နာမည်စီးသွားသလားလို့တောင် ထင်မိတယ်'

အဲဒီအချိန်မှာ သူတို့သုံးယောက်ထိုင်နေသောကန်တင်းသို့ ဇာခြည်လင်း ဝင်လာသည်။

'နေမင်းကိုကို'

နေမင်းကိုကိုလှည့်ကြည့်လိုက်ရာ ဇာခြည်လင်းကို မျက်နှာရှုံ့မဲ့မဲ့နှင့် တွေ့လိုက်ရသည်။

'ဟာ...ဇာခြည်လင်း၊ လာ...ထိုင်...နေကြာပွင့်တော့ ပေါ်သွားလား'



www.burmeseclassic.com

www.burmeseclassic.com



ဓာခြည်လင်းက ငိုတော့မယ့်မျက်ခွက်ကြီးနှင့် နေမင်းကိုကိုနား
စပ်ထိုင်လိုက်သည်။

'နင်ကတော့ နေကြာပွင့်ကို မေးနိုင်သေးတယ်နော် ငါ့မှာတော့
ဘာဖြစ်သွားလဲ နင်သိရဲ့လား'

'ဘာဖြစ်သွားလဲဟင် တစ်ယောက်ယောက်ကများ နင့်ကို အဓွာ
ပြုလိုက်လို့လား'

'အဲဒါဆို ဖြေသာပါသေးတယ်ဟာ အခုဟာက ပိုဆိုးတယ် နင်
လုပ်လိုက်လို့ ဓာတ်ခွဲခန်းထဲမှာ ဝုန်းဆို ထပေါက်တော့ ငါလည်း ကြောက်
အားလန့်အားနဲ့ ပြေးမိပြေးရာပြေးရင်း နံရံနဲ့ဝင်ဆောင့်မိတာ ဟင့်··ဟင့်
သွားတစ်ချောင်း ကျွတ်သွားတယ်'

ဓာခြည်လင်းက ပြောလည်း ပြော၊ ငိုလည်း ငို၊ ပါးစပ်ကိုလည်း
ဖြဲပြလိုက်ရာ ရှေ့သွားတစ်ချောင်း အမှန်တကယ် မရှိတော့သည်ကို
တွေ့လိုက်ရသည်။

နေမင်းကိုကို···ဓာခြည်လင်းအတွက် စိတ်မကောင်းဖြစ်သွား
သည်။

'ဟာ ဟုတ်ပါရဲ့ဟာ ငါ တကယ် စိတ်မကောင်းပါဘူး'

နဂိုကတည်းကမှ မလှရသည့်အထဲ သွားတစ်ချောင်းပါ ကျိုးသွား
သဖြင့် ပိုဆိုးသွားတော့သည်။

ဓာခြည်လင်းရေ ဒီတစ်သက်တော့ ယောကျ်ားရဖို့ ဖြစ်နိုင်ပါဦး
မလား။

'ငါ နင့်ကို ဘာလုပ်ပေးရမလဲဟင် အားလုံးညီသွားအောင် ကျန်
တဲ့သွားတွေပါ ရိုက်ချိုးပေးရမလား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆို ငါ အသွားကြီးနဲ့တူသွားမှာပေါ့ဟ နင် ငါ့ကို သနား တယ်ဆိုရင် ငါကျေနပ်ပါပြီ'

နေမင်းကိုကို ဘယ်လိုစစ ဧခြည်လင်း စိတ်ဆိုးသည့်ဟန်မရှိ သော့တာကတော့ သူတို့အားလုံးအတွက် အံ့သြစရာ။

'တကယ် သနားပါတယ်ဟာ။ ရှားရှားပါးပါး ငယ်သူငယ်ချင်း လေး တစ်ယောက်ရှိတာ ရှေ့သွားတစ်ချောင်းမရှိတော့ဘူးဆိုတော့ နောက် ဆို နင်နဲ့စကားပြောရင် အဲယားကွန်း မလိုတော့ဘူးပေါ့'

ဧခြည်လင်းက ဘာမှမပြောဘဲ ပြုံး၍သာနေသည်။

ထို့ကြောင့် နေမင်းကိုကို တော်တော်အံ့သြသွားသည်။

'ဧခြည်လင်း'

'ဟင်'

'နင် ဒီနေ့ နေကောင်းရဲ့လား'

'ဘာဖြစ်လို့လဲ'

'သည်းခံနိုင်စွမ်းအားတွေ ပြည့်နေလို့ ငါ ဘယ်လိုစစ နင် အရင် ကို ဟာ ငမြွေထိုး နင်က ဘာဖြစ်တယ်ညာဖြစ်တယ် ဆိုတာတွေ မကြား ရတော့ပါလား'

ဧခြည်လင်းက ငါးချူပြုံးပြုံး၍ မဲ့တရိလေးဖြေသည်။

'အဲဒါ ဘာကြောင့်လဲ သိလား'

'မသိဘူးလေ'

'မသိတာပဲ ကောင်းပါတယ်ဟာ သိရင် ငါ့ရင်ထဲက ခံစားချက် တွေကို နင် ပျက်ရယ်ပြုမှာစိုးတယ်'

'အံ့မယ်...အလာကြီးပါလား။ မှန်မှန်ပြောစမ်း...နင် သွား တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်း ကျိုးသွားတာနဲ့…ကြောင်တောင်တောင် ဖြစ်သွားပြီ…မဟုတ်လား'

'မဟုတ်ပါဘူးဟာ ရူးသွားတာပါ'

'ဟမ် ရူးသွားတာ'

ဇာခြည်လင်းရဲ့စကားကို သုံးယောက်စလုံး အံ့အားသင့်နေကြသည်။

ဒီထက်အခြေအနေဆိုးလာရင် ရှာသာကြီးပို့ပေးရန် စဉ်းစားထားကြသည်။

'ငါ ဘာကြောင့်ရူးသွားလဲဆိုတာ နင်သိချင်လား'

နေမင်းကိုကို အောင်ထူးနဲ့တင်ကိုရဲ့မျက်နှာကိုကြည့်ပြီး ဇာခြည်လင်းရဲ့အမေးကို မချင့်မရဲဖြေသည်။

'သိချင်တယ်'

နေမင်းကိုကိုက ထိုသို့ပြောလိုက်သောအခါ ဇာခြည်လင်းက သူ့လွယ်အိတ်ထဲမှခေါက်ထားသော စာလေးတစ်စောင်ကို ထုတ်၍ပေးလိုက်သည်။

'ရော့ ဒီစာကိုဖတ်ကြည့်လိုက်။ တစ်ခုတော့ မှာခဲ့မယ်··နင် ဒီစာကိုဖတ်ရင် ပါးစပ်နဲ့မဖတ်ဘဲ နှလုံးသားနဲ့ဖတ်ပေးပါလို့ တောင်းဆိုချင်ပါတယ် ငါသွားတော့မယ်နော်'

'နေမင်း ဟော့ကောင် ဘာစာလဲ မသိဘူး ဖတ်ကြည့်ကွာ'

တင်ကိုက သိချင်ဇောဖြင့် စာကို အငမ်းမရကြည့်သည်။ နေမင်းကိုကို သူတို့နှစ်ယောက်လည်း မြင်သာအောင် စာကို သေချာဖြန့်၍ ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပဟေဠိ - ၁၀၁

'ကလေးတို့ရေ…ဟိုးရှေးရှေးတုန်းက တိုင်းပြည်ကြီး တစ်ပြည်မှာ နေ ထိမခံတဲ့ ရွှေမင်း သမီး လေး တစ်ပါး ရှိသတဲ့ကွယ်။ တစ်ည မင်း သမီး လေး ကို သူမိတ်ဆွေ မင်း သား လေး တစ်ပါး က ဆိုကာကိုလာ တိုက်သတဲ့။ ဒါပေမယ့် သူတိုက်တဲ့ ဆိုကာကိုလာထဲမှာ အရက်တွေရောထားမှန်း မသိတော့ မင်းသားလေး ယုံကြည်စွာ နဲ့ သောက်လိုက်သတဲ့။ အဲဒီမှာ တင် မင်း သား လေး ကို ချစ်မိပြီး, အခွင့်သာတဲ့ တစ်နေ့မှာ အများ မြင် အောင်ပြလိုက် တယ်တဲ့။

ဘာပြတာလဲသိချင်ရင်စာကိုသေချာဖတ်ပြီး ၅ လုံးသား နဲ့ မြင်အောင်ကြည့်ပါ။

စာကိုဖတ်ပြီး သုံးယောက်သား ခေါင်းချင်းဆိုင်၍ အကြောင်းရိုက်သွားသည်။

'ဟော့ကောင် ခါခြည်လင်း တကယ်ရူးသွားပြီထင်တယ် ငါနားမလည်တော့ဘူး'

နေမင်းကိုကို၏စကားကို အောင်ထူးက တွေးတွေးဆဆဖြင့်ပြောသည်။

'နေဦးကွ အကြောင်းတော့ရှိရမယ် စာကို သေချာ နှလုံးသားနဲ့ မြင်အောင်ကြည့်ပါတဲ့'

'ခဏပေးစမ်း ငါ ပြန်ဖတ်မယ် မင်းသမီးလေးက မင်းသားကို အာပြတာပါလိမ့်'

ဆောင်းညပြာသိုစာလေ

www.burmeseclassic.com

www.burmeseclassic.com



တင်ကိုက နေမင်းကိုကို လက်ထဲမှ စာကိုယူပြီး သေချာဖတ်သည်။ ဖတ်ပြီး စဉ်းစားသည်။ ခေါင်းထဲမှ ဉာဏ်မထွက်ဘဲ မီးခိုးသာထွက်လာသည်။

'ဘယ်လိုလဲ တင်ကို စဉ်းစားလို့ရလား'

'မရဘူး'

'ပေးစမ်းပါဦးကွာ ငါပြန်ဖတ်မယ်'

နေမင်းကိုကိုက စာကိုယူပြီး အဖြေရှာသည်။

'သူရေးထားတဲ့ စာတိလမ်းအရတော့ နေကြာပွင့်ရဲ့မွေးနေ့ပွဲမှာ ငါသူကို အချိုရည်နဲ့အရက်ရောတိုက်တာကို ရည်ညွှန်းနေပုံကွ'

'ဟာ ဒါဆို သူက မင်းသမီးလေး မင်းက မင်းသားလေးပေါ့-ဒါဆို မင်းကို ရည်းစားစာပေးတာပေါ့ကွ စာထဲမှာ အဲဒီညမှာပဲ မင်းသမီးလေးက မင်းသားလေးကို ချစ်သွားတယ်ဆိုတာလေ'

တင်ကိုက သူ့အထင်ကို အားရဝမ်းသာလေသံကြီးဖြင့် ပြော သည်။

'ဟာ မဖြစ်နိုင်ပါဘူးကွာ သူနဲ့ငါက ငယ်သူငယ်ချင်းပါ ပေါက်ကရတွေ မပြောစမ်းပါနဲ့'

နေမင်းကိုကိုက အကြောက်အကန်ငြင်းသည်။

'မဖြစ်နိုင်ဘူးလို့တော့ ပြောလို့မရဘူးကွ၊ သူ့အမူအရာတွေပြောင်းလဲပြီး မင်းကို သည်းခံလာတာ ကြည့်ပါလား'

'ဟာ..အဲဒါ သူ့ဘာသာသူ စိတ်ကောင်းဝင်လာလို့ဖြစ်မှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကာ်..ကဲ..မငြင်းကြနဲ့...ငါ..ဖတ်ကြည့်ဦးမယ်၊ စာ...ခဏပေး'

အောင်ထူးက နေမင်းကိုကိုလက်ထဲမှ စာကို တောင်းယူသည်။

နေမင်းကိုကို သူတောင် အဖြေရှာမရသော ပဟေဠိကို အောင်ထူးလည်း ရမည်မထင်။

ဒါပေမယ့်...ပေးလိုက်သည်။

'ရော့ကွာ..ဖတ်ကြည့်။ ဒါပေမယ့် မင်းလည်း အဖြေထုတ်နိုင်မယ် မထင်ဘူး'

အောင်ထူးက စာကို တစိမ့်စိမ့်ကြည့်သည်။

အခေါက်ခေါက်အခါခါ ဖတ်သည်။

တွေးသည်။

နောက်ဆုံး...

'ဟာ..အဖြေရပြီ ဟေ့ကောင်။ ငါ မြင်သွားပြီ'

'ဘာမြင်တာလဲကွ'

နေမင်းကိုကိုနှင့် တင်ကိုက စိတ်ဝင်တစားမေးသည်။

'မင်းသမီးလေးက မင်းသားကို ဘာပြောတာလဲဆိုတာ တွေ့သွားပြီ...မင်း မငြင်းနဲ့တော့ နေမင်းကိုကို...ဓာခြည်လင်းက မင်းကို ချစ်တယ်တဲ့'

'ဘာ'

နေမင်းကိုကို ကြောက်အားလန့်အား ထအော်သည်။

'မယုံရင် ဒီမှာ စာကို သေချာပြန်ကြည့်၊ ငါပြမယ်'

အောင်ထူးက နေမင်းကိုကိုနှင့်တင်ကိုကို စာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

သို့

စာခြည်လင်း

မင်းသမီးလေးက မင်းသားလေးကို ဘာပြတာလဲ ဆိုတာ ငါသိသွားတော့ သိပ်ကြောက်သွားတယ် သိလား။ တလွဲမတွေးပါနဲ့။ နင့်ရင်ထဲက အချစ်တွေကို သိလိုက်ရတော့ ငါ့ကို မေ့ဒင်ဆရာ ပြောတာလေး သွားသတိရမိလို့ပါ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ငါ့ကို မေ့ဒင် ဟောထားတယ်။ မင်းကို မိန်းကလေးတစ်ယောက်က ရည်းစားစကား စပြောရင် သို့မဟုတ် ရည်းစားစာပေးရင် အဲဒီမိန်းကလေး သိပ်မကြာခင် ကားတိုက်ခံရပြီး သေနိုင်တယ်တဲ့။ သိပ်လည်း ကြောက်မသွားပါနဲ့။ ယတြာရှိပါတယ်။ အဲဒီဟာက လွတ်ချင်ရင် ပြောမိတဲ့ မိန်းကလေးက သူ့ရဲ့ အခင်ဆုံး သူငယ်ချင်းမိန်းကလေး တစ်ယောက်နဲ့ ငါ့ကို ချစ်သူတွေ ဖြစ်အောင် အောင်သွယ် လုပ်ပေးလိုက်ပါ တဲ့။

ဆောင်းညပြာသိုစာလေ

www.burmeseclassic.com

www.burmeseclassic.com

ပျေး - ၁၀၇

အဲဒီမိန်းကလေး ရဲ့နာမည်မှာ ပန်းနာမည် ပါရမယ် တဲ့။ ပန်းထောင်မှ အပွင့်ကြီးကြီး (ဥပမာ-နေကြာပန်းပေါ့)။ အဲဒီလိုပန်းနာမည်ပါတဲ့ မိန်းကလေး နဲ့ ငါနဲ့ ချစ်သူတွေဖြစ်သွားရင် နင့်ကို ဆိုက်ကားထောင် မတိုက်နိုင်တော့ပါဘူးဟာ။ ငါ နင့်အတွက် ပြောတာပါ။ အဲဒီယတြာအောင်သွားမှ နင့်ကို စဉ်းစားပေးမယ် နော်။

နေမင်းကိုကို

စာကို ဖတ်ပြီးသည်နှင့် ဇာခြည်လင်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။

မကြာခင် ကားတိုက်ခံရမည်ဆိုသောကြောင့် မျက်လုံးပြူးမျက်ဆံပြူး။

ပန်းနာမည်ပါသော အခင်ဆုံးသူငယ်ချင်းတွေကို စဉ်းစားသည်။

'ဒုက္ခပဲ...အခင်ဆုံးသူငယ်ချင်းထဲမှာ ပန်းနာမည်ပါတာ ဘယ်သူရှိလဲ...စဉ်းစားစမ်း...စဉ်းစားစမ်း...အပွင့်ကြီးကြီး ဆိုတော့ ဂေါ်ဖီ ထုပ်..ဟာ...ငါ့သူငယ်ချင်းထဲမှာ ဂေါ်ဖီထုပ် မရှိပါဘူး။ ဘယ်မိန်းက လေးကရော သူ့နာမည် ဂေါ်ဖီထုပ်လို့ပေးမှာလဲ။ ဒါဆို ဪ..စာထဲမှာ ရေးထားတာပဲ၊ ဥပမာ..နေကြာပန်းတဲ့။ ဟုတ်ပြီ ဒါဆို နေကြာပွင့်ပေါ့'

နဂိုကမှကျပ်မပြည့်ရှာသော ဇာခြည်လင်းခမျာ ဖေဒင်နှင့်ခြောက် လှန့်ခံရသောအခါ ဦးနှောက်မသုံး၊ မစဉ်းစား မဆင်ခြင်ဘဲ အဟုတ်ကြီး ထင်ပြီး နေမင်းကိုကို၏ချစ်သူဘဝ မရောက်ဘဲ အောင်သွယ်တော်ဘဝသို့ ရောက်သွားတော့သည်။

ဆောင်းညပြာဆိုစာရေး

www.burmeseclassic.com

www.burmeseclassic.com



'နေကြာ'

'ဟင်'

'နင် နေမင်းကိုကို ကို ဘယ်လိုမြင်လဲ'

'ငါက ဘယ်လိုမြင်ရမှာလဲ'

'သူက နင့်ကိုကြိုက်နေတာဟာ..အဲဒါ ငါ့ကို ပြောခိုင်းလို့'

'ဟာ'

နေကြာပွင့်တစ်ကိုယ်လုံး ရှက်သွေးတွေ ဖြန်းခနဲတက်သွားသည်။

'နင် စဉ်းစားပေးလိုက်ပါဟာ...သူ့မှာ နင်ရှိတဲ့အဆောင်ကို မလာရတော့လို့ အရမ်းကို ဝမ်းနည်းနေတာ'

'နေစမ်းပါဟာ..ငါ ကြောက်လို့ပါ။ သူနဲ့သာ ညားရင် ဘာတွေဖြစ်ကုန်မလဲ မပြောတတ်ဘူး။ နာမည်နဲ့လိုက်ပါ'

'ဒါတွေက တိုက်ဆိုင်မှုတွေပါဟယ်..အဲဒီလိုဖြစ်တာတွေကလည်း နင့်ကို သူ အမြင်ကြည်လင်လာအောင် ဖြေရှင်းရင်းနဲ့ ဖြစ်သွားတာမဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်..ဒါပေမဲ့ လွဲပြီးရင်း လွဲနေတဲ့သူကို ဘယ်မိန်းကလေးက ယုံယုံကြည်ကြည်နဲ့ ချစ်ရဲမှာလဲ'

'နင် သူ့ကို တကယ်မချစ်ဘူးလားဟင်'

'ချစ်ပါဘူး'

နေကြာပွင့်က ရင်ထဲက မပါဘဲ ဖြေခြင်းဖြစ်သည်။(ဒါကို စာရေးဆရာမှလွဲ၍ ဘယ်သူမှမသိ။)

'ဒုက္ခပါပဲဟယ်'

ဇာခြည်လင်းက ကားတိုက်ခံရမှာကြောက်ပြီး ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'နှင်က ဘာဖြစ်နေတာလဲ၊ သူတောင် ငါ့ကို တစ်ခါမှချစ်တယ်လို့ မပြောဖူးဘူး၊ အခု..နှင်ပြောလို့ ငါသိရတာ'

'ဒါဆို သူက ပြောမယ်ဆိုရင် နှင် စဉ်းစားပေးမှာလားဟင်'

ကာယကံရှင်က ဘယ်လိုနေမယ် မသိ။ အောင်သွယ်တော်က ခြေမကို လျှာနှင့်လျက်ပေးတော့မတတ် ခယယယ ပြောနေသဖြင့် နေကြာ မွှင့် အမြင်ကပ်ပြီး ပညာပေးရန် စဉ်းစားလိုက်သည်။

'ဒီလိုလုပ်ဟယ်..ငါ့ကို ချစ်ရင် ငါ့အိမ်လာပြီး ငါ့အဒေါ်ရှေ့မှာ ငါ့ကို ရည်းစားစကားပြောလို့....ငါ့အဒေါ်က အပြုံးမပျက်ဘူးဆိုရင် စဉ်းစားပေးမယ်လို့'

'ဟမ်...ဘယ်လိုကြီးလဲ'

ဓာခြည်လင်း ကြောင်သွားသည်။

'အေး...အဲဒီအတိုင်းပဲ ပြောလိုက်။ ဒါ ဉာဏ်စမ်းအစီအစဉ်ပဲ၊ ဒီတစ်ခါလွဲရင် သေတာရီးပဲလို့'

အဲဒီအချိန်မှာ အတန်းထဲကို ဆရာမ ဝင်လာ၍ စကားစပြတ်ပြီး အနှုတ်ဆက်လိုက်ကြသည်။

'မင်္ဂလာပါ ဆရာမ။ ညီညီညာညာ ကန်တော့ကြ'

●



www.burmeseclassic.com

www.burmeseclassic.com

၁၄

'ဟမ်…နေကြာပွင့်က အဲဒီလိုပြောတယ်..'

'အေး..အဲဒါ ဘယ်လိုလုပ်မလဲ…နင် စဉ်းစားပါဦး'

ဇာခြည်လင်းစကားကြောင့် နေမင်းကိုကို ခေါင်းစားသွားသည်။

'ဒီလိုမှန်းသိရင်…အစကတည်းက ဆိုက်ကိုမေဂျာ ယူပါတယ်ကွာ…တူမကို ချစ်တဲ့အကြောင်း အဒေါ်ရှေ့မှာ ပြောရမယ်တဲ့..အဒေါ်က အပြုံးမပျက်နေမှ စဉ်းစားမယ်တဲ့…မဖြစ်နိုင်ဘူး၊ အနည်းဆုံးတော့ မျက်နှာပျက်သွားမှာပဲ..ဒါတောင် ကိုယ့်ဆရာမမို့လို့၊ တခြားသူဆို သူ့ကို မလေးမစား လုပ်တယ်ဆိုပြီး ပါးထရိုက်မှာ'

'ငါလည်း မစဉ်းစားတတ်ဘူးဟယ်…နင့်ကို သက်သက် ပညာပြတာလား၊ ဒါမှမဟုတ် နင့်ရဲ့ဉာဏ် ဘယ်လောက်ပြေးလဲ သိချင်လို့ ဖြစ်မယ်ထင်တယ်'

နေမင်းကိုကို မေးစေ့ကို လက်ထောက်ပြီး စဉ်းစားခန်းဝင်နေသည်။ ဇာခြည်လင်းက သူ့ကိုကြည့်၍ -

'နေမင်း…နင် ငါ့ကို မှန်မှန်ဖြေနော်…နင် အခု…စဉ်းစားနေတာ နေကြာပွင့်ရဲ့အချစ်ကို တကယ်ရချင်လို့လား၊ ဒါမှမဟုတ် ဆကြာ ချေ့ရုံသက်သက်ပဲလား'

www.burmeseclassic.com



နေမင်းကိုကိုက ဓာခြည်လင်းကို တစ်ချက်ကြည့်ပြီး ကလိမ်ကကျစ် ဖြေသည်။

'နင်ကလဲဟာ..နင် ကားတိုက်ခံရမှာစိုးလို့...ငါ ယကြာချေနေတာ..နားလည်စမ်းပါ၊ နင့်အတွက်ဟာ'

ဓာခြည်လင်း ကျိုးနေသောသွားတစ်ချောင်းပေါ်အောင် ပြုံးလိုက်သည်။

'ဒါဆိုရင်...ငါ ကျေနပ်သွားပြီဟာ....ငါပါ ဝိုင်းစဉ်းစားပေးမယ်'

□



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ဒေါ်ခင်မျိုးဝေ သူ့ကို မုန့်ပုံးနှင့်လာကန်တော့သော နေမင်းကိုကို ကြောင့် အထူးအဆန်းဖြစ်နေသည်။

'သားရယ်...တစ်သက်နဲ့တစ်ကိုယ် တီချယ့်ကို တစ်ခါမှ မကန် တော့ဖူးပါဘူး..အခု...သီတင်းကျွတ်လည်း မဟုတ်...အထူးအဆန်းပါ လား'

နေမင်းကိုကိုက ဒေါ်ခင်မျိုးဝေကို လက်အုပ်လေးချီ၍ ရိုရိုသေ သေဖြေသည်။

အနားမှာ နေကြာပွင့်လည်း ရှိသည်။

'တီချယ့်ကို ကျွန်တော် ဆယ်တန်းအောင်ကတည်းက လာကန် တော့မလို့ပါပဲ...ဒါပေမယ့် အဲဒီအချိန်တုန်းက မုန့်ပုံးတွေ ဈေးတက်နေ လို့...အခုမှ ဝယ်ကန်တော့ဖြစ်တာပါ'

'အေး..အေး...ဘာပဲဖြစ်ဖြစ် ဝမ်းသာပါတယ်ကွယ်..တီချယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝတ်နေတာနဲ့…အဲလေ…မုန့်စားချင်နေတာနဲ့ အတော်ပဲ၊ တစ်ခါတည်း ဖွင့်စားလိုက်တော့မယ်နော်'

'ဟုတ်ကဲ့….စားပါ တီချယ်၊ ဒိတ်မလွန်ခင်စားမှ ကောင်းမှာ'

ဒေါ်ခင်မျိုးဝေ မုန့်ပုံးကိုဖွင့်၍ကြည့်လိုက်ရာ သူသိပ်ကြိုက်သော ယိုကပ်ဘီစကစ်။

ထို့ကြောင့် ဝမ်းသာအားရနှိုက်စားနေစဉ် နေမင်းကိုကို နေကြာပွင့်ကို ကြည့်၍

'နေကြာ'

'ရှင်'

'ဘွန်ရက်ထေ'

နေကြာပွင့် ကြောင်သွားသည်။

နေမင်းကိုကို ဘာပြောလိုက်တာလဲပေါ့…

ဒေါ်ခင်မျိုးဝေကတော့ မုန့်စားနေရာမှ နေမင်းကိုကိုကို မျက်ခုံးပင့်ပြီး ကြည့်သည်။

'ကိုနေမင်း…ဘာပြောလိုက်တာလဲ'

နေကြာပွင့်က နားမရှင်း၍ ပြန်မေးသည်။

သို့သော် နေမင်းကိုကိုက ပြုံးလိုက်ပြီး -

'ဒီအစီအစဉ်က တစ်ခါပဲ လွှင့်တယ်…နှစ်ခါ မလွှင့်ဘူး။ ထဲ-- သွားတော့မယ်နော်'

နေမင်းကိုကိုက ဒေါ်ခင်မျိုးဝေကိုလည်း နှုတ်ဆက်လိုက်သည်။

'တီချယ်..ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဒီနေ့ အဘွားကို ဆေးခန်းပြရမှာမို့လို့ ပြန်လိုက်ပါဦးမယ်'

www.burmeseclassic.com



'အေး..အေး..နောက်လည်း လာလည်ပေါ့ သားရယ်'

'ဟုတ်ကဲ့ပါ'

နေမင်းကိုကို နေကြာပွင့်ကို လက်ပြနှုတ်ဆက်၍ ပြန်သွားစဉ် နေကြာပွင့် ကြောင်စီစီနှင့်ကျန်ခဲ့သည်။

သူပြောတဲ့ ဘွန်ရက်ထေဆိုတာ ဘာပါလိမ့်ပေါ့....

●



www.burmeseclassic.com

www.burmeseclassic.com

'ဘာမှမဟုတ်ဘူး နေကြာ…ဘွန်ရက်ထေ ဆိုတာ ကိုယ် မင်းကို ချစ်တယ်လို့…ယိုးဒယားလို ပြောလိုက်တာ'

'ရှင်'

'ဟုတ်တယ် နေကြာ…ဘာပဲပြောပြော တီချယ် အပြုံးမပျက်ဘဲ [illegible]စားနေနိုင်တယ်လေ၊ ကိုယ်…မင်းရဲ့ဉာဏ်စမ်းအစီအစဉ်ကို အောင်မြင်အောင် ဖြေဆိုနိုင်ပြီ မဟုတ်လား'

နေကြာပွင့် ပြုံးလိုက်သည်။

နေမင်းကိုကိုကိုလည်း အထင်ကြီးသွားသည်။

'အင်းလေ…သူမှနားမလည်တာ၊ ရှင်က ဖတော်တော်လည်တာပဲ'

'ဒါဆို ကိုယ့်ကိုစဉ်းစားပေးမယ်ပေါ့'

'စဉ်းတော့ စဉ်းစားချင်ပါတယ်…ဒါပေမယ့် ဒီခေတ်ယောကျ်ားလေးတွေက သိပ်ယုံရတာမဟုတ်ဘူး၊ ရှင် ကျွန်မကို တကယ်ချစ်တာဟုတ်ရဲ့လား…အပျော်သက်သက်ရည်းစားထားတာဆိုရင် ဘယ်လိုလုပ်မလဲ'

'နေကြာရယ်…မင်းက ကိုယ့်ဆရာမရဲ့ တူမပါ။ ကိုယ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကမှ မင်းကို ပေါ့ပျက်ပျက်သဘောမထားခဲ့ပါဘူး၊ မင်းကို စတွေ့လိုက်တဲ့နေ့ကတည်းက စွဲလမ်းခဲ့တာပါ'

'ကျွန်မယုံအောင် ရှင်က ဘယ်လိုသက်သေပြမှာလဲ'

နေမင်းကိုကို သူ့ရဲ့အင်္ကျီအိတ်ကပ်ထဲမှ လုံးပြီးကျေနေသော တစ်ရှူးဟောင်းလေးတစ်ခုကို ထုတ်လိုက်သည်။

'ဒါလေးကို မှတ်မိလား နေကြာ··မင်းနဲ့ စဆုံတဲ့နေ့က ကန်တင်းမှာ ထောပတ်သီးဖျော်ရည်သောက်တော့ မင်းနှုတ်ခမ်းမှာ ထောပတ်သီးပေနေတယ်လို့ ကိုယ်ပြောခဲ့တယ်လေ···အဲဒီတော့ နေကြာက တစ်ရှူးယူပြီး နေကြာ့နှုတ်ခမ်းလေးကို သုတ်လိုက်တယ်···ပြီးတော့··ဘေးနားမှာ လုံးပြီးချထားလိုက်တယ်···ဒီကျေနေတဲ့ တစ်ရှူးလေးက နေကြာ့နှုတ်ခမ်းနီစွန်းနေတဲ့ တစ်ရှူးလေးပဲ'

နေကြာပွင့်ရဲ့မျက်ဝန်းလှလှလေးတွေ အရောင်လဲ့လာသည်။

'ဟင်···ဒါကို ဘာလို့ သိမ်းထားတာလဲ'

'ရူးလို့ပေါ့ နေကြာရယ်···ကိုယ် မင်းနဲ့တွေ့မှ အချစ်ရဲ့အဓိပ္ပာယ်ကို နားလည်ခဲ့တာပါ···ဒီတစ်ရှူးလေးကို အိတ်ထဲမှာ ဆောင်ထားရင်··ကိုယ့်အနားမှာ မင်းရဲ့ပုံရိပ်လေးတွေ အမြဲရှိနေသလိုပဲ'

နေကြာပွင့်ရင်ထဲမှာ ပါးပါးလေး ကြည်နူးသလို၊ ရင်ခုန်သလို ခံစားမိလာသည်။

'စာရေးဆရာရဲ့ သားမို့လို့···စကားတတ်တိုင်း လျှောက်ပြောနေတာ မဟုတ်ပါဘူး နေကြာ···တကယ်တော့···နေမင်းကိုကိုဆိုတဲ့ ကိုယ့်ရဲ့ အချစ်အလင်းရောင်တွေနဲ့ နေကြာ ဆိုတဲ့···ပန်းကလေးကို အလှဆုံး ဖူးပွင့်စေချင်တာ ကိုယ့်ရဲ့အိပ်မက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'နားထောင်လို့တော့ ကောင်းပါရဲ့…ဒါပေမယ့်…'

'ဒါပေမယ့်··ဆိုတဲ့စကားကို မသုံးပါနဲ့လား···နေကြာရယ်၊ ဒါပေမယ့်ရဲ့ နောက်မှာ ရှေ့စကားလုံးရဲ့အငြင်းပဲ အမြဲတမ်းလိုက်တယ်····တိုယ့်ကို မငြင်းပါနဲ့နော်···မင်းသာ ငြင်းလိုက်ရင်···ကိုယ် ဘယ်လိုမှ နေလို့ရမှာ မဟုတ်ဘူး'

'အို···ခုချက်ချင်းပြော၊ ခုချက်ချင်း အဖြေပေးလိုက်ရင် ကျွန်မ ဈေးကျသွားမှာပေါ့'

'မကျပါဘူး နေကြာရယ်··မင်းရဲ့ဈေးက အမြဲတမ်း ထောင့်ငါး ရာပါပဲ'

'ဘာ···ရှင် ယုတ်မာလှချည်လား···ကျွန်မကို အပေါစားမိန်းမ လို့ ပြောတာပေါ့'

နေကြာပွင့် ဒေါသူပုန်ထသွား၍ နေမင်းကိုကို အမြန်ရှင်းပြလိုက်ရသည်။

'ဟာ···မဟုတ်ဘူးလေ···ထောင့်ငါးရာဆိုတာ ပိုက်ဆံကို ပြောတာ မဟုတ်ဘူး···အချစ်မေတ္တာကို ပြောတာ···ကိုယ့်အတွက် မင်းက အမြဲ ၁၅၀၀ ပါပဲလို့ပြောတာ'

တော်သေးတာပေါ့···

သဘောပေါက်သွားလို့···

နေကြာပွင့်မျက်နှာ ပြန်ပြီး တည်ငြိမ်သွားသည်။

'ချက်ချင်းအဖြေပေးရမယ်လို့ မဆိုလိုပါဘူး နေကြာရယ်-၁ မိနစ်တန်သည်···၁၀မိနစ်တန်သည်···စဉ်းစားလို့ရပါတယ်၊ ကိုယ်သည်း ခံပြီး မင်းအနားမှာ စောင့်ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'တော်တော် စောင့်နေရဦးမယ်နော်··ရှင်က ကိုယ့်ဘက် ကိုယ် ယက်တဲ့ လိပ်ပဲ··ကျွန်မက မိန်းကလေးရှင့်'

နေကြာပွင့်က မျက်စောင်းလေးထိုး၍ ပြောသည်။

'မိန်းကလေးမို့လို့ ပြောနေတာပေါ့ နေကြာရယ်··မိန်းကလေး ဆိုတာ··ကိုယ့်ကို တစ်သက်လုံး ရှာကျွေးမယ့်လူကို တွေ့တုန်း လက်လွှတ် မခံသင့်ဘူး···နောက်ကျသွားရင် အပျိုကြီးဘဝနဲ့ ရှာကျွေးမယ့်သူ မရှိဘဲ ရိပ်သာဝင်နေရဦးမယ်'

'အဲဒီလိုပြောရအောင် ရှင်က ဘာအလုပ်ရှိလို့လဲ'

'လောလောဆယ်တော့ ဘာမှမရှိဘူး'

နေကြာပွင့် ဟက်ဟက်ပက်ပက်ရယ်သည်။

'ဟင်း···ဟင်း····ဟင်း···ရှင်က တကယ်ရယ်ရတယ် သိလား ···မိန်းကလေးတစ်ယောက်ဆိုက အဖြေတောင်းတာ လူနာ အမဲခြောက် တောင်းသလိုပဲ'

'ဟုတ်ပါတယ် နေကြာရယ်···နေကြာသာ မကျွေးရင် ကိုယ်·· အမဲရိုးတောင် ကိုက်လိုက်ရမှာ မဟုတ်ပါဘူး'

'ရှင် တကယ်ကိုက်ချင်တာလား၊ အဲလေ···ကျွန်မဆီက အဖြေ ကို တကယ်လိုချင်တာလား'

နေမင်းကိုကိုက ဝမ်းသာအားရပြောသည်။

'တကယ်လိုချင်တာပေါ့ နေကြာရဲ့···အခု ပေးတော့မလို့လား ဟင်···'

'အခုတော့ မပေးပါဘူး····ရှင့်ရဲ့ ဉာဏ်ကို ထပ်စမ်းတဲ့အနေနဲ့ ကျွန်မကို တစ်ပတ်အတွင်း ရင်ခုန်အောင် လုပ်ရမယ်···ရင်ခုန်တာမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ နှလုံးခုန်သံတွေကို··ကိုယ်တိုင် ပြန်ကြားရတဲ့အထိ လုပ်ရမှာ …ပ်···ဘာဖြစ်လို့လဲဆိုတော့··ကျွန်မက မြန်မာဇီဒီယိုကားတွေ အကြည့် …းတော့··တော်ရုံတန်ရုံ ရည်းစားစကားလောက်ကို ရင်မခုန်တတ်ဘူး၊ ရှင်လုပ်နိုင်ရင် ကျွန်မ သေသေချာချာစဉ်းစားပေးမယ်’

❐

ဆောင်းညပြာ ဒီစာပေ

www.burmeseclassic.com

# (၁၇)

ဘာပဲပြောပြော ကိုယ့်ကို propose လုပ်ထားတဲ့သူရဲ့ biography ကို လေ့လာသင့်သည်ဟု ယူဆပြီး နေကြာပွင့် ဓာခြည်လင်းကို စုံစမ်းစစ်ဆေးရေးလုပ်တော့သည်။

'ဓာခြည်လင်း နင်နဲ့ နေမင်းကိုကိုက ငယ်သူငယ်ချင်းနော်'

'ဟုတ်တယ်လေ နေကြာရဲ့ ဘာလဲ အဖြေပေးတော့မလို့လား'

ဓာခြည်လင်းက သူကားတိုက်ခံရမှာစိုးပြီး အဖြေကို အတင်းပေး စေချင်နေသည်။

'မဟုတ်ပါဘူး သိထားသင့်တယ် ထင်လို့ပါ နေမင်းကိုကို ဘယ်လိုလူမျိုးလဲ'

'ဘယ်လိုလူမျိုးရမလဲဟ သိပ်ကို တော်ပြီး ဉာဏ်ကောင်းတဲ့သူ ပေါ့ ကျောင်းမှာဆိုရင် သူ စာအတော်ဆုံးပဲ ပန်းချီဆွဲတတ်တဲ့အပြင် စာ အရေးအသားလည်း ကောင်းတယ် ပြီးတော့ ရုပ်ရည်ကလည်း အပြစ် အနာအဆာမရှိဘူး ရိုးလည်း ရိုးသားတယ် ပျော်ပျော်နေတတ်ပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



သဘောထား ကြီးကျယ်မြင့်မြတ်တယ်။ သူနဲ့ရည်းစားဖြစ်တဲ့ မိန်းကလေး ...ာ သိပ်ကိုကံကောင်းမှာ'

'အမယ်လေး ဇာခြည်လင်းရယ် သူ့အမေတောင်မှ သူ့ရဲ့ဂုဏ်ပုဒ် ...တွေကို နင့်လောက်သိမှာ မဟုတ်ဘူး သူနဲ့ပတ်သက်ပြီး အပြစ်ပြောစရာ ...င့်မှာ တစ်ကွက်လေးတောင် မရှိဘူးလား'

'တစ်ကွက်တော့ ရှိတယ်'

'အဲဒါ ဘာလဲ'

နေကြာပွင့်က ဇာခြည်လင်းကို စိတ်ဝင်တစားမေးသည်။

'သူနဲ့ ပတ်သက်မိတဲ့သူတွေက သူ့ရဲ့လုပ်ဆောင်ချက် တစ်ခုခု ...ကြောင့် ဖရိုဖရဲ ဖြစ်..ပြဿနာတက်ပြီး ကျန်ခဲ့တာတွေချည်းပဲ...အဲဒါ ...ကြောင့် ငမြွေထိုး လို့ နာမည်ပေးထားတာ...ဒါပေမယ့်..သူများတကာ ...ဒုက္ခရောက်ပါစေဆိုတဲ့စိတ်နဲ့ လုပ်တာတော့ မဟုတ်ပါဘူး။ အပျော်သဘော ...တော နောက်တာ ဖြစ်ရင် ဖြစ်...မဖြစ်ရင် တိုက်ဆိုင်လို့ ဖြစ်သွားတာ ...ချည်းပါပဲ'

နေကြာပွင့်က ဇာခြည်လင်းရဲ့စကားကို အလေးအနက်စဉ်းစား ...သည်။

'အင်း..ဟုတ်တယ်နော် အခုဆိုရင် သူ့ကြောင့် အဆောင်တိုင်း ...အဆောင်တိုင်းမှာ တခြားမေဂျာကကျောင်းသားတွေ ဝင်မလာအောင် အဝင် ...မှာကတည်းက ကျောင်းသားကဒ်စစ်တဲ့ဓလေ့ကြီးပေါ်လာပြီ အဲဒါ သူ့ ...ကောင်းမှုပေါ့'

နေကြာပွင့်က ဓာတ်ခွဲခန်းမှအဖြစ်အပျက်ကို ရည်ရွယ်၍ ...ပြော ...ဆိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာဟုတ်သေးလဲဟာ··အခုဆိုရင် သူ့ကြောင့် ငါ့ရင်ထဲမှာ ဆူနာမိမ္မွေသလို ခံစားနေရပြီဟု ပြောလိုက်ချင်သော်လည်း ကားတိုက်ခံရမှာစိုးလို့ ပြောမထွက်။

အဓိကကက ယကြာအောင်စေရန် မြန်မြန်လျှော်ပေးမှ ဖြစ်မည်။

ထို့ကြောင့်···

'နင် သူ့ကို အမြန်ဆုံး အဖြေပေးလိုက်ပါ နေကြာရယ် အဲဒါမှ ဇရုတ်သုတ်ခတွေ ထပ်မဖြစ်တော့ဘဲ သူခြေငြိမ်သွားမှာ'

'ငါ သူ့ကို စမ်းသပ်ချက်လုပ်ထားတယ်ဟ'

'ဟင် ဘာဖြစ်လို့လဲ အားနည်းနေလို့လား ဒါဆို ကြက်ဥတိုက်ပေါ့ နေကြာရဲ့'

'ဟဲ့ ဘာတွေ လျှောက်ပြောနေတာလဲ အဲဒီစမ်းသပ်ချက်ကိုပြောတာမဟုတ်ဘူး'

'အဲ ဒါဆို ဘယ်လိုစမ်းသပ်ချက်လဲ'

နေကြာပွင့် ပါးစပ်ဟရန် ပြင်နေစဉ် ဆိုင်ထဲကို နေမင်းကိုကို အမောတကောဖြင့် ပြေးလာသည်။ ထို့နောက် အလောတကြီးဖြင့်

'နေကြာ နေကြာ ကိုယ့်ကို တစ်ခုကူညီပါ ဒီအထုပ်လေး သိမ်းထားပေးပါနော်'

နေမင်းကိုကိုက ဘာမှန်းမသိသော အဖြူရောင်အထုပ်လေးတစ်ထုပ်ကို နေကြာပွင့်လက်ထဲ အတင်းထိုးပေးသည်။

'ရှင် ဘာဖြစ်လာတာလဲ အဲဒါ ဘာအထုပ်လဲ'

'ကိုယ် အဲဒါတွေဖြေဖို့ အချိန်မရဘူး နေကြာ အရေးကြီးနေလို့ အဲဒါလေး သိမ်းထားပေးပါနော် ကိုယ် သွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကို ပြောစရာရှိတာပြောပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ် မြန်ထွက်သွားသည်။

ပဟေဠိတွေနှင့်ကျန်ခဲ့သူက နေကြာနှင့် ဇာခြည်လင်း။

'နေမင်းကိုကို ဘာဖြစ်လာတာလဲ ဒီအထုပ်က ဘာအထုပ်လဲ'

'သူ့မှာ အကြောင်းရှိလို့ဖြစ်မှာပေါ့ နေကြာရယ် ဘာပဲဖြစ်ဖြစ် သိမ်းထားလိုက်ပေါ့'

နေကြာပွင့်က အဖြူရောင်အထုပ်လေးကို သူမ ပိုက်ဆံအိတ်ထဲ သို့နေစဉ် ဆိုင်ထဲသို့ လူစိမ်းနှစ်ယောက် ရောက်ချလာသည်။

သူတို့က နေကြာပွင့်ဆီ တန်းတန်းမတ်မတ်ဝင်လာပြီး

'ဟေ့ ကောင်မလေး လက်ထဲကအထုပ်ကို ပြစမ်း'

ရုတ်တရက် ဟိန်းဟောက်လိုက်သံကြောင့် နေကြာပွင့် လန့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

'ရှင် ရှင်တို့က ဘယ်သူတွေလဲ'

'လူတွေပဲ အဲ့လေ့ ငါတို့က ထောက်လှမ်းရေးကပဲ'

'ဟင် ချိုင်းထောက်လည်း မပါပါဘူး'

'မေ့ကျန်ခဲ့လို့ အဲလေ‥ဟဲ့‥ကုလားမ နင့်ပါးစပ်ပိတ် ငါတို့ထ (‥‥‥)က ရဲတွေဟဲ့'

ဇာခြည်လင်း မသိဘဲ စွတ်ရွတ်ဝင်ပြောသဖြင့် ထောက်လှမ်းရေး ဆိုသူ၏ ငေါက်ငမ်းခြင်း ခံလိုက်ရသည်။

နောက်တစ်ယောက်က

'ဟိုကောင်မလေး နင် ခုန အိတ်ထဲ ထည့်လိုက်တဲ့ အဖြူရောင် အထုပ် ငါ့ကိုပြစမ်း ဘာအရောင်လဲ သိချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်…အဖြူရောင်ဆို'

'ဩော်…ဘာအထုပ်လဲ သိချင်လို့လို့ မေးတာ'

'ရဲကြီးရယ်…ကျွန်မ ဘာအမှားလုပ်မိလို့လဲ၊ ဒီအထုပ်က ကျွန်မ သူငယ်ချင်းပေးသွားတာပါ တန်ဖိုးမရှိပါဘူး'

နေကြာပွင့်က ရဲဆိုတော့လည်း လေးလေးစားစား ပြောရသည်ပေါ့။

'ဟဲ့ ရဲကြီးလို့မခေါ်နဲ့ ရဲကြီးဆို ရဲလေးရဲ့အစ်ကိုလို့ ထင်နေဦးမယ် ပြဆိုပြ လျှာမရှည်နဲ့'

'ဟုတ်…ဟုတ်ကဲ့ ဒါဆိုလဲ ပြပါ့မယ်'

နေကြာပွင့်က ကြောက်ကြောက်လန့်လန့်နဲ့ ပြပါ့မယ်ဟု ပြောလာသောအခါ တခြားဝိုင်းမှ ယောက်ျားသားများ စိတ်ဝင်တစား ခေါင်းလှည့်ကြည့်ကြသည်။

ဘာများ ပြမလဲပေါ့။

နေကြာပွင့်က နေမင်းကိုကို ပေးသွားခဲ့သော အဖြူထုပ်လေးကို ထုပ်ပြလိုက်သည်။ စိတ်ထဲမှာလည်း နေမင်းကိုကို ဘာတွေရှုပ်ထားလဲလို့ ပဟေဠိဖြစ်သွားသည်။

ထောက်လှမ်းရေးက နေကြာပွင့်လက်ထဲမှ အထုပ်ကို ယူ၍ သေချာစွာစစ်လိုက်ပြီး…၊

'အမိ ကျုပ်တို့နဲ့ စခန်းကိုလိုက်ခဲ့ပါ'

'ရှင်…ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ'

'ဘာအပြစ်မှတော့ မရှိပါဘူး…ဘိန်းဖြူအရောင်းအဝယ်လုပ်တဲ့ အမှုလေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'ဟုတ်တယ်၊ ဒါ··ဘိန်းဖြူထုပ်ပဲ'

နေကြာပွင့် ခေါင်းနပမ်းကြီးသွားသည်။

နေရင်းထိုင်ရင်း မြွေကိုက်ခံရပြီ။ မြွေတောင်မှ ရိုးရိုးမြွေ မဟုတ် ငမြွေထိုး။

'ဒီဆိုင်ထဲမှာ ဘိန်းဖြူအရောင်းအဝယ်လုပ်နေတယ် သတင်းရလို့ ချုပ်တို့လာဖမ်းတာ အခု ဘိန်းဖြူလက်ထဲမှာရှိတဲ့ မင်းက အဓိက တရား ခံပဲ'

'ရှင်'

တစ်ဆိုင်လုံးလန့်ပြီး ထွက်ပြေးကုန်သည်။

ဒီအမှုက အယူခံဝင်ခွင့်မရှိ။ တော်ကြာ သူတို့ပါ စက်ကွင်းမလွတ် ဖြစ်ကုန်မည်စိုးသောကြောင့် ဝေါင်ဝေါင်ရှေး သွားကြခြင်းဖြစ်သည်။

ဆိုင်ရှင်ဆိုလျှင် ကြောက်ဒူးတုန်ပြီး အိမ်သာထဲမှာဝင်ပုန်းနေသည်။ အမှုက သူ့ဆိုင်ထဲမှာ ဖြစ်နေတာကိုး။

'ဆရာကြီးရယ် ကျွန်မ ဘိန်းဖြူအရောင်းအဝယ်လုပ်တာ မဟုတ် ပါဘူး။ ကျွန်မသူငယ်ချင်းက သူ့အထုပ် ခဏသိမ်းပေးထားပါဆိုလို့ ယူ ထားတာပါ။ ဘာအထုပ်မှန်းတောင် မသိပါဘူး'

နေကြာပွင့်က တုန်တုန်ယင်ယင်နှင့် တောင်းပန်သော်လည်း···· ဆောက်လုပ်းရေးနှစ်ယောက်က လက်မခံ။

'အဲဒါတွေ ပြောလို့မရဘူး···လက်ဝယ်ရှိသူက အနည်းဆုံး နှစ် ၂၀ ပဲ'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်လင်းကလည်း အသနားခံသည်။

'ဆရာကြီးတို့ရယ် ကျွန်မသူငယ်ချင်းက ဘိန်းရာဇာမဟုတ်ပါဘူး။ ဒီအထုပ်ကို သူများလာပေးသွားတာပါ ကျွန်မမျက်မြင်သက်သေရှိပါတယ်'

'မျက်မြင်သက်သေဆိုရင် ၁၀ နှစ်'

'ရှင်'

ဇာခြည်လင်း ပါးစပ်ပိတ်သွားသည်။

'ဆရာကြီးတို့ရယ် တောင်းပန်ပါတယ် ကျွန်မကို မဖမ်းပါနဲ့နော်။ ကျွန်မက အခုမှ ငယ်ငယ်လေးပဲရှိပါသေးတယ်။ အနာဂတ်အတွက် တက်လမ်းရှိသူလေးပါ'

နေကြာပွင့်က သနားစဖွယ် လက်အုပ်လေး ချီ၍ တောင်းပန်ရှာသည်။

'ဒီအမှုကလည်း တက်လမ်း ရှိပါတယ်··ကြိုးစင်ပေါ်။ ကဲ··ပြော နေကြာတယ် အမိ။ ကျုပ်တို့ မင်းရဲ့သိက္ခာကို ငဲ့တဲ့အနေနဲ့ လက်ထိတ်ခတ် ပြီးခေါ်မသွားချင်ဘူး။ တခြားသူတွေ မရိပ်မိအောင် အသာတကြည် ငါ တို့နဲ့လိုက်ခဲ့ပါ'

'ကျွန်··ကျွန်မရောပါလားဟင်'

ဇာခြည်လင်းက အသံတုန်တုန်ယင်ယင်နှင့်မေးသည်။

'စခန်းမှာ ချေးပုံးထမ်းဖို့လူလိုရင် ခေါ်လိုက်မယ်လေ အခုတော့ နေခဲ့'

'ဝမ်းသာလိုက်တာရှင်'

ဇာခြည်လင်း လွတ်မြောက်သွားသော်လည်း နေကြာပွင့်ကတော့ ဘုရားမှတစ်ပါး အားကိုးရာမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားတပည့်တော်မ မတရားခံရတာမှန်ရင် ဒီအမှုက ကွင်းလုံးကျွတ်လွတ်ပါစေ အရှင်ဘုရား'

နေမင်းကိုကိုကိုလည်း မေတ္တာပို့သည်။

'သေချင်းဆိုး ကာလနာ မြွေပွေးကိုက် အယုတ်တမာ အမြန်ဆုံးဖမ်းမိပါစေ'

နေကြာပွင့် မိမိကိုယ်ကို ဘိန်းဖြူအရောင်းအဝယ်လုပ်သူနှင့်မှသွားပတ်သက်မိသည်ဆိုပြီး နောင်တရမဆုံးဖြစ်သွားသည်။

ထောက်လှမ်းရေးနှစ်ယောက်နောက်ကို လိုက်သွားရင်း သူမ ရင်တွေ တုန်နေသည်။

တစ်လမ်းလုံး ဘုရားစာကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း ဓာခွေးတွေပြန်လို့။

မိမိ အမှားမလုပ်တာမှန်သော်လည်း ဒီလိုအခြေအနေမျိုးနှင့် ရင်ဆိုင်ရသောအခါ မည်သူမျှ တည်ငြိမ်မနေနိုင်။

မိန်းကလေးဆိုတော့ ပိုဆိုးသည်။

နေကြာပွင့် ရင်ခုန်စွာ ဘုရားတ၍ ဘေးပတ်ဝန်းကျင်ကိုမကြည့်ဘဲ လျှောက်လာရာ ခဏအကြာ ခေါင်းမော့ကြည့်မိတော့ ချစ်သူ့လမ်းကြားထဲကိုရောက်နေမှန်း သိလိုက်ရသည်။

'ဟင် ကျွန်မကို စခန်းမခေါ်ဘဲ ဘယ်ခေါ်လာတာလဲ'

'မင်းကို စခန်းမှူးနဲ့ တွေ့ပေးမလို့'

နေကြာပွင့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

'စခန်းမှူးက စခန်းမှာမရှိဘဲ ချစ်သူ့လမ်းကြားထဲကို ဘာလို့ရောက်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက အထာရှိတယ်လေ'

'ဘာအထာလဲ'

'သိချင်ရင် စခန်းမှူးကို မေးကြည့်။ စခန်းမှူးက ဟိုးကခုံတန်းလျားလေးမှာ ထိုင်နေတယ်'

ထောက်လှမ်းရေးညွှန်ပြသော နေရာကို ကြည့်လိုက်သောအခါ… သူတို့ကို ကျောပေး၍ ထိုင်နေသော လူရွယ် တစ်ယောက်ကို တွေ့လိုက်ရသည်။

စခန်းမှူးက ငယ်ငယ်လေးပဲ။

ကြည့်ရတာ မွေးကင်းစထဲက ရဲထဲဝင်ထားလား မသိပါဘူး။

နေကြာပွင့် မယုံသင်္ကာသလိုရှိလာသည်နှင့် နောက်လှည့်ပြီး မေးရန်ပြင်လိုက်သောအခါ ဘယ်သူမှမရှိတော့။

ထောက်လှမ်းရေးနှစ်ယောက် ပျောက်ခြင်းမလှပျောက်သွားသည်။

'ဟယ်တော့ ဘယ်ရောက်သွားလဲ ရဲဖမ်းသွားတာလား'

ဘာအတွက်တွေလဲဆိုတာ သိချင်လာသည်နှင့် နေကြာပွင့် စခန်းမှူးဆိုသူရှိရာကို လျှောက်သွားလိုက်သည်။ အနားရောက်သောအခါ ခြေသံကြား၍ ထင်သည် စခန်းမှူးက အနောက်သို့လှည့်ကြည့်လိုက်သည်။

စခန်းမှူးမျက်နှာ မြင်လိုက်ရသောအခါ နေကြာပွင့် သူမ ထင်သည့်အတိုင်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် နှုတ်ခမ်းလေးကိုကိုက်၍ စောင်ကြည့်လိုက်သည်။

နေမင်းကိုကိုက ထိုင်ခုံမှထလိုက်ပြီး

'ဘယ်လိုလဲ နေကြာ ရင်ခုန်သွားတယ်မဟုတ်လား မုန့်ဟင်းခါးဆိုင်ဇော်မင်းနဖူးမှာ စီးကျနေတဲ့ ချွေးတွေက သက်သေခံနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဟာလေ တော်တော် ဉာဏ်များတဲ့လူပဲ ရှင်လုပ်လိုက်တဲ့ပုံ ဆ လူကို ဘယ်လောက်လန့်ဖျပ်သွားတယ်ဆိုတာ သိရဲ့လား..ရှင်တွေ တဒိတ်ဒိတ်နဲ့ ရှင့်ရဲ့ လူမသိသူမသိ ဘိန်းဖြူလုပ်ငန်းမှာ ကျွန်မ ဘေးစာခံ ဖြစ်ပြီလို့ ထင်လိုက်တာ'

နေမင်းကိုကိုက ဟက်ဟက်ပက်ပက်ရယ်သည်။

'ဟား ဟား ဟား နေကြာရယ် ကိုယ်က ဒီလို အလုပ်မျိုးလုပ် ပါ့မလား။ မင်းလက်ထဲကို ထည့်ပေးလိုက်တာ ဂျုံမှုန့်ထုပ်ကြီး။ ထောက် လှမ်းရေးဆိုတာ ကိုယ်တို့လမ်းထဲက ဆိုက်ကားသမားတွေ။ မင်းကို အကြီး အကျယ်ရင်ခုန်သွားအောင်လုပ်နိုင်တဲ့ ကိုယ့်ကို အလေးအနက်စဉ်းစားပေး ခယ်မဟုတ်လား'

'ရှင် ရင်ခုန်အောင်လုပ်တာကြီးက ကဗျာမဆန်လိုက်တာရှင် ရင် တုန်ပြီး ငိုတောင် ငိုချင်သွားတယ်။ တကယ်လို့ ကျွန်မမှာသာ နှလုံးရောဂါ ရှိရင် ဘယ်လိုလုပ်မလဲ။ ဒီတစ်ခေါက် ဖြစ်တာက ခတ်ခွဲခန်း ပေါက် တုန်းကထက် ပိုဆိုးတယ် သိလား'

နေကြာပွင့်က အလိုမကျသလိုပြောသည်။

'နေကြာရယ် ကိုယ့်မှာ မင်းရဲ့အချစ်ကို လိုချင်လွန်းလို့ မင်းဆင် ထားတဲ့ ခက်ခက်ခဲခဲထောင်ချောက်တွေကို ရှန်းထွက်ပြခဲ့တာပါ။ အဲဒါ ကို အသိအမှတ်တော့ ပြုသင့်ပါတယ်'

နေကြာပွင့်က တစ်ချက်ပြုံးလိုက်ပြီး...

'ရှင့်ရဲ့ စွမ်းဆောင်ရည်ကိုတော့ အသိအမှတ်ပြုပါတယ်၊ ဒါပေ မယ့် ကျွန်မကို ရင်တုန်အောင်လုပ်သွားတဲ့အတွက် တစ်ခုပြန်[illegible] ယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…လာပြန်ပြီ ဒီတစ်ခါရော ဘယ်လိုဉာဏ်စမ်းမေးခွန်းလဲ ပိုယ်ဒီတစ်သက် နေကြာ့ရဲ့အချစ်ကိုရော ရပါဦးမလား'

'ဟင်း ဟင်း ဟင်း မလောပါနဲ့ရှင်‥ဒါ နောက်ဆုံးပါ ရှင်က အဆင့်နှစ်ဆင့် အောင်သွားတဲ့အတွက် ကျွန်မကတိအတိုင်း သေသေချာချာ စဉ်းစားနေပါပြီ ဒီတစ်ဆင့်ကို ကျော်ဖြတ်ပြီးရင် ရှင်လိုချင်တဲ့ အဖြေရ ပြီလို့ မှတ်လိုက်တော့'

'ဟင် တကယ်'

နေမင်းကိုကိုမျက်နှာကြီး မှိုရသလိုဖြစ်သွားသည်။

'တကယ်ပေါ့ ဒီအဆင့်က အရေးကြီးတယ်နော် ပထမအဆင့် တွေကလို အပျော်တမ်း ဉာဏ်စမ်းမေးခွန်း မဟုတ်ဘူး။ ကျွန်မရဲ့တစ်ဘဝ လုံးနဲ့ဆိုင်တယ်'

နေမင်းကိုကို တော်တော်စိတ်ဝင်စားသွားသည်။

'မနေ့က စင်ကာပူက ကျွန်မမိဘတွေဆီက ဖုန်းလာတယ် သူတို့ သဘက်ခါ လေယာဉ်နဲ့ မြန်မာပြည်ကို ရောက်မယ်။ အဲဒီမှာ စင်ကာပူ မှာခင်ခဲ့တဲ့ သူတို့ရဲ့မိတ်ဆွေတစ်ယောက်ပါပါမယ်တဲ့။ အဲဒီလူက ကျွန်မ နဲ့စေ့စပ်ကြောင်းလမ်းပေးဖို့ သဘောတူထားတဲ့ ကျွန်မရဲ့သတို့သားလောင်း တဲ့လေ'

'ဗျာ'

နေမင်းကိုကို လန့်သွားသည်။

'သူ‥သူက ကိုယ့်လောက်ချောလားဟင်'

'ကျွန်မဓာတ်ပုံထဲမှာ ကြည့်ရပါတယ်။ ရုပ်က ပြောင်ချော်ချော် ပြဲဖြဲနဲ့ ရှင့်ကို မမှီပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟူး တော်သေးတာပေါ့'

'မတော်နဲ့ဦး ကျွန်မ အဲဒီလူကို လုံးဝ လက်မခံနိုင်ဘူး။ အဲဒီတော့ သူတို့ကို သွားကြိုရင် ရှင်ပါလိုက်ခဲ့ပြီး သူ့ကို ကျွန်မနဲ့ စေ့စပ်ကြောင်းလမ်းမယ့် အစီအစဉ် ပျက်သွားအောင်လုပ်ရမယ်'

'ဒါဆို..ဒါဆို..ကိုယ်လုပ်နိုင်ရင် သူနဲ့ နေကြာလည်း စေ့စပ်ပွဲပျက်မယ် ကိုယ်လည်း နေကြာ့ရဲ့အဖြေကိုရမယ် တစ်ချက်ခုတ် နှစ်ချက်ပြတ် ပေါ့နော်'

'ဒါပေါ့ ဒါပေမယ့် ရှင့်ကို စေ့စပ်ပွဲပဲ ပျက်အောင်လုပ်ခိုင်းတာနော် ကျွန်မမိဘတွေ မျက်နှာပျက်အောင် လုပ်ခိုင်းတာမဟုတ်ဘူး တော်ကြာ ပေါက်ကရတွေ ဖြစ်ကုန်ဦးမယ်'

နေကြာပွင့်က နေမင်းကိုကိုကို မငဲ့မရဲဖြင့် သတိပေးသည်။

'စိတ်ချပါ..မနက်ဖြန် တစ်ရက်လုံး ကျန်ပါသေးတယ်။ ကိုယ်ရှိသမျှ ဉာဏ်တွေ အကုန်ထုတ်ပြီး...အကောင်းဆုံးဖြစ်မယ့် အစီအစဉ်ကို သေချာဆွဲမယ်...နေကြာသာ စေ့စပ်ပွဲ ပျက်ရင် ပေးထားတဲ့ ကတိ မမေ့နဲ့'

'မမေ့ပါဘူး ကဲ ဒါဆို ကျွန်မ သွားမယ်နော်'

'နေကြာ ခဏ'

'ဘာလဲ'

'အရမ်းချစ်တယ် သိလား'

နေမင်းကိုကိုက နေကြာပွင့်ကို ဖလိုင်းကစ်လေး လုပ်ပြလိုက်သည်။

'အရေးထဲ မျက်နှာပြောင်နေသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



နေကြာပွင့်က မျက်နှာကို တစ်ဖက်လှည့်ပြီးပြုံး၍ နေမင်းကိုကို အနားမှ ထွက်သွားသည်။

နေမင်းကိုကို ချစ်သူလမ်းကြားထဲမှာ ရင်တွေ ခုန်ရင်း ကျန်ခဲ့သည်။

ဘာလိုလိုနဲ့ ရည်းစားတစ်ယောက် ရရန် နောက်ဆုံးဘာသာရပ် တစ်ခုသာ ဖြေဆိုရတော့မည်ပဲ။

❐



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

'ဟယ် နေကြာ နင်ပြန်လာတယ်နော် နင့်ကို ဘိန်းဖြူ ရောင်းထယ်ဖောက်ကားမှုနဲ့ အချုပ်ထဲ ရောက်သွားပြီထင်ပြီး ငါကန်တင်းကနေ ဆရာမဆီ ဖုန်းဆက်လိုက်တာ ဆရာမ ချက်ချင်း သွေးတက်ပြီး သတိလစ်သွားလို့ ဆရာဝန် အရေးပေါ်ခေါ်လိုက်ရတယ်'

နေကြာပွင့် စိုးရိမ်စိတ်က ငယ်ထိပ်ဆောင့်တက်သွားသည်။

'ဟယ် ဒုက္ခပါပဲ ဘာ ဘာဖြစ်သွားပြီလဲ'

'ပြန်သွားပြီ'

'ဟင် ပျံလွန်တော်မူသွားပြီ'

'အေး··ဟာ··ဘာတွေလျှောက်ပြောနေတာလဲ ပျံလွန်တော်မူရအောင် ဘုန်းကြီးမှမဟုတ်တာ ဆရာဝန်ပြန်သွားပြီလို့ ပြောတာ ဘာမှဖြစ်တော့ဘူး ကောင်းသွားပြီ ဒါပေမယ့် မျက်နှာက စိုးရွှက်သောကကြီးနေတော့တယ် နင့်ကိုမြင်မှ အရှင်းပျောက်မှာ သွားတွေ့လိုက်'

'ဘယ် ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အခန်းထဲမှာ'

နေကြာပွင့် အခန်းတံခါးကို ဖွင့်ပြီး ဝင်သွားရာ ဒေါ်ခင်မျိုးဝေ လဒမှိုင်မှိုင်နေသည်ကို တွေ့လိုက်ရသည်။

သို့သော် နေကြာပွင့်ကိုမြင်သောအခါ ချက်ချင်း မျက်နှာအမူအရာ ပြောင်းလဲသွားပြီး ဝမ်းသာအဲလဲသံကြီးနှင့်။

'သ..သမီးနေကြာ ဘာမှမဖြစ်ဘူးနော်။ သမီးကို ရဲဖမ်းသွားပြီဆို'

'မဟုတ်ပါဘူး အန်တီခင်ရယ် အဲဒါ သက်သက်မဲ့နောက်နေတာ အန်တီရော သက်သာရဲ့လားဟင်'

နေကြာပွင့်က ဒေါ်ခင်မျိုးဝေနားသွားပြီး ထိုင်လိုက်သည်။

'သမီး ဘာမှမဖြစ်ဘူးဆိုတာ သိရတော့ လုံးဝ သက်သာသွား ပါပြီကွယ်။ အမယ်လေးနော် နောက်စရာရှားလို့ ငါ့မှာတော့ သဘက်ခါ ညည်းအဖေနဲ့အမေလာရင် ဘယ်လိုပြောရမလဲဆိုပြီး သေချင်နေတာ တော် သေးတာပေါ့ ဇာခြည်လင်းသာ မကယ်ရင် အခုလောက်ဆို ငါ ဆရာဝန် နဲ့မတွေ့ဘဲ ယမမင်းနဲ့ တွေ့နေလောက်ပြီ'

ဒေါ်ခင်မျိုးဝေက ပြောလည်း ပြော မျက်ရည်တွေလည်း သုတ် လိုက်သည်။

အဲဒီအချိန်မှာ ဇာခြည်လင်းလည်း အခန်းထဲဝင်လာပြီး...

'ငါ ဆရာမဆီ ဖုန်းဆက်နေတုန်း ရုတ်တရက် အသံပျောက်သွား လို့ တစ်ခုခုဖြစ်ပြီ ဆိုပြီး ဆရာဝန်ခေါ်ပြီး အိမ်လိုက်ချလာတာ နေစမ်း ပါဦး နင့်ကိစ္စက ဘယ်လိုဖြစ်တာလဲ'

နေကြာပွင့်က ဒေါ်ခင်မျိုးဝေရှေ့မှာမို့ ပရိယာယ်သုံးပြီး ဖြေလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက သက်သက်မဲ့ သူငယ်ချင်းတွေ စကြ နောက်ကြတာ ပါ။ နောက်မှ ငါ နင့်ကို ရှင်းပြမယ်။ အခု နင့်ကြောင့် အန်တီခင် ဘာ မှဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဟာ'

'ကျေးဇူးတင်ရင် နင် ငါ့ကို တစ်ခုကူညီပါလား'

'ဘာကူရမှာလဲ'

ဓာခြည်လင်းက နေကြာပွင့်နား ကပ်၍ ဒေါ်ခင်မျိုးဝေ မကြား အောင် တိုးတိုးလေးပြောလိုက်သည်။

'နေမင်းကိုကိုကို အဖြေပေးလိုက်'

'ဟာ နင်ကလဲ'

နေကြာပွင့် ရှက်ပြုံးလေးပြုံးပြီး ဓာခြည်လင်းကို တံတောင်နှင့် တွတ်လိုက်သည်။

ကျောက်တိုင်တွေတောင် တိုက်ပါများ နဲ့သည်ဆိုတော့ သူမနှလုံး သားလေးလည်း ဟိုကတိုက် ဒီကတိုက်နှင့် သိပ်မခံနိုင်တော့။

အဲဒီနေ့ညက အိပ်ရာထဲမှာ နေမင်းကိုကို သူမ မွေးနေ့တုန်းက ဆင်းချီဆွဲပေးခဲ့သော ပုံလေးကိုကြည့်၍ ရင်တွေခုန်နေခဲ့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒါဆို မင်း နေကြာပွင့်ရဲ့အချစ်ကိုရဖို့ လက်တစ်ကမ်းအလို ရောက်သွားပြီပေါ့'

တင်ကို၏အမေးကို နေမင်းကိုကိုခေါင်းညိတ်ပြလိုက်သည်။

'အင်း..ဒါပေမယ့် ဒီတစ်ခေါက် ပြဿနာက အရေးကြီးတယ်ကွ။ အဲဒီကိစ္စ အောင်မြင်မှ နေကြာရဲ့အချစ်ကိုရမှာ မနက်ဖြန် ငါ လေ ဆိပ်သွားကြိုမယ့် အစီအစဉ်မှာ မင်းတို့နှစ်ယောက်လည်း ကူညီရမယ်။ အဲဒါမှ ငါ စီစဉ်ထားတဲ့ ဇာတ်ကွက်က အသက်ဝင်မှာ'

'မင်း တစ်ညလုံး စဉ်းစားပြီးပြီပေါ့ ဆိုစမ်းပါဦး ဘယ်လို အစီအစဉ်လဲ'

အောင်ထူးက စိတ်ဝင်တစား မေးသည်။

'ငါ့အစီအစဉ်က နေကြာပွင့်နဲ့ စင်ကာပူကလူကိစ္စလည်း ပျက်အောင်၊ ပြီးတော့ နေကြာပွင့်ရဲ့ အချစ်ကို ရပြီးရင်တောင် နောက်ထပ် ပြဿနာတစ်ခုဖြစ်တဲ့ ဇာခြည်လင်းကိစ္စလည်း ရှင်းသွားအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်ထားတယ်'

တင်ကိုက တွေးတွေးဆဆဖြင့်...

'အေး ဟုတ်သားနော် မင်းနဲ့နေကြာ ညက်သွားရင်တောင် ဇာခြည်လင်းက ယကြာအောင်ပြီဆိုပြီး လာရှုပ်ဦးမယ် နောက်ထပ် ခေါင်းစားမယ့်ပြဿနာပဲ မင်းဘယ်လိုစီစဉ်ထားလဲ ပြောပါဦး'

'နောက်တစ်ရွက် လှန်ကြည့်လိုက်ကွာ'

❑



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

နေကြာပွင့်ရယ် နေမင်းကိုကိုရယ် ဒေါ်ခင်မျိုးဝေရယ် လေဆိပ်မှာ စင်ကာပူပြန်တွေကို သွားကြိုကြသည်။

နေကြာပွင့်မိဘတွေက ရုပ်ရည်သန့်ပြန့်သလောက် နေကြာပွင့်နှင့် စေ့စပ်ပေးမည့်သူက နေကြာပွင့် ပြောသလို ပြောင်စပ်စပ်မျက်နှာမြင့်။

အလကားနေရင်းလည်း ရယ်နေသည်မှာ ဖြဲထားသော ပါးစပ်ထားရွက် တက်ချိတ်တော့မည်။

နေကြာပွင့် မိဘတွေက နေမင်းကိုကိုကို တွေ့သောအခါ စပ်စုတော့သည်။

'သမီး သူက ဘယ်သူလဲ'

'ဪ သမီးသူငယ်ချင်းပါ မိန်းကလေးနှစ်ယောက်ထဲ ကြိုရမှာဆို့ အဖော်မရှိလို့ ခေါ်လာတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် မမရဲ့ သူက ညီမရဲ့တပည့်လေးပါ'

ဒေါ်ခင်မျိုးဝေကလည်း နေမင်းကိုကိုဘက်မှ ဝင်ထောက်ခံပေးသည်။

နေမင်းကိုကိုက စိတ်ထဲမှာ ယောက္ခမလောင်းတွေလို့ သတ်မှတ်ထားသည်မို့ ဖော်ရွေပျူငှာစွာ နှုတ်ဆက်လိုက်သည်။

'ဟုတ်ပါတယ် အန်ကယ်နဲ့ ဒေါ်ဒေါ်..ကျွန်တော်က နေကြာနဲ့ တစ်ကျောင်းထဲ သူငယ်ချင်းပါ'

'အေး အေး'

နေကြာပွင့်မိဘတွေကလည်း လူကြီးလူကောင်းဆန်စွာ ပြုံးပြလိုက်ပါသည်။

နေကြာပွင့်နှင့် စေ့စပ်မည့်သူက စပ်ဖြဲဖြဲမျက်နှာဖြင့် နေကြာပွင့်ကို ဖားယားသည်။

'ဓာတ်ပုံထဲမှာ တွေ့ဖူးတာထက် အပြင်မှာ ပိုချောတာပဲနော်... ထင်တောင် မထင်မိဘူး နာမည်က နေကြာစိလား'

'ဘာနေကြာစိလဲ...နေကြာပွင့်ရှင့် နေကြာပွင့်'

ကိုယ်နဲ့စေ့စပ်မည့်သူကိုတောင် နာမည်မှားပြောသည့် သေနာကျ လို့ စိတ်ထဲမှာ ဆဲလိုက်သည်။

'ဪ ဆောရီးပါ ကိုယ်က မင်းကို ပွင့်မှန်း မသိဘူး စိတယ် ထင်လို့'

'ဘာ'

'ဪ မဟုတ်ပါဘူး နေကြာပွင့်မှန်း မသိဘူးလို့ စိတ်ထဲမှာ နေကြာစိလို့ ထင်နေတယ် ဒါပြောတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ပျက်ဖို့ ကောင်းလိုက်တာ နာမည်သက်သက်မဲ့ ဖျက်ခံရတယ်'

'အဲဒီလိုမပြောရဘူးလေ သမီးရဲ့ သူက မေ့တတ်တယ်။ တစ်ခါတလေ သူ့နာမည်တောင် သူမေ့နေတယ်'

'ဟုတ်သားပဲ ဒေါ်ဒေါ် ပြောမှ သတိရတယ် ကျွန်တော့်နာမည် ဘယ်သူလဲဟင်'

'သုဘရာဇာ…အဲလေ သုတရာဇာလေကွာ မင်းကလဲ'

နေကြာပွင့်အဖေက သတိပေးလိုက်မှ…ဟိုလူ ပြန်မှတ်မိသွားသည်။

ကိုယ့်နာမည်တောင် ကိုယ်မေ့တတ်သော ထိုလူကို နေကြာပွင့် တော်တော်စိတ်ပျက်သွားသည်။

တော်ကြာ…မင်္ဂလာဆောင်ပြီး တစ်ရက် နှစ်ရက်နေမှ သူ့ကို မေ့ပြီး စင်ကာပူပြန်သွားလျှင် ကိုယ်ကျိုးနည်းပြီ။

'ဒါနဲ့ နေပါဦး…နာမည်က ဆန်းလှချည်လား သုတရာဇာ တဲ့ ဘာအဓိပ္ပာယ်လဲ'

နေမင်းကိုကိုက ထိုလူရဲ့နာမည်ကို စိတ်ဝင်စားပြီး စပ်စုသည်။

'မင်းသိချင်ရင် ပြောပြရတာပေါ့ကွာ··အမေပေးထားတဲ့နာမည်ကွ သုတ··ဆိုတာ ဗဟုသုတ။ ရာဇာ··ဆိုတာ အရှင်သခင်။ ဗဟုသုတနဲ့ပြည့်စုံတဲ့နေရာမှာ အရှင်သခင်ပေါ့ကွာ'

'ဩော်··အမိုက်စားပဲနော်··ဒါနဲ့ အိုစမာဘင်လာဒင်ကို သိလား'

'သိတာပေါ့ကွ ဖိနပ်ချုပ်တဲ့ ကုလား မဟုတ်လား ငါ စင်္ကာပူမှာတုန်းက ရင် သူ့ဆီမှာ ချုပ်နေကျ'



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကို နှာခေါင်းရှုံ့လိုက်သည်။

'ဟွန်း နာမည်က အပျံစား လူက ဂန်ဖလား'

'ဘာကွ'

'ဩော် နာမည်က အပျံစား လူကလည်း အလန်းစားပဲလို့ ပြောတာပါ'

'အဲဒီလိုလုပ်ပါ မင်းက'

နေမင်းကိုကို သုတရာဇာဆိုသူကို နှိပ်ကွပ်နေသဖြင့် နေကြာပွင့်ကိုတိတ်ရယ်လိုက်သည်။

'ကဲ ကဲ တို့လည်း တက္ကစီငှားပြီး ပြန်ကြစို့'

နေကြာပွင့်အဖေက သတိပေးလိုက်သဖြင့် အားလုံး လေဆိပ်မှ ထွက်ခွာလာကြသည်။

လမ်းတစ်လျှောက်မှာ သုတရာဇာ ဆိုသူက သူ စင်ကာပူမှာ ရှောက်သီးဆေးပြားရောင်းခဲ့သည့်အကြောင်းတွေ နေကြာပွင့်ကို ပြောပြနေသည်။

ရှောက်သီးဆေးပြားရောင်းတယ်ဆိုတာ မြန်မာပြည်က အခြောက်တွေလို ကပြီး ရောင်းခြင်းမဟုတ်။ ဆိုင်နှင့်ကန္တားနှင့် သေချာရောင်းခြင်းဖြစ်သည်။

ကုန်စုံဆိုင်ဖွင့်ထားတာကိုး။

'အန်ကယ်...ကျွန်တော် တက္ကဆီငှားပေးပါ့မယ်၊ အန်ကယ်တို့ အသာရပ်နေပါ'

နေမင်းကိုကိုက ယောက္ခမလောင်းကြီးကို ဖားလိုက်သည်။

'အေးကွာ...လုပ်စမ်းပါ၊ ဈေးသက်သာအောင် မင်းပဲ ဆစ်တော့'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ'

အဲဒီအချိန် သူတို့အနားသို့ မတားရသေးခင် တက္ကစီတစ်စီးရောက်လာသည်။

တက္ကစီသမားက ကားတံခါးမှ ခေါင်းပြူထွက်လာသည်။

'ဘယ်သွားကြမလို့လဲ၊ တက်လေ'

နေမင်းကိုကိုက

'တက္ကသိုလ်ရိပ်သာလမ်းကို ဘယ်လောက်ပေးရမလဲ'

'စေတနာရှိသလောက်ပဲ ပေးပါ'

နေမင်းကိုကိုက နေကြာပွင့်အဖေဘက် လှည့်လိုက်ပြီး

'အန်ကယ်··တွေ့လား၊ ဘယ်လောက် ဈေးသက်သာလဲ၊ ကျွန်တော်တောင် မဆစ်ရသေးဘူး၊ စေတနာရှိသလောက်ပဲ ပေးပါတဲ့'

နေကြာပွင့်အဖေက ဟက်ဟက်ပက်ပက်ရယ်သည်။

'ဟား··ဟား··ဟား···ငါတစ်သက်နဲ့တစ်ကိုယ် ဒီလိုတက္ကစီဒရိုင်ဘာမျိုး တစ်ခါမှမတွေ့ဖူးဘူးဟေ့···အင်မတန် လောဘနည်းပြီး ရောင့်ရဲနိုင်တဲ့သူပဲ၊ ကောင်းတယ်ကွာ··ကောင်းတယ်···ဒါလည်း စိတ်ချမ်းသာခြင်းတစ်မျိုးပဲ'

သုတရာဇာကလည်း -

'ဟုတ်ပါ့ အန်ကယ်ရာ···စေတနာရှိသလောက်ပဲ ပေးပါတဲ့--- ကြည့်ရတာ အရင်က သူတောင်းစားလုပ်ခဲ့ဖူးတယ်နဲ့တူတယ်'

'ဟေ့လူ···ခင်ဗျား ဘာပြောတာလဲ'

တက္ကစီသမားကို နေကြာပွင့်အမေက ကြားထဲက တောင်းပန်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သည်းခံပါရှင်…သူက အပြောမတတ်လို့ပါ။ အန်တီတို့ မင်းရဲ့ ကားနဲ့ပဲ သွားပါ့မယ်…ကဲ…ကဲ…အားလုံး ကားပေါ်တက်ကြတော့'

ထိုအခါမှ…သူတို့အားလုံး တက္ကစီပေါ်ကို ရောက်သွားကြတော့သည်။

တက္ကစီသမားက တခြားသူ ဟုတ်ရိုးလား….

တင်ကိုပဲ ဖြစ်သည်။

ရုပ်ကိုတော့ မျက်မှန်နက်ကြီးတပ်၊ ဦးထုပ်ကြီး ဆောင်း၍ ဖျက်ထားသည်။

●

www.burmeseclassic.com

www.burmeseclassic.com

နေမင်းကိုကိုက အကူအညီတောင်းသည်ဆိုတော့လည်း စာခြည်ထင်း ဘာမှန်းမသိ ညာမှန်းမသိ ဆာရီခြုံပြီး ဆိုင်ထဲက ထိုင်ခုံလေးပေါ်မှာ ထိုင်နေရသည်။

ဒီတစ်ဆင့်အောင်ပြီးလျှင် ယကြာကျေပြီဆိုတော့ နေမင်းကိုကိုခိုင်းသမျှ လိုက်လုပ်ရတော့မည်ပေါ့။

အဲဒီအချိန် နေမင်းကိုကိုတို့ စီးနင်းလိုက်ပါလာသော တက္ကစီကားလေး လူပြတ်သောနေရာအရောက်မှာ ကျွီခနဲ ထိုးရပ်သွားသည်။

'ဟ····ဟ···ဘာဖြစ်တာလဲ···ကား ဘာလို့ရပ်သွားတာလဲ'

တင်ကိုက တံခါးဖွင့်၍ ကားပေါ်မှဆင်းလိုက်ပြီး

'ခဏလေး အန်ကယ်···ကျွန်တော် ကြည့်လိုက်ဦးမယ်'

ထို့နောက် ကားဘောနက်ဖုံးကို ဖွင့်၍ စစ်ဆေးချင်ဟန် ဆောင်လိုက်ပြီး···

'ကားက နည်းနည်းချို့ယွင်းသွားတယ် အန်ကယ်၊ ပြီးတော့ ဆီလည်း ကုန်သွားပြီ'

'ဟ··ဒါဆို ငါတို့က ဘယ်လိုလုပ်ရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေရာက ကားပြတ်တယ် အန်ကယ်..အဲဒီတော့ နောက်တစ်စီးစောင့်ရင် ပိုကြာသွားလိမ့်မယ်၊ ဒီလိုလုပ် ဒီက နောင်ကြီးကို ဆီသွားဝယ်ခိုင်းလိုက်၊ ကျွန်တော် ကားပြင်ရင်း စောင့်နေမယ်...သိပ်မစောင့်ရပါဘူး'

တင်ကိုက သုတရာဇာဆိုသူကို ဆီသွားဝယ်ခိုင်းခြင်း ဖြစ်သည်။

'ဟူး...ဇေတနာရှိသလောက် ပေးပါဆိုတဲ့ကား စီးမိတော့..ဇေတနာနဲ့ထိုက်တန်သလို ဖြစ်သွားပြီထင်တယ်'

နေကြာပွင့်က စိတ်ပျက်လက်ပျက်ညီးတွားသည်။

'ဟုတ်ပကွာ..မင်းတို့ကားသမားတွေကလည်း တက္ကစီဆွဲမယ်ဆိုရင် ကိုယ့်ကား ကိုယ် သေချာစစ်ပေါ့၊ အခုတော့ အချိန်တွေ အလကားကြာကုန်ပြီ'

'ကဲ...ပြောမနေပါနဲ့တော့ မောင်သုတရယ်...ဖြစ်သွားပြီပဲ၊ ဆီသွားဝယ်ပေးလိုက်ပါ'

နေကြာပွင့်အမေက ပြောလိုက်သောအခါ သုတရာဇာက

'အန်တီကလဲ..ကျွန်တော်က ဧည့်သည်လေ...ဧည့်သည်ကို ဆီဝယ်ခိုင်းစရာလား'

'ဟင်....မင်း မဝယ်ရင် ငါတို့က သွားဝယ်ပေးရမှာလား၊ ဒါမှမဟုတ် ငါ့သမီးနေကြာက သွားဝယ်ပေးရမှာလား'

'မဟုတ်ဘူးလေ...သူ ရှိတာပဲ'

သုတရာဇာက ခေါင်းခန်းမှာထိုင်နေသော နေမင်းကိုကို ကို မေးငေါ့၍ ပြောလိုက်ခြင်းဖြစ်သည်။

သူ့ကိုများ တောက်တိုမယ်ရခိုင်းတဲ့လူ မှတ်နေလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တင်ကိုက -

'သူ့ကို သွားဝယ်ခိုင်းလို့ မဖြစ်ဘူးဗျ၊ ကျုပ်ကားပြင်ရင် တစ်ဆောက်တည်း မနိုင်လို့ သူ့ကိုအကူအညီတောင်းရမှာ..ဆီချေးတွေ ဆေးထိမ့်မယ်၊ ခင်ဗျား ဆီချေးအပေခံနိုင်ရင်တော့ နေခဲ့'

'ဟမ်...အဲဒီလိုလား...ဆီချေးတော့ အပေမခံနိုင်ဘူး၊ ငါ ဝတ်ထားတဲ့ အင်္ကျီက သောင်းကျော်တယ်၊ အဲဒီတော့ ဆီပဲ သွားဝယ်လိုက်မယ်၊ နေရာပြော'

သုတရာဇာက အလှပျက်မှာစိုးပြီး ဆီဝယ်ရန် တာဝန်ယူလိုက်သည်။

အဲဒီတော့ နေမင်းကိုကို ဆင်ထားတဲ့ ထောင်ချောက်ထဲ တည့်တည့်တိုးပြီပေါ့...

သုတရာဇာ ဆီပုံးဆွဲ၍ မျက်စိပျက် မျက်နှာပျက်ဖြင့် ထွက်လာသည်။

'တောက်...ရှုံးပွဲလိုက်တာကွာ..စင်ကာပူကနေ မြန်မာပြည်ကိုရောက်ရောက်ချင်း ဝတ်ထားတဲ့အဝတ်အစားမှ အားမနာ..ဓာတ်ဆီ သွားဆယ်ရတယ်၊ အောက်လိုက်တာ'

အဲဒီလို မျက်နှာကြီးသုန်မှုန်ပြီး လမ်းလျှောက်လာရင်း တစ်နေရာမှာ ဘိုးတော်တစ်ပါးနှင့် ထိပ်တိုက်တိုးသည်။

'ဟော့..ရပ်'

ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် အဘိုးအိုက သုတရာဇာ သွားမည့်လမ်းကို ရှေ့တည့်တည့်မှ မော်တော်ပီကယ်လို လက်လှမ်းတားလိုက်သဖြင့် သုတရာဇာ ကြောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်…ခင်ဗျားက ဘယ်သူလဲ'

ဘိုးတော်က အေးဆေးတည်ငြိမ်စွာဖြင့်

'အဘက သာသနာဖျက်လုပ်ငန်းတွေကို လုပ်နေတဲ့ ဘိုးတော်အောင်ထူးပဲကွယ့်'

'ဟင်…သာသနာဖျက်လုပ်ငန်း'

'ဩော်…ဟုတ်ပါဘူး၊ စကားမှားသွားလို့…သာသနာပြုလုပ်ငန်းတွေကို လုပ်နေတဲ့ ဘိုးတော်အောင်ထူးလို့…ပြောတာ'

ဘိုးတော်အောင်ထူး တစ်ဖြစ်လဲ အောင်ထူးက…သူ့စကားသူ မနည်းပြန်ရှင်းပြလိုက်ရသည်။

တော်သေးရဲ့….သာသနာပြုနဲ့ သာသနာဖျက်…အဓိပ္ပာယ်က တခြားစီ။

'အခုရော ဘယ်နေရာမှာ သာသနာဖျက်မလို့လဲ…အဲလေ..ဘယ်နေရာမှာ သာသနာပြုမလို့လဲ၊ ကျုပ်သွားမယ့်လမ်းကို ဘာလို့တားရတာလဲ'

'ဘာလို့တားရတာလဲဆိုတော့…လူသားတွေရဲ့အသက်ကို ကယ်တင်ချင်လို့ပဲကွ'

'အဲဒါဆို ဂျပန်သွားပါလား..ဂျပန်မှာ လျှော်လှုပ်သွားလို့ သေတဲ့လူတွေအများကြီးရှိတယ်'

'အဘ အဲဒီလောက် လမ်းစရိတ်မတတ်နိုင်ဘူးလေကွယ်..အဲဒါတော့ အနီးအနားမှာရှိတဲ့လူပဲ ကယ်ရမှာပေါ့'

'အဲဒါ ကျုပ်နဲ့ဘာဆိုင်လဲ'

သူတရာဇာက စိတ်မရှည်သလို မေးသည်။

'ဆိုင်တာပေါ့၊ ဒီတစ်ခါ သေမှာ တခြားသူဟုတ်ရှိလား၊ မင်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ'

သုတရာဇာ လန့်ဖျပ်ပြီး ဓာတ်ဆီပုံးလွှတ်ချ၍ ဘိုးတော်အောင်ထူး နား ပြေးကပ်သည်။

'သိပ်လည်း လန့်မသွားပါနဲ့၊ အဲဒါကြောင့် အဘာ ကယ်တင်မှာ ပါ..အဘာအာရုံထဲမှာ မြင်နေရလို့...မင်းရှေ့က ဖြတ်ပြီး တားရတာပဲ'

'ဘာ...ဘာမြင်တာလဲဟင်'

သုတရာဇာက ကြောက်ကြောက်လန့်လန့်ဖြင့် မေးသည်။

'လူတစ်စု၊ ကားတစ်စီးနဲ့ အိမ်ပြန်နေတယ်...လမ်းမှာ ဆီလည်း ကုန်..စက်လည်း ပျက်လို့ ရပ်သွားတယ်...ကားသမားက ကားပြင်ရင်း စောင့်နေတယ်၊ မင်းက ဓာတ်ဆီပုံးဆွဲပြီး ဆီလာဝယ်တယ်..ဟုတ်တယ် မဟုတ်လား'

'ဟင်...ဘိုးတော် သိတယ်...'

သိမှာပေါ့..နေမင်းကိုကိုက ကြိုပြောထားတာကိုး။

'သိတာပေါ့ကွ..အဘာက အကြားအမြင်ရတယ်လေ၊ ပြီးတော့.. မင်းနဲ့အဘာက ပဋ္ဌာန်းဆက်ရှိတယ်။ ရှေးဘဝပေါင်း သုံးဆယ်လောက်က မိန်းမတစ်ယောက်ကို နှစ်ယောက်ပြိုင်လုရင်း ဓားနဲ့ ခုတ်ကြလို့ ပြိုင်တူ သေသွားကြတဲ့ အလုပ်ရှင်နဲ့အလုပ်သမားပဲ၊ အဲဒီသံယောဇဉ်လေးကြောင့် မင်းကို ကယ်ဖို့ ရောက်လာတာပေါ့...ဒီကအပြန် မင်း ဆီဝယ်ပြီးတာနဲ့ မင်းတို့စီးမယ့်ကားက အိမ်မရောက်ဘဲ ဘရိတ်ပေါက်ပြီး ငရဲပြည်ချောက် ထိမ့်မယ်'

'ဗျာ'

သုတရာဇာ ခေါင်းမွေးများ ထောင်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုမဖြစ်အောင် ဓာတ်ရိုက်ဓာတ်ဆင် လုပ်ရမယ်ကွယ့်'

'ဘယ်…ဘယ်လိုလုပ်ရမှာလဲ အဘ··ကျွန်တော့်ကို ကယ်ပါ'

သုတရာဓာက အထိတ်တလန့်ဖြင့် အကူအညီတောင်းသည်။

'အေး…ဘယ်လိုလုပ်ရမလဲဆိုတာ အဘ အာရုံခံလိုက်ဦးမယ်'

ဘိုးတော်အောင်ထူးက ခပ်တည်တည်ဖြင့် မျက်လုံးကို မှိတ်ပြီး အာရုံခံချင်ဟန်ဆောင်လိုက်သည်။

'ဘာ…ဘာမြင်လဲဟင် အဘ'

'အင်တာနက်ပေါ်မှာ ကောင်မလေးတစ်ယောက် လိုးရှင်းလိမ်းနေတဲ့ပုံ မြင်တယ်'

'ဗျာ…'

'အဲ··ဟုတ်ပါဘူး၊ စိတ်စွဲနေတာနဲ့ ယောင်ကုန်ပြီ…ဘိုးတော်နဲ့ တွေ့ရင် ကျော်သူနဲ့တွေ့တယ် မှတ်လိုက်တော့'

'ခင်ဗျာ··ဒါ··ဒါဆို နိဗ္ဗာန်ယာဉ်စီးရတော့မှာပေါ့'

'အေး…ဟာ··ဘာတွေလျှောက်ပြောနေတာလဲ… ကျော်သူနဲ့တွေ့တယ်မှတ်လိုက်တော့…ဆိုတာ ရုပ်ရှင်မင်းသားကြီးဦးကျော်သူက ပရဟိတလုပ်ငန်းတွေ လူမှုရေးအကျိုးပြုလုပ်ငန်းတွေလုပ်တဲ့ ဥပမာနဲ့ နိုင်းပြတာ အဘလည်း လူသားတွေကို အကျိုးပြုနေတယ်လေ'

'ဟုတ်…ဟုတ်ကဲ့··ဘာမြင်လဲဆိုတာသာ ပြောပါ အဘ'

အောင်ထူးက သူ့မှတ်ဆိတ်မွေးအတုကို ပွတ်သပ်လိုက်ပြီး··

'အာရုံထဲမှာ မင်းက မိန်းကလေးတစ်ယောက်ကို ဖက်ပြီးနမ်းလိုက်ရင် မင်းတို့စီးလာတဲ့ ကားတစ်စီးလုံး သေဘေးက လွတ်ပြီး ခရီးရောက် ကင်းစွာနဲ့ အိမ်ပြန်ရောက်မကွဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ခုတ်ရိုက်ခုတ်ဆင်က ကောင်းလှချည်လား၊ ကောင်မလေးတစ်ယောက်ကို ဖက်နမ်းရမယ်တဲ့…ဖွတ်ရှယ်ပဲ…ဘယ်လို ကောင်မလေးမျိုးလဲ အဘ'

'ဆာရီခြုံထားတဲ့ ကောင်မလေးပဲကွ'

အဲဒီအချိန် ကားရဲ့ဘောနက်ဖုံးကို ဖွင့်ပြီး နေမင်းကိုကိုနှင့်တင်ကိုတို့ ကျိတ်ကျိတ်ကျိတ်ကျိတ် လုပ်နေကြသည်။

'နေမင်း…ငါ့တာဝန် ကျေပါတယ်နော်'

'အေး…ကျေပါတယ်ကွာ…ဟိုလူ ခုတ်ဆီသွားဝယ်ပြီဆိုတော့ ကျန်တာ အောင်ထူးရဲ့တာဝန်မဲ၊ ဒီကောင် ဆက်လှုပ်ရှားလိမ့်မယ်'

'နေမင်းကိုကို…မင်းက မဟုတ်တမ်းတရားတွေလုပ်ရမယ်ဆိုရင် ဉာဏ်ထွက်တယ်နော်'

'ဟဲ…ဟဲ…ဒါကတော့ ပါရမီပါတာကိုးကွ'

ဘိုးတော်အောင်ထူး သုတရာဇာကို ဦးဆောင်ပြီး ခုတ်ဆီဆိုင်ခေါ်သွားသည်။

ပါးစပ်ကလည်း…

'အဘ အာရုံထဲမှာတော့ ဆာရီခြုံထားတဲ့ ကောင်မလေးဟာ ရှေ့က ခုတ်ဆီဆိုင်ထဲမှာရှိလိမ့်မယ်လို့ ပေါ်နေတယ်ကွ'

'ဖြစ်…ဖြစ်ပါ့မလား အဘရယ်…တော်ကြာ ကျွန်တော် ပါးရိုက်ခံနေရပါဦးမယ်'

'မင်း ပါးရိုက်ခံရမယ့်လမ်းနဲ့ သေမယ့်လမ်း ဘယ်လမ်းရွေးမလဲ'

ဘိုးတော်က အကျပ်ကိုင်လိုက်သောအခါ သုတရာဇာ ဆက်သာနည်းပဲ ရွေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပါးပဲ အရိုက်ခံလိုက်ပါတော့မယ်၊ နမ်းရမှာနဲ့ဆိုတော့ အရင်းကျေလောက်ပါတယ်'

'ဒါပေါ့ကွ..အသက်နဲ့အရှက် ယှဉ်လာရင် အသက်ပဲ ရွေးရမှာပေါ့'

ခေတ်ဆီဆိုင်ရှေ့ရောက်သောအခါ ဘိုးတော်ပြောသည့်အတိုင်းပင် ဆိုင်ထဲမှာ ဆာရီခြုံထားသည့် ကုလားမလေးတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

'ဟာ..အဘ၊ အဘပြောတာ မှန်တယ် ကြည့်စမ်း..ဆိုင်ထဲမှာ ဆာရီခြုံထားတဲ့ ကောင်မလေး'

'အဲဒါကြောင့် ပြောတာပေါ့ကွ...အဘက အကြားအမြင် ရပါတယ်ဆို...'

သုတရာဇာ ဘိုးတော်အောင်ထူးကို ပိုယုံကြည်သွားတော့သည်။

ဆိုင်ထဲ ရောက်သောအခါ ဆာရီခြုံထားသည့် ကုလားမလေးနား သွားပြီး...

'ဒီက ညီမ...ဆီတစ်ဂါလံ ဘယ်လိုရောင်းလဲ မသိဘူး'

'မသိပါဘူးရှင်၊ ကျွန်မက ဆိုင်ရှင်မဟုတ်ပါဘူး၊ ယတြာချေတဲ့ အနေနဲ့ ဆိုင်ထဲမှာ ဆာရီခြုံပြီး ထိုင်နေတာပါ'

ဇာခြည်လင်းက နေမင်းကိုကိုမှာထားသည့်အတိုင်း ပြောသည်။

'ဪ...ဒါဆို ဆိုင်ရှင်တွေ ဘယ်သွားလဲ မသိဘူး'

'တစ်ယောက်မှမရှိကြပါဘူး၊ ယတြာချေနေတဲ့အချိန်မို့လို့ ဆိုင်ရှင်တွေကို KTV ပို့ထားပါတယ်'

ဘိုးတော်အောင်ထူးက သုတရာဇာနားကပ်၍...



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီထက်ကောင်းတဲ့အခွင့်အရေး မရှိဘူးနော်··အောင်မြင်အောင် လုပ်···ဘိုးတော် တာဝန်ကျေပြီ၊ သွားတော့မယ်'

'ဟုတ်···ဟုတ်ကဲ့ အဘ'

အောင်ထူး ဆိုင်ထဲမှထွက်သွားသည့်အချိန်တွင် သုတရာဓာက ဆားပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြီး ဓာခြည်လင်းအနားကပ်၍

'ညီ···ညီမလေး'

'ဘာလဲ'

'ဘာလဲဆိုတော့ ဒါပဲပေါ့'

သုတရာဓာက ဓာခြည်လင်းကို ရုတ်တရက်ဖမ်းချုပ်ပြီး ရွတ်ခနဲ နမ်းလိုက်တော့သည်။ နှာခေါင်းထဲမှာ နောက်ချေးနံ့လိုလို···

အဲဒီပုံကို ဘိုးတော်အောင်ထူးက ခပ်လှမ်းလှမ်းမှနေ၍ MP4ဖြင့် ဗွီဒီယိုကင်မရာရိုက်နေသည်။

'ဟင်···ရှင်··ရှင် ဘာလုပ်တာလဲ'

ရုတ်တရက် ဗလာချိုကြီး ချုပ်နမ်းခံလိုက်ရသဖြင့် ဓာခြည်လင်း ရွန်ထူသွားသည်။

'နမ်းလိုက်တာလေ'

'ဟင်···စော်ကားမော်ကား၊ နေမင်းကိုကိုအတွက်ထားတဲ့ ပါးကို ဦးဦးဖျားဖျား လုစားတဲ့လူ···ကဲဟယ်···'

'ဖြန်း'

ဓာခြည်လင်းလက်သံက ပြောင်သဖြင့် သုတရာဓာ ပါးတစ်ဖက် ဆေဖြတ်ပြီး ပင်လယ်သမုဒ္ဒရာအောက်ကကြယ်ငါးတွေပါ မြင်သွားသည်။

'မှတ်ပြီလား··အဲဒါ ဂျပန်ခေတ်က ဘိုးဘွားတွေပေးတဲ့အမွေ'



www.burmeseclassic.com

www.burmeseclassic.com



'မှတ်လည်း မှတ်ပြီ၊ ပြေးလည်း ပြေးပြီဗျို့'

သုတရာဇာ ဒီထက်အခြေအနေမဆိုးမီ ခါတ်ဆီပုံးပင် မယူနိုင်ဘဲ ခြေကုန်သုတ်ပြေးတော့သည်။

ဇာခြည်လင်းကတော့ ဒေါသူပုန်ထရင်း ကျန်ခဲ့သည်။

နေမင်းကိုကိုပြောထားသည့်အထဲမှာ အနမ်းခံရမည်ဟုမပါ။ ခု တော့ ဘယ်ကမှန်းမသိသည့်လူက အချောင်ဝင်စားသွားသည်။

ပါတီပွဲညက နေမင်းကိုကိုကို ခိုးနမ်းခဲ့သည့်အတွက် ဝဋ်ပြန်လည် တာပဲ နေမှာ···

သုတရာဇာ နေကြာပွင့်တို့ကားဆီသို့ ရောက်သောအခါ ကားက ပြင်ပြီး၍ သူ့ကိုစောင့်နေကြသည်ကို တွေ့လိုက်ရသည်။

တင်ကိုက လက်ထဲမှာခါတ်ဆီပုံးမပါဘဲ ခွေးပြေးဝက်ပြေး ပြေး လာသော သုတရာဇာကို တွေ့သောအခါ နေမင်းကိုကို ဆင်ထားသော အကွက်ထဲဝင်ပြီဟု သိလိုက်သည်။

'ဘယ်လိုဖြစ်လာတာလဲဗျ··လက်ထဲမှာလည်း ဆီပုံးမပါ၊ တစ် ကိုယ်လုံးလည်း ချွေးတွေရွှဲလို့ ဘယ်လိုဖြစ်လာတာလဲ'

'အဲ··အင်း··ဩော်···ဟို··ခါတ်ဆီသွားဝယ်တာ လမ်းမှာ ခွေး လိုက်ဆွဲလို့ပြန်ပြေးလာရတာ၊ ဆီပုံးတောင် ဘယ်မှာလွှတ်ကျခဲ့မှန်းမသိဘူး'

သုတရာဇာ၏အဖြေကို နားထောင်ပြီး နေမင်းကိုကို ဟက်ဟက် ပက်ပက်ရယ်သည်။

'ခင်ဗျားကလည်း ခွေးလိုက်ဆွဲရအောင် ဘာသွားလုပ်လဲမှမသိတာ'

'နမ်းလိုက်မိတာပါကွာ'

'ဟမ်···ခွေးကို သွားနမ်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အကျင့်ပါနေလို့ပါ..သြော်...ယောင်ကုန်ပြီ၊ နင့်အမေကြီးခေါ်--ခွေးကို နမ်းစရာလား၊ ဘာတွေလျှောက်ပြောနေတာလဲ'

'ခင်ဗျားပဲ နမ်းလိုက်မိတယ်ဆို'

'သြော်..အဲဒါက ခွေးက ငါ့ကိုလိုက်နမ်းတာ ပြောတာ၊ ငါက အဲဒါ သွားကန်လိုက်လို့ လိုက်ဆွဲတာ'

သုတရာဇာကလည်း မဆိုး။ ကလိမ်ကကျစ်ဉာဏ်ရှင်သည်။

'ကဲ...ကဲ...ထားတော့..ကားက ကောင်းသွားပြီ၊ ဆီကလည်း လက်ကျန်ရှိသေးတယ်၊ တက်တော့ သွားမယ်'

တင်ကိုစကားကြောင့် သုတရာဇာ နှာတင်းသွားသည်။

'ဟာ...ဆီလက်ကျန်ရှိသေးတာ အစောကြီးကတည်းက မသိဘူးလား၊ မင်းတို့ကားသမားတွေ တော်တော်ပေါ့လျှော့တာပဲ...ငါ့ကို သတ်သတ်ဒုက္ခပေးတယ်'

'မမြင်လို့ပေါ့ဗျာ..မကျေနပ်ရင် နေခဲ့၊ လိုက်မယ့်လူပဲ ဆက်ခေါ်သွားမယ်'

'ဟင်...မနေဘူးလေ...လိုက်ခဲ့မယ်'

'ဒါဆို လျှာမရှည်နဲ့...တက်'

ဒီလိုနှင့် သူတို့ကားလေးက ဒေါ်ခင်မျိုးဝေအိမ်သို့ ဆက်လက်ထွက်ခွာသွားတော့သည်။

ကားပေါ်ရောက်တော့မှ သုတရာဇာရဲ့ စပ်ဖြဲဖြဲမျက်နှာ ပြန်ပေါ်လာသည်။ ပါးရိုက်ခံရတာတောင် နည်းသေး...

ဒေါ်ခင်မျိုးဝေအိမ်ရောက်သောအခါ အားလုံးခုံမှာထိုင်ပြီး စောင့်ဆောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန် အိမ်ပေါ်ကို ဘာမပြောညာမပြောနှင့် အောင်ထူး တက်လာသည်။

အောင်ထူးကို မြင်သောအခါ နေမင်းကိုကိုက ဟန်လုပ်ပြီး ခေါ်လိုက်သည်။

'ဟာ..သူငယ်ချင်း၊ ဘယ်ကလှည့်လာတာလဲ၊ လာလေ..အတော်ပဲ...ဒီမှာ နေကြာပွင့်ရဲ့မိဘတွေ စင်ကာပူက ပြန်ရောက်လာလို့ အခုလေးတင် သွားကြို့ပြီး ပြန်လာတာ'

'အဲဒါဆို အတော်ပဲ..နေကြာပွင့်ရဲ့မိဘတွေရှိတုန်း ပြောရဦးမယ်'

နေကြာပွင့်ရဲ့မိဘတွေက အောင်ထူးကို စူးစမ်းသလို ကြည့်လိုက်သည်။

'ငါတို့ မင်းကို မသိပါလား'

'ဟုတ်ကဲ့...ကျွန်တော်လည်း မသိပါဘူး'

'ဒါဆို ဘာပြောစရာရှိလဲကွ'

'ရှိပါတယ်ခင်ဗျ..ကျွန်တော်က နေကြာပွင့်နဲ့လည်း သူငယ်ချင်းမို့လို့ သူ လူရွေးမမှားအောင် အဖြစ်မှန်ကို လာပြောပြတာပါ'

နေကြာပွင့်က နေမင်းကိုကိုရဲ့ဇာတ်ကွက်တွေကို ပြဇာတ်တစ်ပုဒ်လို အရသာခံပြီးကြည့်နေသည်။ ဘာမှဝင်မပြော။

'ဘာအဖြစ်မှန်လဲ'

'ဘာအဖြစ်မှန်လဲဆိုတော့...ဒီလူ့အကြောင်းပါ'

အောင်ထူးက သုတရာဇာကို လက်ညှိုးထိုးပြီး ပြောလိုက်သဖြင့် သုတရာဇာက ကြောင်တောင်တောင်နှင့်ပြန်ကြည့်သည်။ ဘိုးတော်အောင်ထူးဘာဝကနေ အရေခွံလဲထားသောကြောင့် လုံးဝမမှတ်မိ။

www.burmeseclassic.com

www.burmeseclassic.com



'ဦးတို့ အန်တီတို့ပဲ စဉ်းစားကြည့်ပါဗျာ...ဓာတ်ဆီဆိုင်ကို သွားပြီး ခဏလေး ဓာတ်ဆီဝယ်ပါတယ်၊ ဓာတ်ဆီရောင်းတဲ့ ကုလားမကိုနမ်းပြီး ထွက်ပြေးလာတယ်လေ'

'ဟင်...'

သုတရာဇာ တော်တော်အံ့သြသွားသည်။ ဒီအကြောင်းကို သူရယ်၊ ဆာရီခြုံကုလားမရယ်၊ ဘိုးတော်ရယ်ပဲ သိသည်ဟု ထင်ထားတာကိုး။

ဘယ်လိုဖြစ်ပြီး တစ်ယောက်တိုးလာသည် မသိ။

'ဟေ့လူ...ဘာတွေ ပြောနေတာလဲ'

သုတရာဇာက ကြောက်ကြောက်လန့်လန့်နှင့် ငြင်းသည်။

'သြော်...အဲဒါကြောင့် လက်ထဲမှာ ဆီပုံးမပါဘဲ ချွေးတလုံးလုံးနဲ့ ပြေးလာတာကိုး..ဒါဆို ခွေးကိုက်လို့ထွက်ပြေးတယ်ဆိုတာ လိမ်တာပေါ့'

နေမင်းကိုကိုကလည်း အဆင်းမှာ ဘီးတပ်ပေးသည်။

'နေစမ်းပါဦးကွ...မင်းပြောတာ ဟုတ်ပါ့မလား...ဘယ်သူပြောတာလဲ'

နေကြာပွင့်အဖေက မယုံသင်္ကာသလို မေးသည်။

'ဘယ်သူပြောတာလဲဆိုတော့ သူနမ်းလိုက်တဲ့ ဆာရီခြုံကုလားမက ကျွန်တော့်သူငယ်ချင်းဖြစ်နေလို့ပါ၊ သူပြောလို့ သိတာ၊ အခုတိုက်ဆိုင်ချင်တော့ ကျွန်တော် ဒီကိုလာလည်တုန်း သူ့မျက်ခွက်ကြီးကို ထင်းခနဲ တွေ့လိုက်တယ်လေ'

အောင်ထူးစကားကြောင့် နေကြာပွင့်မိဘတွေ တွေဝေကုန်သည်။

သုတရာဇာက ဟက်ဟက်ပက်ပက် ထရယ်သည်။

'ဟား..ဟား..ဟား..သူ လိမ်နေတာ အန်ကယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



က အနားမှာ ဘယ်သူမှမရှိဘူး၊ သူ ကျွန်တော့်မျက်နှာကို မြင်တောင်မမြင်ဖူးလိုက်ဘူး'

'ဘာကွ…ဒါဆို မင်း ဆာရီခြုံကုလားမကို တကယ်နမ်းခဲ့တာပေါ့…'

'အဲ…ဟုတ်ပါဘူး'

သုတရာဇာ သူ့စကားသူ မှားသွားမှန်းသိသဖြင့် ပါးစပ်အမြန်ပိတ်လိုက်သည်။

'တကယ်နမ်းခဲ့တာပါ အန်ကယ်··မယုံရင် ကျွန်တော် သက်သေပြမယ်၊ ခတ်ဆီဆိုင်ထဲမှာ သူခိုးဖမ်းစက်ထည့်ထားလို့ အတော်ဖြစ်သွားတာ၊ အဲဒီစက်ကနေ MP4 ထဲကူးထည့်လာတယ်၊ ဒီမှာကြည့်'

အောင်ထူးက ပြောပြောဆိုဆို သူ အဆင်သင့်ယူလာသော MP4 ကိုဖွင့်၍ အားလုံးမြင်အောင် ပြသလိုက်သည်။

MP4ထဲမှာ သုတရာဇာ ခတ်ဆီဆိုင်ထဲမှ ကုလားမကို ဖမ်းချုပ်ပြီး နမ်းလိုက်ပုံ၊ ကုလားမက ပါးရိုက်၍ ထွက်ပြေးခဲ့ရပုံတို့ကို အားလုံးတွေ့လိုက်ရသည်။

သုတရာဇာ၏ စပ်ဖြဲဖြဲ မျက်နှာမှာ…ဆီးရွက်သာသာပဲ ရှိတော့သည်။

နေကြာပွင့်က သူ့အကွက်ထဲ ဝင်ပြီမို့…

'ဒယ်ဒီနဲ့မာမီ··အဲဒီလို နှာခေါင်းသရမ်းတဲ့လူမျိုးကို သမီး ဘယ်လိုမှ လက်မခံနိုင်ဘူး…မြန်မာပြည်ကို စ,ရောက်တဲ့နေ့မှာတောင် ခဏလေး ခတ်ဆီသွားဝယ်တာ ခတ်ဆီဆိုင်က ကုလားမကို နမ်းပြီး ထွက်ပြေးလာတယ်…ဒီမှာ ကြာကြာဆက်နေရင် သူ့လက်ချက်ကြောင့် ဘယာ

www.burmeseclassic.com



တြော်ရောင်းတဲ့ ကုလားမတောင် အိမ်ရှေ့ ဖြတ်လျှောက်ရဲမှာ မဟုတ်တော့ဘူး'

နေကြာပွင့်ရဲ့အဖေလည်း ဒေါသူပုန်ထနေပြီ။

'မင်း ဘယ်လိုလုပ်လိုက်တာလဲ မောင်သုတ၊ ရုပ်ကလေးကြည့်တော့ ပြောင်စပ်စပ်နဲ့၊ ခုတ်ဆီဆိုင်က ကုလားမတောင် အလွတ်မပေးပါဘူး…အဲဒီကုလားမက ငွါသမီးထက် ဘယ်နေရာသာလို့လဲ…ပြောစမ်းပါဦး…ဟင်'

'မည်းတဲ့နေရာ သာပါတယ်··အဲ··ဟုတ်ပါဘူး··အဲဒါ ခုတ်ရိုက်ခုတ်ဆင်လုပ်တာပါ အန်ကယ်'

နေကြာပွင့်အမေကလည်း တော်တော်စိတ်ဆိုးနေပြီ။

'ဒီမှာ မောင်သုတ··အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေနဲ့. မင်းရဲ့လုပ်ရပ်က လုံးဝအဆင့်မရှိဘူး၊ ငါတို့ မင်းကို ရိုးရိုးသားသားလူအေးဆေးဆိုပြီး ရွေးခဲ့တာ မှားပြီ၊ တကယ်တော့…မင်းက မယားတရူးပဲ'

'ဟာ…မဟုတ်ရပါဘူးဗျာ'

'ဘာမဟုတ်ရမှာလဲ ဟော့လူ…ခင်ဗျားရဲ့အမှုက တရားစွဲလို့ ရတယ်နော်…သက်သေနဲ့ အခိုင်အမာရှိတယ်။ တရားစွဲမခံချင်ရင် ကျွှပ်သူငယ်ချင်းနေကြာပွင့်ကို ဆက်ပြီး ဒုက္ခမပေးနဲ့'

အောင်ထူးကလည်း ရေတွင်းထဲကျနေသူကို ဝိုင်း၍ ဝါးလုံးနှင့်ထိုးသည်။

'ဟုတ်တယ် သုတ။ မင်းကို ငါတို့ အလိုမရှိတော့ဘူး··ငါတို့မိန်းနဲ့မင်းနဲ့ စေ့စပ်မယ့်အစီအစဉ်ကိုလည်း ဖျက်တယ်၊ အဲဒီတော့ မင်း ဒီကနေ ထွက်သွားတော့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်..ကျွန်တော် ရှင်းပြပါရစေဗျာ၊ ခတ်ဆီ သွားဝယ်တော့ လမ်းမှာ ဘိုးတော်တစ်ပါးနဲ့တွေ့တယ်'

'အဲဒီဘိုးတော်က ခင်ဗျားဖင်ကို လေးခွနဲ့ပစ်လိုက်လို့လား'

နေမင်းကိုကိုက ဝင်၍ နှိပ်ကွပ်သည်။

'တန်းနေတာပါပဲ...အဲ...ဟုတ်ပါဘူး၊ ဟော့ကောင်...မင်းပါးစပ်ပိတ်ထား'

သုတရာဇာ နေမင်းကိုကိုကို ဟောက်ပြီး နေကြာပွင့်အဖေဘက်လှည့်၍

'အဲဒီဘိုးတော်က ကျွန်တော့်ကို ပြောပါတယ်'

'ဘာလဲ...ခတ်လုံး ရေစိမ်သောက်ရင် ဆီးရွှင်တယ်တဲ့လား..တော်ပြီ ဟော့ကောင်..အဲဒီလိုယုတ္တိမရှိတာတွေ ငါ့ကိုလာမပြောနဲ့၊ ငါက လက်တွေ့သမား။ မင်း အခု ကုလားမကို နမ်းတာ..လက်တွေ့မြင်လိုက်လို့ ယုံသွားပြီ..ခုချက်ချင်း သွားရင်သွား၊ မသွားရင်..ငါ့လက်သီးနဲ့တွေ့မယ်'

နေကြာပွင့်အဖေက စိတ်ကြီးသူပီပီ ဝုန်းခနဲ မတ်တတ်ထရပ်၍ လက်သီးပြလိုက်သောအခါ သုတရာဇာ ကြောက်ဒူးတုန်သွားသည်။

'တောင်းပန်ပါတယ် အန်ကယ်ရယ်..ကျွန်တော် အန်ကယ်တို့ကို အားကိုးပြီး လိုက်လာတာ၊ ဘယ်မှာတည်းရမှာလဲ'

'ကိုယ့်ဘာသာကိုယ် ဘုန်းကြီးကျောင်းရှာတည်းကွာ..ဟာ..ဘုန်းကြီးကျောင်းနဲ့တောင် မတန်ပါဘူး...ကြံ့ရာဇရပ်မှာအိပ်ပြီး စင်ကာပူပြန်တော့ကွာ..သွားတော့...မသွားရင် ငါလုပ်မိလိမ့်မယ်'

ဘယ်လိုမှရှင်းပြ၍ မရတော့သဖြင့် သုတရာဇာ ပုဆိုးကို မ,ပြီး ဒုတိယမွှိပြေးရပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေကြာပွင့်ကတော့ နေမင်းကိုကို၏လုပ်ကွက်တွေကို နားလည်ပြီး ကြိတ်ရယ်နေသည်။

တစ်ချိန်လုံး ဘာမှမပြောဘဲ ငြိမ်နေသော ဒေါ်ခင်မျိုးဝေက အ... မှ အသံထွက်လာသည်။

'သြော်...လက်စသတ်တော့..သူ နမ်းလိုက်တာ ဓာခြည်လင်း ဖြစ်နေတာကိုး...ကံဆိုးသွားတာပေါ့...ဘာဖြစ်လို့များ အဲဒီလို လုပ်လိုက် တာပါလိမ့်'

'ဘာဖြစ်ရမလဲ တီချယ်ရယ်...မိန်းမမြင်ရင် အလွတ်မပေးတတ် လို့ ဖြစ်မှာပေါ့'

နေမင်းကိုကိုက ပြောလည်း ပြော၊ အောင်ထူးကိုလည်း ဘယ်သူ မှမမြင်အောင် မျက်စိမှိတ်ပြ၍ လက်မထောင်လိုက်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

# (၂၀)

'ဘယ်လိုလဲ နေကြာ၊ မင်းပေးတဲ့ အချစ်ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ကိုယ် အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပါပြီနော်'

နေကြာပွင့်က လှပစွာ ပြုံးလိုက်ပြီး

'ရှင် တော်ပါတယ် ကိုနေမင်း…ရှင့်ရဲ့ စွမ်းဆောင်ချက်တွေကို ကျွန်မ အသိအမှတ်မပြုဘဲ နေလို့မရတော့ပါဘူး'

'ဒါဆို ကိုယ့်ကို အဖြေပေးတော့လေ'

နေကြာပွင့်က နေမင်းကိုကိုမျက်နှာကိုကြည့်ပြီး ရယ်သည်။

'ဟင်း…ဟင်း…ဟင်း'

'ဘာရယ်တာလဲ နေကြာရဲ့၊ ဝေ့လည်ကြောင်ပတ်တော့ မလုပ်နဲ့နော်။ မိန်းကလေးဆိုတာ ကတိတည်ရတယ်'

'မဟုတ်ပါဘူးရှင်…ရှင် မွေ့လိုက်ရင် အမွေ့ခံရတဲ့သူ ဖရိုဖရဲဖြစ်ပြဿနာတက်ပြီး ကျန်ခဲ့တယ်ဆိုတဲ့ ဓာခြည်လင်းရဲ့စကားကို သွားသတိရမိလို့ပါ၊ အဲဒါကြောင့် ငမွေ့ထိုးလို့ ခေါ်တာတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အရေးမကြီးပါဘူး နေကြာရယ်‥အရေးကြီးတာက ကိုယ့်ကို အဖြေပေးဖို့လေ'

နေမင်းကိုကိုက မွေးကင်းစကလေး နှီဖူးတောင်းသလို နားပူနားဆာလုပ်သည်။

'ပေးပါ့မယ်ရှင်‥ဘာလို့လောနေတာလဲ‥ကျွန်မက ရိုးရိုးတန်းတန်း မပေးချင်ဘူး'

'ရိုးရိုးတန်းတန်းမပေးချင်လို့ ဘယ်လိုပေးချင်တာလဲ…ကင်းမြီးကောက်ထောင်ပြီး ပေးချင်တာလား'

'ဟာ…ဘာတွေလျှောက်ပြောနေတာလဲ'

'ဟဲ…ဟဲ‥အလကား စတာပါ၊ မြွေထိုးရေ…ရှင့်ကို ချစ်တယ်လို့ အကျယ်ကြီးအော်ပြီး ပေးချင်တာလားလို့'

'ဟင့်အင်း…မအော်ပါဘူး'

'ဒါပေါ့၊ အော်ရင် လူကြားတယ်လေ'

'ဘာရှင့်'

'ဩော်…ဒီလိုလေ‥အဖြေပေးတာ အော်ပြီးပြောရင် လူကြားတယ်၊ ရှက်စရာကြီးလို့ ပြောတာ'

'ရှင်ဟာလေ‥တော်တော် မျက်နှာပြောင်တဲ့လူပဲ၊ အဖြေပေးရမှာတောင် စဉ်းစားစရာဖြစ်လာပြီ'

နေမင်းကိုကိုက မျက်နှာငယ်လေးဖြစ်အောင် လုပ်လိုက်ပြီး

'အဲဒီလိုမလုပ်ပါနဲ့ နေကြာရယ်၊ ကိုယ် မနောက်တော့ပါဘူး ခင်းရဲ့အချစ်ကိုရဖို့အတွက် အခက်အခဲတွေကို ကျော်ဖြတ်လာရတာပါ ခင်းထပ်အချိန်ဆွဲရင် ကိုယ်လည်း ရူးတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှုံးတော့ မရှုံးလိုက်ပါနဲ့ရှင်..ပေးပါ့မယ်၊ နားထောင်'

'အင်း'

နေမင်းကိုကိုက နေကြာပွင့်ပြောမယ့်စကားကို စိတ်ဝင်တစား နားစွင့်နေသည်။

'အရှုံးကြီး'

'ဟာ..နေကြာကလည်း လုပ်ပြီ၊ မနောက်နဲ့ကွာ..ကိုယ် တကယ် ရှုံးလိမ့်မယ်'

'ဟင်း...ဟင်း...ဟင်း...အလကား စ,တာပါရှင်...ဒီတစ်ခါ တကယ်အတည်၊ နားထောင်'

'မညာနဲ့နော်'

'မညာပါဘူး'

'ကဲ...နားထောင်ပြီ..ပြော'

နေကြာပွင့်က နေမင်းကိုကိုမျက်နှာကို မက်မောစွာကြည့်လိုက်ပြီး

'ဘွန်ရက်ထေ'

နေမင်းကိုကိုမျက်နှာကြီး ပျားရည်အိုးထဲ ပြုတ်ကျသလို ချိုမြသွား သည်။

'နေကြာ...တကယ်ပြောတာနော်'

'တကယ်ပါရှင်..ရှင်က ကျွန်မကို ယိုးဒယားလို ရည်းစားစကား ပြောခဲ့တော့ ကျွန်မကလည်း ယိုးဒယားလို အဖြေပေးရတာပေါ့'

'ဝမ်းသာလိုက်တာ နေကြာရယ်'

နေမင်းကိုကို နေကြာပွင့်လက်ကလေးကို နူးညံ့စွာ ဆုပ်ကိုင်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို ပြန်ချစ်တဲ့အတွက် ကျေးဇူးတင်ပါတယ် နေကြာ… တကယ်တော့ မင်းက ကိုယ့်ရဲ့အချစ်ဦးဖြစ်သလို နောက်ဆုံးချစ်သူပါပဲ၊ မင်းမျက်နှာလေးကို စ,မြင်လိုက်တဲ့ အချိန်ကတည်းက ကိုယ့်ရင်ထဲမှာ အချစ်တွေ ဖြစ်တည်ခဲ့တာပါ၊ အဲဒါကို ဘုရားမှာ သစ္စာဆိုရဲပါတယ်'

'ယုံပါတယ် ကိုရယ် ကျွန်မလည်း ရှင့်လိုပါပဲ၊ ဆယ်တန်းကျောင်းသားဘဝတည်းက ကို့ရဲ့အကြောင်းကို ကိုယ်တိုင်မကြုံခဲ့ရပေမယ့် အန်တီခင်ပြောတာ နားထောင်ပြီး စိတ်ဝင်စားခဲ့တာပါ…အခု ကိုနဲ့ဆုံတော့မှ… ကိုဟာ တကယ် စိတ်ဝင်စားစရာကောင်းပြီး ခင်ဖို့လည်း ကောင်းတယ်၊ ပြီးတော့ ရင်ခုန်ဖို့လည်း ကောင်းတယ်ဆိုတာ သိလိုက်ရတယ်'

'ဟင်…ဒါဆို နေကြာလည်း ကိုယ့်ကို စိတ်ဝင်စားနေတာ ကြာပြီပေါ့'

'အစ်ကို့အဖေ ရက်လည်က ပြန်လာပြီးကတည်းက ဆိုပါတော့'

'အဲဒါ စောစောကတည်းက သိရင် နေကြာ့မွေးနေ့မှာတည်းက ရည်းစားစကား ပြောပါတယ်ကွာ'

နေမင်းကိုကို အားမလိုအားမရလေသံဖြင့် ပြောသည်။

'အခုလည်း နောက်မကျသေးပါဘူး ကိုရယ်…ကျွန်မတို့ ချစ်သူတွေဖြစ်သွားပြီပဲ…ဩော်…ဒါနဲ့ တစ်ခုပြောရဦးမယ်…ကိုနဲ့နေကြာရဲ့ အကြောင်း အန်တီခင် ရိပ်မိတယ် သိလား'

'ဟင်…ဟုတ်လား၊ ဘယ်လိုဖြစ်လို့ ရိပ်မိတာလဲ'

'နေကြာ့ကို အိမ်မှာ ဘွန်ရက်ထေလို့ ကို ပြောသွားတာလေ… အဲဒါ အန်တီခင် ယိုးဒယားလိုနားမလည်ဘူးလို့ အစက ထင်ခဲ့တာ… တော့မှ အန်တီခင်က ရည်းစားစကားပြောတဲ့စကားလုံးမှန်း သာသာ



www.burmeseclassic.com

www.burmeseclassic.com



စကား ၁၂မျိုးလောက် လေ့လာထားတာပဲ၊ သူ အဲဒီကတည်းက သိနေတာ၊ ပြီးတော့ ကို စေ့စပ်ပွဲပျက်အောင်လုပ်တဲ့ကိစ္စလည်း သူရိပ်မိတယ်၊ ဒါပေမယ့် ဘာမှမပြောဘဲ အေးကနေ ပွဲကြည့်ပရိသတ်လုပ်နေတာ'

'ဟုတ်လား..အပျိုကြီးက တော်တော်သိတာပဲ၊ ဒါပေမယ့် ဘာမှ မပြောဘူးဆိုတော့ သူ သဘောတူလို့ဖြစ်မယ်ထင်တယ်'

'ဒါပေါ့ ကိုရဲ့...မနေ့ကမှ နေကြာ့ကို ပြောတယ်၊ နေမင်းကိုကိုနဲ့ ဆိုရင် သူ သဘောကျတယ်တဲ့၊ သူ့တပည့်ရင်းလေးဆိုတော့ ပြောစရာ မရှိဘူးတဲ့...ပြီးတော့ ကိုယ်ယူမယ့်မိန်းမကိုလည်း ပုရွက်ဆိတ်လို လုံ့လ ဝီရိယနဲ့ရှာဖွေကျွေးမယ့်သူ တဲ့...တစ်ခုပဲ..သူမျက်စိနောက်အောင်တော့ မလုပ်ပါနဲ့တဲ့'

နေမင်းကိုကိုက ဟက်ဟက်ပက်ပက်ရယ်သည်။

ထို့နောက်...

'ဪ...နေကြာ့ကိုလည်း တစ်ခုပြောရဦးမယ်..သိလား'

'ဘာလဲဟင်'

'ဇာခြည်လင်းကိစ္စပေါ့'

နေမင်းကိုကိုက ဇာခြည်လင်း သူ့ကို ရည်းစားစာပေးသည့်ကိစ္စမှ စ၍ သူ ယတြာနှင့် ခြောက်ပြီး နေကြာပွင့်နှင့် အောင်သွယ်လုပ်ခိုင်းတာ အလယ်၊ ဓာတ်ဆီဆိုင်မှာ ဆာရီခြုံပြီး ထိုင်ခိုင်းတာ အဆုံး၊ ရှင်းပြလိုက်သောအခါ နေကြာပွင့် သဘောကျပြီးရယ်သည်။

'ဟား..ဟား...ဟား..ဒါဆိုရင် ဇာခြည်လင်းက သူ့လက်နက်နဲ့ သူ ပြန်နှက်ခံရတာပဲ၊ မြွေထိုးကိုမှ သွားစမ်းတာကိုး၊ ခုတော့ သူ့အသုံးချတာ ခံသွားရတယ်၊ သနားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် နေကြာ...အခုတောင် နေကြာနဲ့ကိုယ် ချစ်သူတွေ ဖြစ်သွားပြီမှန်း သူသိရင် ယတြာအောင်ပြီဆိုပြီး ပျော်နေဦးမှာ'

အဲဒီအချိန် ဘယ်သူမှမထင်မှတ်ထားသည့်အဖြစ် နေမင်းကိုကို နှင့် နေကြာပွင့်တို့ရဲ့ ဘေးနားက သစ်ပင်ကွယ်မှ စာခြည်လင်း ထွက်လာသည်။

မျက်ရည်တွေလည်း ဝဲလို့...

'မပျော်နိုင်တော့ပါဘူး နေမင်းကိုကိုရယ်၊ ခြောက်တိုင်း ကြောက်ပြောတိုင်းယုံတဲ့ ငါ့အဖြစ်ပဲ ထားလိုက်ပါတော့'

'ဟင်...နင် ဘယ်တုန်းက ရောက်နေတာလဲ'

'နင်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီလားလို့...လာချောင်းတာ၊ ချစ်သူတွေဖြစ်သွားရင် ယတြာကျေပြီလို့ ပြောမလို့၊ ခုတော့...နင်က ငါ့အသည်းကို ခွဲသွားပြီပေါ့နော်'

စာခြည်လင်းအသံက ငိုသံတွေ ပါနေသည်။

'သူငယ်ချင်းရယ်..စိတ်မကောင်း မဖြစ်ပါနဲ့၊ နင့်ရုပ်နင့်ရည်နဲ့ နောက်ထပ်တစ်ယောက် ရှာလို့ရပါတယ်...နေမင်းကိုကိုကိုတော့ ငါ့ကိုပဲ ပေးလိုက်ပါနော်'

နေကြာပွင့်ကလည်း စာခြည်လင်းကို ဖျောင်းဖျပေးသည်။

'မဖြစ်နိုင်တော့ပါဘူး နေကြာရယ်..နင့်မွေးနေ့ပါတီပွဲညမှာ တည်းက မူးနေတဲ့ နေမင်းကိုကိုရင်ခွင်ထဲမှာ ငါခေးမိခဲ့တာပါ--သူက ရွဲပြီး ငါ့မှာ နောက်ထပ် ရင်ခုန်စရာမရှိနိုင်တော့ပါဘူး'

နေမင်းကိုကိုတောင် သူ့သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်းရယ်…ငါလည်း စိတ်မကောင်းပါဘူး…ငါတို့ဟာ ငယ်သူငယ်ချင်းတွေပါ၊ နင့်ကို သူငယ်ချင်းသံယောဇဉ်ထက် မပိုနိုင်လို့ပါ၊ ငါ့ကိုနားလည်ပေးပါနော်'

'နားလည်ပေးပါတယ်ဟာ‥နင်တို့သာ ငါ့ခံစားချက်ကို နားလည် မပေးကြတာ'

ဇာခြည်လင်းက ပြောပြီး မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက်ကျ သည်။ နေမင်းကိုကို ဇာခြည်လင်းကို မကြည့်ရက်တော့။

'သူငယ်ချင်း…နင် သိပ်ခံစားနေရရင် ငါ နင့်အတွက် ကဗျာလေး တစ်ပုဒ် ရေးပေးခဲ့မယ်၊ အဲဒီကဗျာလေးကို ဖတ်ပြီး နင့်အနားမှာ ငါရှိနေ တယ်လို့မှတ်ပြီး ကျေနပ်လိုက်ပါနော်'

'နင်က ဘာကဗျာရေးပေးမှာမို့လဲ…နင့်ကဗျာက ငါ့ခံစားချက်ကို ဖြေဖျောက်နိုင်မှာမို့လို့လား'

'အနည်းနဲ့အများတော့ ဖြေဖျောက်နိုင်မှာပါဟာ၊ငါပေးတဲ့ အမှတ် တရအနေနဲ့ နင် အမြဲတမ်းသိမ်းထားပေါ့'

'နင်ပေးတဲ့ အမှတ်တရဆိုတော့လည်း ယူရမှာပေါ့ နေမင်းကိုကို ရယ်‥လူကို မရလည်း နင်ရေးပေးတဲ့ ကဗျာလေးပဲ ဖတ်ပြီး ငါ အလွမ်း ဖြေတော့မယ်နော်'

'အဲဒါဆို ခဏလေးနော်'

နေမင်းကိုကိုက သူ့လွယ်အိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်၍ပြီး ကဗျာလေးတစ်ပုဒ်ရေးကာ ဇာခြည်လင်းလက်ထဲ ထည့်ပေးလိုက်သည်။

'ရော့…သူငယ်ချင်း၊ ဒီကဗျာလေးကို တစိမ့်စိမ့်ဖတ်ပြီး ရင်ထဲက ခံစားချက်တွေကို ဖြေဖျောက်လိုက်ပါနော်…ငါ သွားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



နေမင်းကိုကိုက ဇာခြည်လင်းကို နှုတ်ဆက်ပြီး နေကြာပွင့်ပခုံးလေးကိုဖက်ကာ ချစ်သူ့လမ်းကြားထဲမှထွက်ခွာသွားတော့သည်။

ဇာခြည်လင်းက မျက်ရည်လည်ရွဲဖြင့် ချစ်သူနှစ်ဦး၏တရွေ့ရွေ့ဝေးသွားသော နောက်ကျောကိုကြည့်ရင်း ကြေကွဲဆို့နင့်လို့…

ထို့နောက် မျက်ရည်ကိုသုတ်ပြီး နေမင်းကိုကို စပ်ပေးသွားသောကဗျာလေးကို ကြည့်လိုက်သည်။

'ကိုကိုရယ်…ကိုကို့ရဲ့အချစ်ကို မရတော့ပေမယ့် ကိုကိုအမှတ်တရစပ်ပေးသွားတဲ့ ကဗျာလေးကိုပဲ ဖတ်ပြီး အလွမ်းဖြေတော့မယ်နော်'

ဇာခြည်လင်း နေမင်းကိုကို သူ့အတွက် ရေးဖွဲ့သွားသော ကဗျာကိုဖတ်ပြီးနောက် အသားတွေတဆတ်ဆတ်တုန်လာပြီး ငမြွေထိုးငွေ့းဟူသော အာခေါင်သံကြီးနှင့် အော်၍ ခွေ့ခွေ့ခုန်ကျွန်ခဲ့တော့သည်။

BURMESE CLASSIC

ကျားနဲ့သမင် ချစ်ကျွမ်းဝင်
ကြောင်နဲ့ကြွက်က ပခုံးဖက်
နဂါး ဂဠုန် ဖူးစာဆုံ
မိကျောင်းနဲ့ ဆိတ် အတူအိပ်မှ
နင့်ကိုကြိုက်မယ် ကလေးမရယ်….။

[illegible]

ဆောင်းညဖြာသိုစာဆေ

www.burmeseclassic.com